# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**အမျက်ဒေါသ မရှိ**

အမျက်ဒေါသသည် ဆင်းရဲစေ၏။ စိုးရိမ်ပူပန်ရ၏။ ထို့ကြောင့် အမျက်ဒေါသကို ပယ်နိုင်ရန် သည်းခံတတ်သော စိတ်ကို မွေးမြူရာ၏။ အမျက်ဒေါသမရှိ သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော ရဟန္တာမြတ်တို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့ကြည်ညိုရာ၏။ **ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၄၀၀)**


၁၃၇၈ ခုနှစ်၊ ဝါခေါင်လကွယ်နေ့ | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၃၂)


# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအား ဂုဏ်ပြုပါ၏။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂) (MICC–2) ၌ ကျင်းပသည်။

**ဖွင့်ပွဲတက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်** (သတင်းစဉ်)

# မအောင်မြင်ခဲ့တဲ့ သမိုင်းဖြစ်စဉ်တွေကို သင်ခန်းစာယူပြီး ကျွန်မတို့ခေတ်မှာ အားလုံးစုပေါင်းပြီး သမိုင်းသစ်ကို ရေးသား



နေပြည်တော် ဩဂုတ် ၃၁

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် အဖွင့်မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ယနေ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံညီလာခံဖွင့်ပွဲအခမ်းအနားကို ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ၊ ကိုယ်စားလှယ်များနဲ့တကွ၊ ယခုလိုအချိန်အခါမှာ ကျွန်မတို့နဲ့စိတ်အားဖြင့်အတူရှိနေသူများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒအဝဝနဲ့ ပြည့်စုံကြပါစေလို့ ပဏာမအားဖြင့် ဆုတောင်းမေတ္တာပို့သပါတယ်။

ဒီခန်းမကြီးဟာ ငြိမ်းချမ်းရေးကို မြတ်နိုးတန်ဖိုးထားတဲ့ ဧည့်သည်တော်များ၊ ကိုယ်စားလှယ်များနဲ့သာ ပြည့်နေရုံမက၊ ကမ္ဘာတစ်ဝန်းက ကျွန်မတို့အပေါ် စိတ်ကောင်းစေတနာထားတဲ့ မိတ်ဆွေများရဲ့ မျှော်လင့်ချက်တွေ၊ ကျွန်မတို့ ပြည်သူပြည်သားတွေရဲ့

*စာမျက်နှာ ၅ ကော်လံ ၁* ❖




မြန်မာ့အလင်း

# အကုန်မရ၊ ဘာမှမယူ

နယ်ချဲ့ဗြိတိသျှထံမှ တိုင်းပြည်လွတ်လပ်ရေး ရယူမည် ဆိုသောအခါ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော အမျိုးသားခေါင်းဆောင်ကြီးများနှင့် လက်ဝဲအင်အားစုတို့ကြား သဘောကွဲလွဲခဲ့ကြပါသည်။ လက်ဝဲအင်အားစုတို့သည် နယ်ချဲ့ဗြိတိသျှတို့ထံမှ စေ့စပ်ညှိနှိုင်းရယူမည့် လွတ်လပ်ရေးသည် ရာနှုန်းပြည့်လွတ်လပ်ရေးမျိုးမဖြစ်နိုင်၍ လက်မခံဟု ခံယူကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော အမျိုးသားခေါင်းဆောင်ကြီးများသည် ဒုတိယကမ္ဘာစစ်အတွင်း နှစ်ကြိမ်နှစ်ခါ အထိနာခဲ့သော တိုင်းပြည်နှင့် ပြည်သူလူထုအား အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းသောနည်းလမ်းဖြင့် လွတ်လပ်ရေးရယူရန် ဆုံးဖြတ်ခဲ့ပါသည်။ လက်ဝဲအင်အားစုတို့၏ အယူဝါဒအခြေခံ "အကုန်မရ၊ ဘာမှမယူ"ဟူသော မစေ့စပ်တမ်းသဘောထားကြောင့် ဖြစ်ပွားခဲ့ရသည့် ပြည်တွင်းစစ်ကို ယနေ့ထက်တိုင် အပြီးမငြိမ်းသတ်နိုင်သေးပါ။

ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၌ "အကုန်မရ၊ ဘာမှမယူ"ဟူသော သဘောထားကို အခြားသော မျက်နှာစာတစ်ဖက်မှ တွေ့မြင်ခဲ့ရပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် အချိန်တိုအတွင်း၊ မည်သို့သော ကြိုတင်ပြင်ဆင်မှုမျိုးမှ ဆောင်ရွက်ထားခြင်းမရှိသော အခြေအနေမျိုး၌တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းအားလုံးကို ပြည်သူပိုင်သိမ်းယူခဲ့ပါသည်။ တိုင်းပြည်၏စီးပွားရေးတစ်ရပ်လုံးအား ပြောင်းပြန်လှန်၍ ပရမ်းပတာ ဖရိုဖရဲစီမံခန့်ခွဲသောအခါ တိုင်းပြည်သည် ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံဘဝသို့ဆိုက်ရောက်ခဲ့ရပါသည်။ တိုင်းပြည်၏စီးပွားရေးကို မှောင်ခိုစီးပွားရေးလက်ထဲသို့ ဝကွက်ထိုးအပ်ခဲ့ရပါသည်။ လက်ယာစိုက်ပျိုးရေးလုပ်ငန်း၏ အခြေခံတို့ ပြိုလဲခဲ့ရပါသည်။ တိုင်းပြည်သည် ယနေ့တိုင် ဤဒဏ်ရာဒဏ်ချက်တို့ကို ခံစားနေရဆဲဖြစ်ပါသည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကြီး၏ အုတ်မြစ်ချပေးမည့် (၂၁)ရာစုပင်လုံညီလာခံ၌ "အကုန်မရ၊ ဘာမှမယူ" ဟူသော သဘောတရားလေသံတို့ကို ကြားရသောအခါ စိုးရိမ်မိပါသည်။ (၂၁)ရာစု၌ ဤအမြင်၊ ဤအတွေးတို့ မရှိသင့်တော့ဟု ယူဆမိပါသည်။ (၂၁)ရာစုပင်လုံညီလာခံ၌ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းအားလုံး ပါဝင်နိုင်ရေးကို မနားမနေ၊ ခွန်စိုက်အားစိုက်ကြိုးပမ်းခဲ့သည်မှာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အသိပင်ဖြစ်ပါသည်။ ဤနေရာ၌ စဉ်းစားရမည်မှာ တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းသုံးရပ် မပါဝင်နိုင်သေးခြင်းအပေါ် အခြေခံ၍ ပြည်ထောင်စု၏ အနာဂတ်လမ်းကြောင်းကို ရွေးချယ်မည်လော၊ လက်ဝယ်ရရှိပြီး တိုးတက်မှုတို့ကို အခြေခံ၍ ပြည်ထောင်စု၏ အနာဂတ်လမ်းကြောင်းကို ရွေးချယ်မည်လောဟူသော နည်းလမ်းနှစ်သွယ်အနက် သင့်တော်သောနည်းလမ်းကို ရွေးချယ်ရန်ဖြစ်ပါသည်။ နှစ်ပေါင်း ၇၀ နီးပါးဖြတ်သန်းခဲ့ရသော ပြည်တွင်းစစ်ကိုနောက်ခံထား သုံးသပ်ပါက အချိန်တိုအတွင်း ရာနှုန်းပြည့် ကျေနပ်ဖွယ်ရာ အဖြေတစ်ရပ်ကို မည်သည့်အင်အားစုမှ မရနိုင်သည်မှာ သမိုင်းအမှန်တရားဖြစ်ပါသည်။

သုံးဖွဲ့မှအပ ကျန်တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) မှတစ်ဆင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးကို ဆောင်ရွက်မည်ဟူသော အနေအထားသည် မလွဲမသွေ၊ ချက်ချင်းလက်ငင်း ဆုပ်ကိုင်ရမည့် အနေအထားဖြစ်ပါသည်။ ဤသုံးဖွဲ့ နောင်တစ်ချိန်ပါဝင်ရေးသည် ဖွင့်ထားသောတံခါးဖြစ်၍ ဆက်လက်ညှိနှိုင်းဆွေးနွေးနိုင်သောကိစ္စရပ်ဖြစ်ပါသည်။ (၂၁)ရာစုပင်လုံညီလာခံ၌ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့သုံးဖွဲ့ မပါဝင်နိုင်ခြင်းအပေါ် အခြေခံ၍ တစ်စုံတစ်ရာ ကန့်ကွက်မည်ဟူသော သဘောထားသည် ပြည့်လုပြည့်ခင်ရေထုထည်ကို မမြင်၊ ပြည့်ရန်ကျန်နေသော ရေထုထည်ကိုသာ မြင်သည်ဟူသော သဘောတရားမျိုး ဖြစ်နေပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ဖြေရှင်းရန်ကျန်နေသေးသည့် ပြဿနာရပ်တို့ကို မမေ့မလျော့နှလုံးသွင်းကိုင်တွယ်ရန် လိုအပ်သကဲ့သို့ လက်ဝယ်ရရှိပြီး အောင်မြင်မှုတို့ကို ကျစ်လျစ်သည်ထက်ကျစ်လျစ်၊ ခိုင်မာသည်ထက် ခိုင်မာစေရန် စုစည်းကျစ်လျစ်ခိုင်မာစေရမည်ဖြစ်ပါသည်။




## (၂၁)ရာစုပင်လုံညီလာခံအား ထောက်ခံ ကန့်ဘလူမြို့၌ ဆိုင်းဘုတ်စိုက်ထူပွဲကျင်းပ

**ကန့်ဘလူ ဩဂုတ် ၃၁**

ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ဂုဏ်ပြုကြိုဆိုထောက်ခံပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့ ခန်းမရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သူဟန်ထွန်း၊ ဒေါ်ခင်မျိုးချစ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်တို့ တက်ရောက်ကြပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဆိုင်းဘုတ်ကို စုပေါင်းစိုက်ထူကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီပုထိုးများ ပြင်ဆင်မွမ်းမံရန် လိုအပ်လျက်ရှိ

**ချောက် ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ဩဂုတ် ၂၄ ရက်က ဥယျာဉ်အုပ်စု ဥယျာဉ်ကျေးရွာ (အရှေ့)ဘက်ရွာရှိ ရှင်ပင်စာကြိုလှ ဘုရားပရိဝုဏ်အတွင်းရှိ ခိုမင်းဘုရားကြာမောက် ကြာလှန်အထက်ပြတ်၍ ထီးတော်မြေခြင်း၊ ပရိဝုဏ်အတွင်းရှိ ကြာဋ္ဌဝတီဘုရားကွမ်းတောင်အထက်ပြတ်၍ စေတီလုံးအနောက်တောင်ဘက်သို့ ရွေ့လျားခြင်း၊ နက္ခတ်တာရာ ရုပ်စုံတန်ဆောင်း၊ အထက်မုခ်ဦးပန်းနှင့် ဘေးပန်းတောင် ကနုတ်ပန်းများပျက်စီးခြင်း၊ အထက်ပစ္စယံမြောက်ဘက်မုခ် ပေါက်အက်ကွဲယိုင်နဲ့ခြင်း၊ ရှင်ပင်စာကြိုလှဘုရားပရိဝုဏ်အတွင်းရှိ ဝေဠုဝတီဘုရား ကြာမောက်ကြာလှန်ကွဲအက်ခြင်း၊ ရှင်ပင်စာကြိုလှဘုရားကွမ်းတောင်အထက် ပျက်စီး၍ စိန်ဖူးတော်စောင်းခြင်းများဖြစ်ပေါ်လျက်ရှိသည်။

ထို့အပြင် ဥယျာဉ်အုပ်စု အုန်းဘွဲ့တောကျေးရွာ ရှင်ပင်ချမ်းသာမြတ်စွာဘုရား ကွမ်းတောင်အောက်စေတီလုံးအက်ကွဲခြင်းများဖြစ်ပေါ်ခဲ့ရာ အဆိုပါပျက်စီးမှုကို ပြင်ဆင်မှု များပြုလုပ်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



## မှူခင်းပညာပေး မိုဘိုင်းမော်တော်ယာဉ် တောင်ငူခရိုင်အတွင်းပြသ



**ရေတာရှည် ဩဂုတ် ၃၁**

မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းများလျော့ကျစေရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦးနှင့် တောင်ငူခရိုင် ဒုတိယရဲမှူးကြီး သန်းထွန်းတို့ ဦးဆောင်မှုဖြင့် မှုခင်းပညာပေး မိုဘိုင်းမော်တော်ယာဉ်သည် ဩဂုတ် ၂၉ ရက်က ရေတာရှည်မြို့ အမှတ်(၃) ရပ်ကွက်ရှိ အထက်တန်းကျောင်း၊ ဆွာ၊ သာဂရမြို့(အထက)၊ မြို့လှမြို့ အုပ်ချုပ်ရေးမှူးရုံးရှေ့ ရေနီမြို့ (အထက)ကျောင်းရှေ့တို့တွင် ပညာပေးယာဉ်အားရပ်တန့်၍ပြသထားခဲ့ရာ ပြည်သူနှင့် ကျောင်းသား ကျောင်းသူ ၂၀၀၀ ကျော် လာရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃၁-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၂၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၈၀ / ၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၅၀ / ၅၈၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၀၃.၇ |
| ဥရောပ | တစ်ယူရို | ၁၃၅၄.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၈.၂၈ |
| ထိုင်း | တစ်ဘတ် | ၃၄.၇၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၉၂၀ |
| တရုတ် | တစ်ယွမ် | ၁၈၀.၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၉၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

※ *ရှေ့ဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်သားအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပါဝင်သင့် ပါဝင်ထိုက်သူအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ဒုတိယဥက္ကဋ္ဌ နော်စီဖိုးရာစိန်၊ KKO ဥက္ကဋ္ဌစောမူရှေး၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်၊



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနား၌ အဖွင့်မိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား တွေ့ရစဉ်** (သတင်းစဉ်)

ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA–PC) ဒုတိယဥက္ကဋ္ဌ စောထော့လေး၊ အထွေထွေအတွင်းရေးမှူး နော်ကပေါ်ထူး၊ ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS/SSA) ဒုတိယစစ်ဦးစီးချုပ် ဘောင်ခေး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နာယက ခွန်ဥက္ကာ၊ ဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဗဟိုကော်မတီဝင် ဒေါ်စောမြရာဇာလင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ရဲဘော်သံခဲ၊ ချင်းအမျိုးသားတပ်ဦး (CNF) မှ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ "ဝ" တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (UWSA ) စစ်ဒေသ ၁၇၁ မှ ဆမ်လော့၊ အထူးဒေသ (၄) မိုင်းလားငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလင်း၊ ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (KIO) ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လ၊ ဒုတိယဥက္ကဋ္ဌ-၁ ဗိုလ်ချုပ်ဂွမ်မော်၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဒုတိယဥက္ကဋ္ဌ ခူဦးရယ်၊ စစ်ရေးချုပ်အဆင့်ရှိ ဖုန်းနိုင်၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) ဗဟိုကော်မတီဝင် စိုင်းဒူး၊ မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)မှ ကိုယ်စားလှယ်များ၊ နိုင်ငံခြား သံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ် (သတင်းစဉ်)

ရှေးဦးစွာ ညီညွတ်မှုအခြေခံ ပင်လုံညီလာခံသီချင်းဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက သီဆိုကပြဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ အဖွင့်မိန့်ခွန်းကို ရှေ့ဖုံးတွင် သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ကချင်အမျိုးသား လွတ်မြောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ **(၎င်းတို့၏ နှုတ်ခွန်းဆက်စကားများကို စက်တင်ဘာ ၂ ရက်နေ့ထုတ် သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။)**

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြေညီထပ်ရှိ ညှိနှိုင်းခန်းမဆောင်၌ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားအဖွဲ့များမှ တာဝန်ရှိသူများသည် နိုင်ငံတကာမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ အစိုးရနှင့်လွှတ်တော်တို့မှ ကိုယ်စားလှယ်များနှင့် လည်းကောင်း စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**







နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်း- ရှေ့ဖုံး) (သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနား၌ ညီညွတ်မှုအခြေခံ ပင်လုံညီလာခံသီချင်းဖြင့် အနုပညာရှင်များက သီဆိုကပြဖျော်ဖြေကြစဉ် (အပေါ်ယာပုံ)၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ (ယာပုံ) (သတင်း- ရှေ့ဖုံး) (သတင်းစဉ်)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ






နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ညီလာခံဖွင့်ပွဲအခမ်းအနားနှင့် ညီလာခံဆွေးနွေးပွဲများသို့ တက်ရောက်လာကြသူများအားဂုဏ်ပြုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ် (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ညီလာခံ ဖွင့်ပွဲအခမ်းအနားနှင့် ညီလာခံဆွေးနွေးပွဲများသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုတည်ခင်းဧည့်ခံသည့် ညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2)တွင် ကျင်းပသည်။

ညစာစားပွဲမစတင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်သားအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပါဝင်သင့် ပါဝင်ထိုက်သူအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ရှမ်းပြည်နယ် မိုင်းလားဒေသ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့နှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အကများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**





## ပြည်ထောင်စုကြီးတစ်ခုလုံးရဲ့ ငြိမ်းချမ်းရေးမျှော်လင့်ချက်တွေ၊ စိတ်ကူးအိပ်မက်တွေကို ဖြည့်ဆည်းပေးနိုင်မလားဆိုတာကတော့ ဒီကနေ့ ညီလာခံခန်းမကြီးထဲမှာ ရောက်ရှိနေကြတဲ့ ခေါင်းဆောင်တွေ အားလုံးအပေါ်မှာ မူတည်နေ

## ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရမှသာ ကျွန်မတို့တိုင်းပြည် ကြီးပွားတိုးတက်မှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ မတူကွဲပြားမှုတွေဟာ ပျော်ရွှင်ဂုဏ်ယူဖွယ်ဖြစ်လာပါမယ်။ နောက်ဆုံး ကျွန်မတို့ရဲ့ပြည်သူလူထုဟာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ရင်သွေးတွေအဖြစ်နဲ့ မိမိတို့ရဲ့ ပင်ကိုအရည်အချင်းတွေကို ဖော်ထုတ်ပြီး ပွဲလယ်တင့်နိုင်

❖ ရှေ့ဖုံးမှ

အိပ်မက်တမ်းတချက်တွေနဲ့ လျှံနေပါတယ်။ ဒီမျှော်လင့်ချက်တွေဖြည့်ဆည်းပေးဖို့၊ ဒီအိပ်မက်တွေ အကောင်အထည်ဖော်ပေးဖို့ဆိုတာ လွန်စွာကြီးမားတဲ့ တာဝန်ကြီးဖြစ်ပါတယ်။ ကြီးမားပေမယ့် ကြီးလေးတယ်လို့တော့ မဆိုလိုပါဘူး။

ပြည်တွင်းငြိမ်းချမ်းရေးဆိုတဲ့ အနှိုင်းမဲ့ပျော်ရွှင်ချမ်းမြေ့မှုကြီးကို မခံစားသွားရရှာတဲ့ ဒီလောကကြီးမှ ထွက်ခွာသွားပြီဖြစ်တဲ့ နိုင်ငံချစ် ပုဂ္ဂိုလ်တွေအပေါ် သစ္စာစောင့်သိခြင်း၊ လက်ရှိ ပစ္စုပ္ပန်ကာလမှာ ငြိမ်းချမ်းမှုမရှိခြင်းရဲ့ ဒုက္ခတွေကို ခါးစည်းခံနေရတဲ့ ပြည်သူတွေအပေါ် ထားအပ်တဲ့ ကရုဏာကို အတည်ပြုခြင်း၊ ကျွန်မတို့ထားခဲ့မယ့် ကောင်းမွေဆိုးမွေမှန်သမျှကို ဆက်ခံရမယ့် အနာဂတ်မျိုးဆက်တွေအားလုံးအပေါ် မေတ္တာသက်သေထူခြင်းအရ ထမ်းဆောင်ရမယ့်တာဝန်ဆိုတာ ကြီးလေးလွန်းတယ်လို့ မရှိနိုင်ပါဘူး။ သမိုင်းမှတ်ကျောက်တင်လောက်တဲ့ လုပ်ငန်းကြီးတစ်ခု အောင်မြင်အောင်လုပ်နိုင်ဖို့ ဘာနဲ့မှမတူ၊ ထူးခြားတဲ့အခွင့်အရေးကြီးတစ်ရပ် ရခြင်းဖြစ်ပါတယ်။

ဒီအခွင့်အရေးကြီးကို ကျွန်မတို့အားလုံး ပညာ၊ သတ္တိ၊ လုံ့လ ဝီရိယတို့နဲ့ မိမိရရ ဆုပ်ကိုင်ပြီး အလင်းရောင်သန်းတဲ့ အနာဂတ်တစ်ရပ် ဖော်ထုတ်ကြပါစို့၊ မတူညီတဲ့အမြင် သဘောထားတွေကို ပြည်သူတွေကောင်းကျိုးအတွက် ညှိနိုင်စွမ်းဖြစ်စေတဲ့ ပညာ၊ လက်ခံသင့်တဲ့ အတွေးအခေါ်၊ အပြုအမူသစ်တွေကို လက်ခံရဲတဲ့သတ္တိ၊ ခက်ခဲတဲ့လုပ်ငန်းတွေကို အောင်မြင်သည်အထိဆောင်ရွက်နိုင်တဲ့ ဝီရိယတို့နဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖြစ်စဉ်ကြီးမှာ ပါဝင်နေသူများအားလုံး မိမိတို့ရဲ့ကဏ္ဍကြီးငယ်မရွေး ကြိုးပမ်းသွားမယ်ဆိုရင် ကျွန်မတို့မျှော်မှန်းတမ်းတနေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်ထူထောင်စဉ်ကစပြီး "ပင်လုံစိတ်ဓာတ်" ကို အခြေခံတဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေ ကျင်းပပြုလုပ်ဖို့ ရည်ရွယ်ခဲ့ပါတယ်။ ဆွေးနွေးပွဲတွေဟာ တန်းတူရည်တူအခွင့်အရေးတွေကို အာမခံခြင်း၊ ပြည်ထောင်စုသားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ အပြန်အလှန် ယုံကြည်မှုရယူပြီး ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းတို့အပေါ် အခြေခံမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာတဲ့အမျိုးသားရင်ကြားစေ့ရေးမူကို အခြေခံတဲ့ အစိုးရကလည်း ဒီရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ စိတ်အားထက်သန်ပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီချက် (Nationwide Ceasefire Agreement (NCA) ) ဆိုတာ ငြိမ်းချမ်းရေးအတွက်သာမကဘဲ ကျွန်မတို့အားလုံး ရှည်ကြာစွာမျှော်မှန်းခဲ့တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ပထမဆုံးခြေလှမ်းဖြစ်ပါတယ်။ NCA နဲ့ပတ်သက်လို့ လက်မှတ်ထိုးတဲ့အဖွဲ့တွေရှိသလို အကြောင်းကြောင်းကြောင့် မထိုးရသေးတဲ့ အဖွဲ့တွေလည်း ရှိနေပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်ပြီး ပြုလုပ်တဲ့အခါမှာ NCA ကိုအခြေခံပြီးဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ကျွန်မတို့အစိုးရသစ်လက်ထက်မှာ NCA လက်မှတ်ထိုးဖို့ ကျန်နေသေးတဲ့အဖွဲ့တွေ ပါဝင်လာနိုင်အောင် အထူးအလေးထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားရင်ကြားစေ့ရေးဟာ ပြည်ထောင်စုသားအားလုံးနဲ့ ဆိုင်ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ အချင်းချင်းအကြားက သင့်မြတ်ရေးလည်းပါဝင်ရပါမယ်။ NCA လက်မှတ်ထိုးပြီးသားအဖွဲ့နဲ့ NCA မထိုးရသေးတဲ့အဖွဲ့တွေကြားမှာ ဝိဝါဒကွဲပြားမှုတွေဖြစ်ပေါ်နေရင် ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးခရီးဟာ နှောင့်နှေးကြန့်ကြာမှုတွေဖြစ်လာနိုင်ပါတယ်။ ကျွန်မတို့ တိုင်းရင်းသားအချင်းချင်းကြားမှာ နားလည်မှုလွဲမှားတာတွေ၊ စိတ်ဝမ်းကွဲပြားမှုတွေမရှိစေဖို့ ဘုံသဘောတူညီချက်ဖြစ်တဲ့ NCA ရဲ့ ထီးရိပ်အောက်မှာအားလုံးရောက်ရှိလာအောင် ကျွန်မတို့ကြိုးပမ်းနေတာပဲဖြစ်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲအပြီးမှာ အစိုးရဖြစ်လာတဲ့ ကျွန်မတို့ဟာ မဲဆန္ဒရှင်များ အပ်နှင်းလိုက်တဲ့ လုပ်ပိုင်ခွင့်အာဏာအရ၊ နိုင်ငံသူနိုင်ငံသားတွေ ခေတ်အဆက်ဆက်မျှော်လင့်တောင့်တခဲ့ကြတဲ့၊ ရေရှည်တည်တံ့ခိုင်မြဲမယ့် ငြိမ်းချမ်းရေးကိုရယူပေးဖို့ ကြိုးပမ်းရန်ဆုံးဖြတ်ခဲ့ပါတယ်။

ကျွန်မတို့ရဲ့ ပြည်ထောင်စုသားအားလုံးအပေါ် ယုံကြည်မှုအပြည့်အဝနဲ့ ငြိမ်းချမ်းရေးခရီးကိုလျှောက်လှမ်းဖို့ ကျွန်မတို့စတင်ခဲ့တာပါ။ ကျွန်မတို့နိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ အမျိုးသားညီညွတ်ရေး မတည်ဆောက်နိုင်သမျှကာလပတ်လုံး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို ဘယ်လိုမှ တည်ဆောက်နိုင်မှာမဟုတ်ပါဘူး။ ကျွန်မတို့အားလုံးညီညွတ်မှ ကျွန်မတို့နိုင်ငံငြိမ်းချမ်းမယ်။ ကျွန်မတို့နိုင်ငံငြိမ်းချမ်းမှ အခြားဒေသတွင်း နိုင်ငံတွေ၊ ကမ္ဘာ့တစ်ဝန်းနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်မှာပါ။

အချိန်လွန်နေပြီဖြစ်တဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် ကျွန်မတို့ဆွေးနွေးရမယ်။ ညှိနှိုင်းရမယ်။ ဒီလိုမျိုး နိုင်ငံရေးစားပွဲဝိုင်းမှာ စေ့စပ်ညှိနှိုင်းအဖြေရှာကြမယ်ဆိုရင် အားလုံးသဘောတူလက်ခံတဲ့ မူဘောင်တစ်ခု မရှိမဖြစ်လိုအပ်ပါတယ်။ NCA သဘောတူညီချက်အရ နိုင်ငံရေးဆွေးနွေးမှု မူဘောင် (Political Dialogue Framework) ကို ပြီးခဲ့တဲ့ကာလမှာ ရေးဆွဲစဉ်ကတည်းက ပြောင်းလွယ်ပြင်လွယ် ဆောင်ရွက်နိုင်အောင် လုပ်ကြဖို့ ကျွန်မတို့ တိုက်တွန်းခဲ့ပါတယ်။ ရွေးကောက်ပွဲအပြီးမှာ နိုင်ငံရေးအခင်းအကျင်းတွေ ပြောင်းလဲလာနိုင်တဲ့ မျှော်မှန်းချက်တွေအရ ကျွန်မတို့ ဒီလိုတိုက်တွန်းခဲ့တာပဲဖြစ်ပါတယ်။ ကျွန်မတို့အစိုးရအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ စတင်ဆောင်ရွက်စဉ်ကစပြီး နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပြန်လည်သုံးသပ်ရေးလုပ်ငန်းတွေကို NCA လက်မှတ်ထိုးပြီးသားအဖွဲ့တွေနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ လက်မှတ်မထိုးရသေးတဲ့ လက်ကျန်အဖွဲ့တွေလည်း မူဘောင်သုံးသပ်ရေးလုပ်ငန်းစဉ်မှာ ပါဝင်လာနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

လက်နက်ကိုင်ပဋိပက္ခတွေရဲ့ မူလဇာစ်မြစ်ဖြစ်တဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ အဓိကလိုအပ်ချက်ဟာ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုနဲ့ ပူးပေါင်းအဖြေရှာနိုင်ဖို့ ဖြစ်တယ်ဆိုတာကို အမြဲပဲခံယူထားခဲ့ပါတယ်။ ပြည်သူလူထုအားလုံးရဲ့လွတ်လပ်ရေးအတွက် မျှော်လင့်ချက်တွေကို ညီညွတ်ခြင်း၊ ပေါင်းစည်းခြင်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တဲ့ ပင်လုံစိတ်ဓာတ်ဟာဆိုရင် ကျွန်မတို့ လက်ရှိ ရောက်ရှိနေတဲ့ (၂၁)ရာစုအတွက်လည်း မရှိမဖြစ်လိုအပ်ချက်ဖြစ်နေပါတယ်။ ကျွန်မတို့အားလုံးမျှော်မှန်းတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မယ်ဆိုရင် ကျွန်မတို့တိုင်းရင်းသားတွေအားလုံး ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီး တန်းတူရည်တူစုပေါင်း ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်စေမယ့် (၂၀)ရာစုပင်လုံညီလာခံနဲ့ တူညီတဲ့ (၂၁)ရာစု ညီလာခံတစ်ခုကျင်းပနိုင်ဖို့ အထူးပဲလိုအပ်ပါတယ်။ ဒါဟာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး စတင်ဖြစ်ပေါ်လာခဲ့တဲ့ နောက်ခံအတွေးအခေါ်ပဲဖြစ်ပါတယ်။

ကျွန်မတို့အစိုးရရဲ့ ဦးစားပေးလုပ်ငန်းစဉ်ကြီးတစ်ခုအနေနဲ့ ဒီညီလာခံ စတင်ကျင်းပနိုင်ဖို့အတွက် ၂၀၁၆ ခုနှစ် မေလ ၉ ရက်နေ့ကစတင်ပြီး ဆောင်ရွက်တာ ဖြစ်ပါတယ်။ ညီလာခံအကြိုပြင်ဆင်ရေးကော်မတီဖွဲ့စည်းပြီး တစ်ဖက်မှာလည်း Myanmar Peace Center ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ ဒီနေရာမှာ အခွင့်ကြုံတုန်း MPC ကို ထူထောင်ပြီး အပစ်အခတ်ရပ်စဲရေးအတွက် ကြိုးပမ်းခဲ့တဲ့ သမ္မတဟောင်း ဦးသိန်းစိန် ဦးဆောင်ခဲ့တဲ့ အစိုးရအဖွဲ့ကို ဂုဏ်ပြုပါတယ်။ ယခင်အစိုးရရဲ့ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ချက်များအပေါ် ကျွန်မတို့ ယခုဆက်လက်ပြီး တည်ဆောက်သွားပါမယ်။

NCA အရ ပေါ်ပေါက်လာတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)ကို ပြင်ဆင်ဖွဲ့စည်းရာမှာ ကျွန်မကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး UPDJC အစည်းအဝေးကိုနှစ်ကြိမ်ကျင်းပခဲ့ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး (JICM) ကိုလည်း တစ်ကြိမ်ခေါ်ယူကျင်းပနိုင်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးပြီးသားအဖွဲ့တွေရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ နှစ်ကြိမ် တွေ့ဆုံခဲ့ပါတယ်။ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့များနှင့် ပတ်သက်၍ဆိုလျှင် UNFC ခေါင်းဆောင်တွေနဲ့ ရန်ကုန်မြို့မှာ တွေ့ဆုံခဲ့ပြီးတော့ "ဝ" အထူးဒေသ(၂)နဲ့ အထူးဒေသ(၄)မိုင်းလားက ခေါင်းဆောင်တွေနဲ့ နေပြည်တော်မှာ တွေ့ဆုံခဲ့ပါတယ်။

ညီလာခံကျင်းပတဲ့အခါမှာ ကျွန်မတို့ အစိုးရသက်သက်ချည်းမဟုတ်ဘဲ အစိုးရ၊ လွှတ်တော်နဲ့တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နဲ့ နိုင်ငံရေးပါတီများအစုအဖွဲ့စတဲ့သုံးပွင့်ဆိုင်ပူးတွဲကျင်းပတဲ့ အနေအထားမျိုးဖြစ်အောင် ပူးတွဲကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှာလည်း NCA ထိုးပြီးသားအဖွဲ့ရော၊ မထိုးရသေးတဲ့အဖွဲ့တွေရော ပါဝင်အောင်အားလုံးညှိနှိုင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ရမယ့်အလုပ်တွေများပြားလှတာကြောင့် ညီလာခံကျင်းပမယ့်အချိန်ကို ရွှေ့ဆိုင်းပေးဖို့ တချို့ပြောကြတာတွေတောင် ရှိပါတယ်။ ဒါပေမယ့်လည်း ကျွန်မတို့အားလုံးလည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အားကြိုးမာန်တက် ဆောင်ရွက်နိုင်ခဲ့ကြလို့ နှစ်ပေါင်းများစွာကတည်းက ကျင်းပသင့်ခဲ့တဲ့ ညီလာခံကြီးကိုအခုလို အောင်အောင်မြင်မြင်ကျင်းပနိုင်ပါပြီ။

ဒီအတွေ့အကြုံကြောင့် ပါဝင်ပတ်သက်သူတွေအကြားက ယုံကြည်မှုတွေကို ပိုမိုပြီးခိုင်မာလာစေခဲ့ပြီ ဖြစ်ပါတယ်။ မတူကွဲပြားတဲ့ သဘောထားအမြင်တွေ ရှိခဲ့ကြပေမယ့်လည်း ကျွန်မတို့အားလုံး(၂၁)ရာစု ပင်လုံညီလာခံအောင်မြင်ရေးကို ဘုံရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြလို့ အခုလို ဒီနေရာမှာစုစည်းနိုင်ခဲ့ကြတာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေဟာ ရာစုနှစ်တစ်ဝက်ကျော်၊ နှစ်ပေါင်း(၇၀)နီးပါး သက်တမ်းရှည်ကြာခဲ့ပြီဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ ပြည်တွင်းစစ်ချုပ်ငြိမ်းဖို့ နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းရေးပန်းတိုင်နဲ့ အလှမ်းကွာဝေးခဲ့ရပါတယ်။ မအောင်မြင်ခဲ့တဲ့ သမိုင်းဖြစ်စဉ်တွေကို ကျွန်မတို့ သင်ခန်းစာယူပြီး ကျွန်မတို့ခေတ်၊ ကျွန်မတို့အချိန်အခါမှာ ကျွန်မတို့အားလုံး စုပေါင်းပြီး သမိုင်းသစ်ကို ရေးသားကြရမှာပဲဖြစ်ပါတယ်။

အခုဆိုရင် တစ်နိုင်ငံလုံးမှာရှိနေကြတဲ့ ကျွန်မတို့ရဲ့နိုင်ငံသူနိုင်ငံသားတွေအားလုံးဟာ စိုးရိမ်မျှော်လင့်ချက်များနဲ့ စောင့်ကြည့်နေကြပါပြီ။ မငြိမ်းချမ်းသေးတဲ့ နယ်မြေဒေသတွေမှာ ရှိနေတဲ့ကျွန်မတို့ရဲ့တိုင်းရင်းသူတိုင်းရင်းသားတွေဟာလည်း ကျွန်မတို့ရဲ့ ညီလာခံကြီးဘယ်လိုဖြစ်လာမလဲဆိုတာကို အားကိုးတကြီး စောင့်မျှော်နေကြပြီဖြစ်ပါတယ်။ စစ်ဘေးရှောင်ဖို့ ဟိုဟိုဒီဒီ ပြေးလွှားနေကြရတဲ့ ဒုက္ခသည်တွေထဲမှာ အရွယ်အမျိုးမျိုးပါနေပါတယ်။ သူတို့အားလုံးရဲ့ မျှော်လင့်ချက်တွေ မှေးမှိန်အားပျော့နေတာကြာခဲ့ပါပြီ။ ဒီတစ်ခါတော့ ဘယ်လိုများဖြစ်လာမလဲဆိုတာကိုလည်း မဝံ့မရဲမျှော်လင့်နေကြပါတယ်။ သူတို့ရဲ့ဒုက္ခ သုက္ခတွေကို ကျွန်မတို့တွေ မေ့လို့မဖြစ်ပါဘူး။

ဒီကနေ့မှာတော့ ကျွန်မတို့ရဲ့နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ ညှိနှိုင်းအဖြေရှာဖို့ (၂၁)ရာစုပင်လုံညီလာခံကြီးကတစ်ဆင့် ငြိမ်းချမ်းရေးလမ်းကို ကျွန်မတို့စတင်လျှောက်လှမ်းလိုက်ပြီဖြစ်ပါတယ်။ ဘယ်အထိရောက်မလဲ၊ ငြိမ်းချမ်းရေးကို ရောက်အောင် လှမ်းနိုင်မှာလားဆိုတာ မြန်မာသာမက ကမ္ဘာကပါ စောင့်ကြည့်နေကြပါတယ်။ ပြည်ထောင်စုကြီးတစ်ခုလုံးရဲ့ ငြိမ်းချမ်းရေးမျှော်လင့်ချက်တွေ၊ စိတ်ကူးအိပ်မက်တွေကို ဖြည့်ဆည်းပေးနိုင်မလားဆိုတာကတော့ ဒီကနေ့ ညီလာခံခန်းမကြီးထဲမှာ ရောက်ရှိနေကြတဲ့ ခေါင်းဆောင်တွေ အားလုံးအပေါ်မှာ မူတည်နေပါတယ်။

လူ့ဘောင်အသိုင်းအဝိုင်းရဲ့ အစုအဖွဲ့တွေအားလုံး ပါဝင်ပတ်သက်မှုမရှိဘဲ ငြိမ်းချမ်းရေးကို မရရှိနိုင်ပါဘူး။ လူထုအခြေပြု အဖွဲ့အစည်းတွေဟာ တိုင်းရင်းသားဒေသတွေ အပါအဝင် မြန်မာပြည်အနှံ့အပြားမှာ အရေးကြီးပြီး တက်ကြွတဲ့အခန်းကဏ္ဍမှာ နှစ်ပေါင်းများစွာ ပါဝင်ခဲ့ကြပါတယ်။ ကျွန်မတို့တိုင်းပြည်တစ်လွှား ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေရရှိဖို့ အားကြိုးမာန်တက်ဆောင်ရွက်ကြသူတွေ အားလုံးကို ဒီနေရာက ချီးကျူးဂုဏ်ပြုလိုက်ပါတယ်။

အထူးသဖြင့် ကျွန်မတို့ လူငယ်တွေရဲ့ စွမ်းပကားနဲ့ တက်ကြွမှုတွေအတွက် ချီးမွမ်းအားရမိပါတယ်။ ပြီးခဲ့တဲ့ရက်တွေအတွင်းကပဲ လူငယ်တွေဟာ တိုင်းပြည်အနှံ့မှာ (၂၁)ရာစုပင်လုံညီလာခံကို ထောက်ခံကြိုဆိုပွဲတွေပြုလုပ်ခဲ့ကြပါတယ်။ ဒီအတွက်လည်း အထူးကျေးဇူးတင်ပါတယ်။

ပြည်သူလူထုရဲ့ထောက်ခံမှုမရှိဘဲ ဘယ်ငြိမ်းချမ်းရေးဖြစ်စဉ်မှ အောင်မြင်မှာမဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဆိုတာ ခေါင်းဆောင်တွေသက်သက်က အထက်ကချပေးနိုင်တဲ့အရာမဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဆိုတာ ညီလာခံ ခန်းမတွေမှာသာ မွေးဖွားပေါ်ပေါက်လာတာမဟုတ်ပါဘူး။ ငြိမ်းချမ်းရေးအတွက်ပြည်သူအားလုံးရဲ့ တက်ကြွတဲ့ပါဝင်လှုပ်ရှားမှု၊ ထောက်ခံအားပေးမှုတွေ လိုအပ်ပါတယ်။ ပိုမိုကောင်းမွန်တဲ့ အနာဂတ်တစ်ခုပေါ်ပေါက်လာဖို့အတွက် ကျွန်မတို့ တိုင်းသူပြည်သားအားလုံးဟာ မဆုတ်မနစ်တဲ့ သတ္တိနဲ့ သန္နိဋ္ဌာန်ကို အကြိမ်ကြိမ်ပြသခဲ့ပြီး ဖြစ်ပါတယ်။ ရှေ့လာမယ့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေဟာ ဘယ်လောက်ခက်ခဲပါစေ ကိုယ့်ရဲ့ခေါင်းဆောင်တွေဉာဏ်အမြော်အမြင်၊ သတ္တိ၊ စာနာမှုတို့နဲ့ ဆောင်ရွက်ကြမယ်ဆိုရင် ပြည်သူလူထုလိုလားတဲ့ ငြိမ်းချမ်းရေးကို ရနိုင်မှာပါ။ လိုချင်တဲ့ ငြိမ်းချမ်းရေးကို ရနိုင်မှာပါ။

ကျွန်မတို့ ကြိုးပမ်းဆောင်ရွက်မှုတွေဟာ ဒီကနေ့ဒီအခန်းထဲမှာရှိတဲ့ လူတွေရဲ့ အကျိုးစီးပွားအတွက် အဓိကမဟုတ်ပါဘူး။ အနာဂတ်မျိုးဆက်သစ်တွေ စိတ်ရောကိုယ်ပါ ငြိမ်းချမ်းလုံခြုံစွာ ရှင်သန်ကြီးပြင်းလာနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ နောက်လာမယ့် မျိုးဆက်တွေဟာ ပဋိပက္ခတွေ၊ ဆုံးရှုံးနစ်နာမှုတွေကြောင့် စိတ်၊ ခန္ဓာ အနာတရတွေ ဘယ်တော့မှမရသင့်တော့ပါဘူး။

ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရမှသာ ကျွန်မတို့တိုင်းပြည် ကြီးပွားတိုးတက်မှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ မတူကွဲပြားမှုတွေဟာ ပျော်ရွှင်ဂုဏ်ယူဖွယ်ဖြစ်လာပါမယ်။ နောက်ဆုံး ကျွန်မတို့ရဲ့ပြည်သူလူထုဟာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ရင်သွေးတွေအဖြစ်နဲ့ မိမိတို့ရဲ့ ပင်ကိုအရည်အချင်းတွေကို ဖော်ထုတ်ပြီး ပွဲလယ်တင့်နိုင်ကြမှာပါ။

နောက်ဆုံးနိဂုံးချုပ်အနေနဲ့ ကြမ်းတမ်းခက်ခဲလှတဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် မတိမ်းမစောင်းလျှောက်လှမ်းခဲ့နိုင်အောင် အားပေးကူညီခဲ့ကြတဲ့ ကျွန်မတို့ရဲ့ ပြည်သူတွေနဲ့ မိတ်ဆွေတွေကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ကြောင်း ပြောပါရစေ။ မှန်ကန်တဲ့ အဖြေကို အတူတကွ ရှာဖွေဖော်ထုတ်ကြမယ်ဆိုရင် ကျွန်မတို့ရဲ့ အိပ်မက်တွေ လက်တွေ့အကောင်အထည်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။ "ကိုယ့်အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ အိပ်မက်ရှင်ဟာ အားလုံးရဲ့ တကယ့်အရှင်သခင်ဖြစ်တယ်" ဆိုတဲ့စကားရှိပါတယ်။ တစ်တိုင်းပြည်လုံးရဲ့ အိပ်မက်တွေကို အမှန်တကယ်လက်တွေ့အကောင်အထည်ပေါ်လာအောင် လုပ်နိုင်မယ်ဆိုရင် ကျွန်မတို့ဟာ အမှန်တကယ်ကိုယ့်ကိုယ်ကိုယ် လွှမ်းမိုးနိုင်တဲ့ အရှင်သခင်တွေဖြစ်ကြမှာပါ။

ကျွန်မတို့ရဲ့လွတ်လပ်တဲ့ နိုင်ငံရဲ့ဖခင်ကြီးတွေဟာ ကိုယ့်တိုင်းပြည်ရဲ့ကံကြမ္မာကို ကိုယ့်ဘာသာဖန်တီးနိုင်မယ့်အခွင့်အရေးကို မျှော်မှန်းခဲ့ပါတယ်။ ရရှိဖို့ ကြိုးစားခဲ့ပါတယ်။ ရှင်းလင်းတိကျတဲ့ ရေရှည်အမြင်၊ ခိုင်မာတဲ့ သန္နိဋ္ဌာန်တို့နဲ့၊ ညီညွတ်ယုံကြည်ခြင်းတို့ရဲ့ ခိုင်မာတဲ့စုစည်းမှုအတွင်းက ဒီအခွင့်အရေးကို ဝင့်ကြွားစွာကျင့်သုံးကြပါစို့။

ကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၁**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စတာ ဘန်ကီမွန်းက မြန်မာနိုင်ငံတွင် လက်ရှိကျင်းပလျက်ရှိသည့် (၂၁) ရာစု ပင်လုံညီလာခံကြီးကို အောင်မြင်စွာ ဆွေးနွေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၏လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ အာဂျင်ဒါ ၂၀၃၀ အရ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်းလက်တွဲကာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များ၊ Climate Changed Agreement (Cop. 21) တွင် လက်မှတ်ရေးထိုးပြီးဖြစ်သည့် မြန်မာနိုင်ငံအတွက် ဆက်လက်လုပ်ဆောင်ရန် ကျန်ရှိနေသေးသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန် ကိစ္စရပ်များအပေါ် ရင်းနှီးစွာဆွေးနွေးကြသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဦးကျော်ဝင်း၊ ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်အတူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဇနီး Mrs. Ban Soon- taek တို့ ရင်းရင်းနှီးနှီးတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဇနီး Mrs. Ban Soon- taek တို့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံခဲ့ကြသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ၏ဇနီးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ဇနီးတို့သည် ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတ၏ဇနီးက လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**

# ကုလအတွင်းရေးမှူးချုပ်နှင့် ဘာသာပေါင်းစုံမှ အထင်ကရပုဂ္ဂိုလ်များ တွေ့

**နေပြည်တော် ဩဂုတ် ၃၁**

မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် ဘာသာပေါင်းစုံမှ အထင်ကရပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါဆွေးနွေးပွဲ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအတွင်းကိုးကွယ်သည့် ဘာသာပေါင်းစုံအသီးသီးမှ အထင်ကရပုဂ္ဂိုလ်များက ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံ ပြည်သူများအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ခွင့်လွှတ်ခြင်း၊ သည်းခံခြင်းတို့ဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သွားရေး၊ အနာဂတ်မျိုးဆက်သစ်တို့အတွက် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်သွားရေး၊ အနာဂတ်လူငယ်များ မိမိတို့သက်ဆိုင်ရာဘာသာအပေါ် ပိုမို သက်ဝင်လိုက်စားလာကြစေရေးတို့အတွက် အတူတကွ ဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးပြောကြားခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က ယခုကျင်းပသည့်အစည်းအဝေးသည် ပိုမိုသဟဇာတမျှသော၊ ငြိမ်းချမ်းသာယာဝပြောသော လူမှုအသိုက်အဝန်းတစ်ခုဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်နေမှုများအပေါ် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ကြောင်း ပြောကြားပြီးနောက် ဆွေးနွေးပွဲပြီးဆုံးခဲ့သည်။ **(သတင်းစဉ်)**





# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်ဇနီး ပြန်လည်ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၃၁**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် ဇနီးတို့သည် နေပြည်တော်မှ ယနေ့ညနေ ၅ နာရီတွင် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးတို့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်ဇနီး ဒေါက်တာမြသီတာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့်ဇနီး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယား၊ ကုလသမဂ္ဂညှိနှိုင်းရေးမှူး၊ ကုလလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့ ကုလအတွင်းရေးမှူးချုပ်နှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသော ဦးသိန်းဆွေ၊ ဦးမင်းဦး၊ ကော်မတီအဖွဲ့ဝင် ဦးစောဗစ်တာခလိုက်၊ ဒေါ်နီရွှေလျှန်းနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။
**(သတင်းစဉ်)**



# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် သံတမန်များအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၁**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)ရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စ၊ ကုလသမဂ္ဂ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းကိစ္စ၊ မြေမြှုပ်မိုင်းများ ရှင်းလင်းရေးကိစ္စ၊ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များတွင် မြန်မာတပ်မတော်မှ ယခုထက်ပိုမိုပါဝင်၍ ကမ္ဘာ့ငြိမ်းချမ်းရေးကိစ္စများတွင် တာဝန်ထမ်းဆောင်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များနှင့် စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးမြှင့်တင်မှုကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲ ၂ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang အား လက်ခံတွေ့ဆုံပြီး ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တပ်မတော်၏ရပ်တည်ချက်သဘောထားများ၊ ဆက်လက်လုပ်ဆောင်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် တွေ့ဆုံဆွေးနွေးမှုများသည် ဥပဒေနှင့်အညီဖြစ်ရန် လိုအပ်သည်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# အာဆီယံမိုးလေဝသစီမံကိန်းများ ချမှတ်ဆောင်ရွက်မည်

**ရန်ကုန် ဩဂုတ် ၃၁**

(၃၈)ကြိမ်မြောက် မိုးလေဝသနှင့် ဘူမိရူပဗေဒဆိုင်ရာ အာဆီယံဆပ်ကော်မတီ အစည်းအဝေးကို ဩဂုတ် ၂၉ ရက်က ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပရာ မိုးလေဝသနှင့်ဘူမိရူပဗေဒ အာဆီယံဆပ်ကော်မတီအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ မိုးလေဝသနှင့်ပတ်သက်သော လုပ်ငန်းစီမံကိန်းများကို ချမှတ်ဆောင်ရွက်သွားရန် ရည်ရွယ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီဆပ်ကော်မတီအစည်းအဝေးမှာ အာဆီယံနိုင်ငံတွေရဲ့ မိုးလေဝသနဲ့ ဘူမိရူပဗေဒဆိုင်ရာလုပ်ငန်းရပ်တွေ ဆွေးနွေးမယ့်အပြင် ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ လုပ်ငန်းစီမံကိန်းတွေချမှတ်ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေရဲ့ ဆူနာမီကြိုတင်သတိပေးစနစ်များပြောင်းလဲတိုးတက်လာမှုတွေ၊ မိုးလေဝသရေဒါမှရရှိတဲ့ မှတ်တမ်းအချက်အလက်တွေ ပူးပေါင်းအသုံးပြုနိုင်ရေးနဲ့ ရေဒါတွေ ရေရှည်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းတွေကို အပြန်အလှန် သိရှိနိုင်ကြဖို့ဖြစ်ပါတယ်"ဟု အလှည့်ကျသဘာပတိအဖြစ်ဆောင်ရွက်သူ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဟာရင်နိုင်တီယမ်းက အခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ မိုးလေဝသပညာရှင်ကိုယ်စားလှယ်များအပြင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ တရုတ်၊ ဂျပန်နှင့်ကိုရီးယားနိုင်ငံတို့မှ မိုးလေဝသအဖွဲ့အစည်း ကိုယ်စားလှယ်များလည်း တက်ရောက်ကာ ပူးပေါင်းဆောင်ရွက်နိုင်မည့် မိုးလေဝသဆိုင်ရာစီမံကိန်းများအတွက် ဆွေးနွေးကြကြောင်း သိရသည်။

ယင်းမိုးလေဝသနှင့် ဘူမိရူပဗေဒဆိုင်ရာ အာဆီယံဆပ်ကော်မတီအစည်းအဝေးကို သုံးနှစ်တစ်ကြိမ် အာဆီယံနိုင်ငံများက အလှည့်ကျ သဘာပတိတာဝန်ယူ ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ယခု (၃၈)ကြိမ်တွင်လည်း သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းအစည်းအဝေးကို မြန်မာနိုင်ငံက လက်ခံကျင်းပခြင်းဖြင့် နိုင်ငံတကာရာသီဥတုခန့်မှန်းရေး ဗဟိုဌာနများမှ ပညာရှင်များနှင့် အတွေ့အကြုံဖလှယ်ခွင့်ရရှိခြင်း၊ နိုင်ငံအချင်းချင်း ဗဟုသုတနှင့် နည်းပညာများဖလှယ်နိုင်ခြင်း၊ အာဆီယံနိုင်ငံအဖွဲ့ဝင်အချင်းချင်းပူးပေါင်းဆောင်ရွက်မှုဖြင့် နည်းပညာများလေ့လာခွင့်ရရှိခြင်း၊ ရာသီဥတုခန့်မှန်းရေး၊ သတင်းဖြန့်ဝေမှု၊ ခန့်မှန်းချက်များ အသုံးချမှုအခြေအနေများ တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။
**မြင့်မောင်စိုး**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ဇနီး လွှတ်တော်သင်ကြားသင်ယူမှုဌာနသို့ ကြည့်ရှုလေ့လာ

**နေပြည်တော် ဩဂုတ် ၃၁**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ဇနီးဖြစ်သူ Mrs. Ban Soon-taek သည် ပြည်ထောင်စုလွှတ်တော် ဇမ္ဗူသီရိဆောင်ရှိ လွှတ်တော်စာကြည့်တိုက်နှင့် သင်ကြားသင်ယူမှုဌာနသို့ ယနေ့ညနေ ၃ နာရီခွဲတွင် လာရောက်ကြည့်ရှုလေ့လာရာ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများက သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေကို လိုက်လံရှင်းလင်းပြသခဲ့သည်။ **(အောက်ပုံ)** **(သတင်းစဉ်)**



# ကျေးရွာကွန်ကရစ်လမ်း ဖွင့်လှစ်

**တနသ်ာရီ ဩဂုတ် ၃၁**

တနင်္သာရီမြို့နယ် လူထုဗဟိုပြုစီမံကိန်း(NCDDP) အစီအစဉ်အရ သာရဖုံကျေးရွာအုပ်စု အရှေ့သာရဖုံကျေးရွာ၌ဆောင်ရွက်ခဲ့သော အရှည်ပေ ၂၇၅၀ ရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ဩဂုတ်လနောက်ဆုံးပတ်ကကျင်းပခဲ့ရာ တနင်္သာရီမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းက လူထုဗဟိုပြုလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှုများကို လည်းကောင်း၊ တနင်္သာရီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမောင်တင်အောင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ မြို့နယ် လူထုဗဟိုပြုစီမံကိန်းနည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်အောင်ဦးက လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်မှုအဆင့်ဆင့်ကို လည်းကောင်း ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းတို့က လမ်းသစ်ကို ဖွင့်လှစ်ပေးခဲ့သည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# (၂၁)ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံ တက်ရောက်လာသူများ၏ အမြင်များ

**တွေ့ဆုံမေးမြန်း - ကျော်ထိုက်စိုး၊ စိုးသူရ**

**ဓာတ်ပုံ - သုတ**

ငြိမ်းချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်သော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်ရည်ရွယ်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို နေပြည်တော်ရှိ MICC - 2 ၌ ယနေ့စတင်ကျင်းပရာ နိုင်ငံတကာမှ တက်ရောက်လာကြသူများ၏ အမြင်များကို တွေ့ဆုံမေးမြန်းထားသည် -

**Mr. Sun Guoxiang**

**တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးသံတမန်**

"တရုတ်နိုင်ငံက မြန်မာအစိုးရ ကြိုးပမ်းလုပ်ဆောင်နေတဲ့ သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု အောင်မြင်ဖို့ တွန်းအားပေး လုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်တဲ့ အကျိုးရှိတဲ့ကိစ္စအားလုံးကို တရုတ်နိုင်ငံက ထောက်ခံပါတယ်လို့ လက်နက်ကိုင်တပ်ဖွဲ့တွေကို အကြိမ်ကြိမ်အခါခါ ပြောခဲ့ပါတယ်။ နှစ်ဖက်စလုံးမှာ မတူညီတဲ့ အမြင်အမျိုးမျိုးရှိတာ သဘာဝကျပါတယ်။ မြန်မာနိုင်ငံမှာ ထာဝရငြိမ်းချမ်းရေးရရှိဖို့နဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။ တရုတ်-မြန်မာနယ်စပ်ဒေသမှာ နှစ်နိုင်ငံပြည်သူတွေက အပြန်အလှန် ရင်းရင်းနှီးနှီးဆက်ဆံဖို့၊ သူတို့ရဲ့ဒေသမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဝိုင်းဝန်းဆောင်ရွက်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ နယ်စပ်ဒေသတွေ တိုးတက်လာမယ်၊ ဖွံ့ဖြိုးလာမယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ ဒီအခမ်းအနားကို တက်ရောက်မှုဟာ ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်ကို အားပေးကူညီတဲ့ တရုတ်နိုင်ငံရဲ့ရပ်တည်ချက်ကို ဖော်ပြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးက မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးသာဖြစ်တဲ့အတွက် တက်ရောက်လာတဲ့ မတူညီတဲ့ အဖွဲ့အစည်းအသီးသီးရဲ့အမြင်တွေကို စုပေါင်းဆွေးနွေးညှိနှိုင်းမှုဟာ ဘုံအဖြေတစ်ခု ထွက်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်၊ မတူကွဲပြားတဲ့ ခံယူချက်၊ ရပ်တည်ချက်တွေကို ညှိနှိုင်းတိုင်ပင်မှုတွေနဲ့ အများကလက်ခံတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အထောက်အကူပြုတဲ့ နည်းလမ်းရရှိလာမှာ ဖြစ်ပါတယ်။ ဒီငြိမ်းချမ်းရေးဖြစ်စဉ်အောင်မြင်ဖို့ တရုတ်နိုင်ငံက ဆန္ဒရှိသလို တတ်နိုင်သလောက် ပံ့ပိုးကူညီသွားမှာဖြစ်ပြီး တရုတ်နိုင်ငံရဲ့ ရပ်တည်ချက်က မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အောင်မြင်စေဖို့ဖြစ်တဲ့အတွက် လိုအပ်တဲ့ ပံ့ပိုးကူညီမှုတွေ ဆက်လက်ပေးသွားမှာဖြစ်ပါတယ်။"

**Mr. Abdoulaye Seck**

**Country Manager, World Bank**

"အခုကျင်းပတဲ့ (၂၁)ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံက မြန်မာနိုင်ငံမှာ ထာဝရငြိမ်းချမ်းရေးရရှိဖို့ သိသာထင်ရှားတဲ့ လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သလို မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ကို အရေးကြီးပါတယ်။ ကျွန်တော်က ကမ္ဘာ့ဘဏ်ကို ကိုယ်စားပြုပြီး ဒီအခမ်းအနားကို တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ မြန်မာအစိုးရအနေနဲ့လည်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေနဲ့ ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အခုညီလာခံမှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး အပြုသဘောဆောင်တဲ့ ကိစ္စရပ်တွေ ဆွေးနွေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။"



Mr. Sun Guoxiang



Mr. Abdoulaye Seck



Mr. Andrew Patrick



Mr. Pisanu Suvanajata အား တွေ့ဆုံမေးမြန်းစဉ်

**Mr. Andrew Patrick**

**မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး**

"ငြိမ်းချမ်းရေးဆွေးနွေးဖို့ ဒီညီလာခံမှာ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူတွေ စုဝေးလာတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ယခင်ကတည်းက ကျွန်တော်တို့ပံ့ပိုးကူညီပေးခဲ့သလို ဆက်လက်ပြီးတော့ အကူအညီတွေပေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာထာဝရငြိမ်းချမ်းရေးရရှိဖို့ အလားအလာကောင်းတွေ ရှိနေပြီဖြစ်သလို ထာဝရငြိမ်းချမ်းရေး ရရှိလာမှုကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။"

**Mr. Pisanu Suvanajata**

**မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး**

"ဒီငြိမ်းချမ်းရေးညီလာခံက မြန်မာနိုင်ငံမှာ ထာဝရငြိမ်းချမ်းရေးရရှိရေးဆွေးနွေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေအတွက် အလွန်အရေးကြီးတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သက်ဆိုင်ရာအဖွဲ့အစည်းတိုင်းက စေ့စပ်ညှိနှိုင်းရေးစားပွဲဝိုင်းမှာ ဝိုင်းဝန်းအဖြေရှာရမယ့်အချိန်ဖြစ်ပါတယ်။ တက်ရောက်ဆွေးနွေးကြတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတိုင်းအတွက် အားလုံးပါဝင်မှုကို အခြေခံတဲ့ မျှတတဲ့ အခွင့်အလမ်းရရှိမယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံကြား လူမှုရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံကအတော့်ကို ကွာခြားပြီးတော့ ထိုင်းမှာက တိုင်းရင်းသားမျိုးနွယ်စုတွေလည်း မြန်မာနိုင်ငံမှာလောက် မရှိပါဘူး။ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်အတွက် ဖြစ်နိုင်တဲ့ အကူအညီမှန်သမျှပေးနိုင်ဖို့ ထိုင်းနိုင်ငံက ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။"

---

*✻ ကျောဖုံးမှ*

အဲ့ဒါက နံပါတ်(၁၄)မှာပါတဲ့ **"ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအစည်းအဝေးကျင်းပပြီးတာနဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို စတင်ကျင်းပရန်သဘောတူသည်"**ဆိုတဲ့ အချက်ပါ။ UPDJC ရဲ့ လုပ်ငန်းဆောင်ရွက်ချက်အားလုံးနဲ့ အစည်းအဝေးဆုံးဖြတ်ချက်အားလုံးကို ၂၀၁၆ သြဂုတ်လမှာ ကျင်းပတဲ့ တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင် အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)မှာ အတည်ပြုချက်ရယူပြီးဖြစ်ကြောင်း ဤညီလာခံကြီးသို့ လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ လေ့လာစောင့်ကြည့်ရေး ပူးတွဲကော်မတီ(JMC)၏ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က "JMC ရဲ့ ဖွဲ့စည်းပုံကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့်၊ ဒေသဆိုင်ရာအဆင့်ဆိုပြီး JMC ယန္တရားကို အလွှာသုံးခုနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အဲဒီကော်မတီ အလွှာတိုင်းမှာလည်း အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အရပ်သားကိုယ်စားလှယ်တွေဆိုပြီး အစု ၃ စုနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့ ဒေသဆိုင်ရာအဆင့်မှာ ရပ်ကွက်ကျေးရွာက ရွေးချယ်ထားတဲ့ ဒေသခံပြည်သူလူထုကိုယ်တိုင် စောင့်ကြည့်ရေးလုပ်ငန်းတွေမှာ ပါဝင်နိုင်အောင် စုဖွဲ့ထားခြင်းပဲဖြစ်ပါတယ်။

ယခုအခါမှာ ပြည်ထောင်စုအဆင့် JMC ရဲ့ ပင်မရုံးအဖွဲ့ကိုလည်း ကနဦးယာယီရုံးအနေနဲ့ ဖွဲ့စည်းလည်ပတ်နေပြီ ဖြစ်ပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုစောင့်ကြည့်ရေး လုပ်ငန်းတွေအတွက် အဓိကကျတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် ဖွဲ့စည်းရေးကို ဦးစားပေးဆောင်ရွက်ခဲ့တဲ့အတွက် ယခုအခါမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တွေမှာ ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ပါတယ်။JMC လုပ်ငန်းအကောင်အထည်ဖော်မှုရဲ့အဓိကဆောင်ရွက်ချက်ကတော့ NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်းတွေကြားမှာ တိုက်ပွဲတွေ လျှော့ချနိုင်မှာပဲ ဖြစ်ပါတယ်။ JMC ယန္တရားကို ထိရောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်တဲ့အတွက် သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို နှစ်ဖက်တပ်များ လိုက်နာစောင့်ထိန်းစေရန် ကြိုးကြပ်နိုင်မှာဖြစ်ပါတယ်။ ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့ နှစ်ဖက်တပ်တွေကြားမှာ ရန်လိုမှုတွေ လျှော့ချနိုင်ဖို့၊ ယုံကြည်မှုတွေ တည်ဆောက်ဖို့အတွက် တည်ငြိမ်ကောင်းမွန်တဲ့ အခြေအနေတွေကို ဖန်တီးတည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ နိုင်ငံရေးဆွေးနွေးပွဲတွေကို အထောက်အကူပြုနိုင်မှာဖြစ်ပြီး အဲဒီကတစ်ဆင့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်တွေနဲ့အညီ တည်ဆောက်သွားနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ဆွေးနွေးချက်များနှင့် ပတ်သက်၍ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD) တွဲဖက်အတွင်းရေးမှူး စိုင်းကျော်ညွန့်က "တစ်နိုင်ငံလုံး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်နဲ့ ဖွဲ့စည်းခဲ့တဲ့ အစိုးရသစ်က အားလုံးပါဝင်ရေးမှုကို အခြေခံပြီး ငြိမ်းချမ်းရေးညီလာခံမှာ NCA လက်မှတ်ရေးထိုးထားတာ မရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကို ညီလာခံတက်ရောက်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ရေးဆွဲမှု လုပ်ငန်းစဉ်မှာ မပါခဲ့တဲ့ NCA လက်မှတ်မရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကိုလည်း ဖိတ်ကြားပြီး မူဘောင်သုံးသပ်မှု အစည်းအဝေးကို ပထမ အကြိမ်နဲ့ ဒုတိယအကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအပြီးမှာ ဆက်လက်ကျင်းပဖို့ သဘောတူညီမှု ရရှိခဲ့ပါတယ်။ နောင်ဆက်လက်ကျင်းပမယ့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှာ အားလုံးပါဝင်ရေးမူကို အလေးထားတဲ့ အနေနဲ့ ယခုအကြိမ်မှာ ပါဝင်တက်ရောက်ခွင့် မရရှိသေးတဲ့ အဖွဲ့အစည်းတွေ ပါဝင်လာနိုင်ရေးကို ဝိုင်းဝန်းကြိုးစားပေးကြဖို့၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးကို အထောက်အကူပြုစေမယ့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ရေးဆွဲဖို့အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးက သဘောထားကြီးစွာနဲ့ ပါဝင်ပေးကြဖို့ တိုက်တွန်းပါတယ်" ဟု ပြောကြားသည်။

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ဆိုတာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)မှာပါရှိတဲ့ နိုင်ငံရေးလမ်းပြမြေပုံအတိုင်း နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ကြီးကြပ်လမ်းညွှန်ဖို့ တာဝန်ပေးအပ်ခြင်းခံရတဲ့ ကော်မတီတစ်ရပ်ဖြစ်ပါတယ်**

ဆက်လက်၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပဒိုစောကွယ်ထူးဝင်းက "အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအစည်းအဝေးကျင်းပပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ရေးဆွဲ အတည်ပြုမှု ပြုလုပ်ကာ ဆွေးနွေးပွဲတွေကို စတင်ပါမယ်။ ဆွေးနွေးမယ့်ခေါင်းစဉ်တွေအပေါ်မှာ လုပ်ငန်းကော်မတီအသီးသီးဖွဲ့စည်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)၏ ဦးဆောင်လမ်းညွှန်မှုနဲ့ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်မှာ သဘောတူညီထားတဲ့အတိုင်း ဒေသအလိုက်၊ လူမျိုးအလိုက်၊ အကြောင်းအရာအလိုက် ကျင်းပသွားရမှာပါ။

အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေမှာ ပြည်ထောင်စုအစိုးရအဖွဲ့က ကိုယ်စားလှယ်တွေ၊ လွှတ်တော်အသီးသီးက ကိုယ်စားလှယ်တွေ၊ တပ်မတော်သား ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အသီးသီးကကိုယ်စားလှယ်တွေ၊ တရားဝင်နိုင်ငံရေး ပါတီအစုအဖွဲ့က ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်တွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ်တွေနဲ့ အခြားပါဝင်သင့် ပါဝင်ထိုက်သူတွေ ပါဝင်နိုင်ပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲတွေရဲ့ သက်တမ်းဟာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံရဲ့သက်တမ်းအတိုင်း ဖြစ်ပါတယ်" ပြောကြားသည်။

ထို့နောက် ညီလာခံအကြို ပြင်ဆင်ရေးကော်မတီ၏ ဆောင်ရွက်ချက်များကို ဦးလှမောင်ရွှေက အစီရင်ခံတင်ပြပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံတွင် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညီလာခံဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရဲဘော်မျိုးဝင်းက တက်ရောက်သူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် လေ့လာသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ဒေါက်တာတင်မျိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြား၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမနေ့ မွန်းလွဲပိုင်း အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)၊ ဦးလှမောင်ရွှေ၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဦးဇော်ဌေးနှင့် ဦးစိုင်းကျော်ညွန့်တို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ပထမအစည်းအဝေး အစီအစဉ်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး ပြည်တွင်း ပြည်ပ မီဒီယာများ၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဂုဏ်ပြုဆောင်းပါး

# ငြိမ်းချမ်းရေးအနှစ် နိုင်ငံတော် အခြေခံအုတ်မြစ်

■ ကြည်လရောင်စဉ်

စာရေးသူ ကျောင်းနေစဉ်မှစ၍ ယခုအချိန်အထိ သဘောကျဆဲဖြစ်သော ကမ္ဘာကျော် စစ်သူကြီး နပိုလီယံ(၁)၏ စာဆိုပေါင်း တော်တော်များများရှိခဲ့သည်။

ဒီနေရာမှာတော့ 'Victory Belongs to the most persevering' ဆိုသော အဆိုအမိန့်ကို ဖော်ပြချင်သည်။

နပိုလီယံ၏ အဆိုအမိန့်များသည် မိမိတို့၏ ရည်မှန်းချက် ပန်းတိုင်သို့ ကြိုးစား ချီတက်နေသော လူသားတစ်ဦးချင်း၊ လူတစ်စုချင်းမှသည် နိုင်ငံတော်တစ်ခုလုံး အတွက် စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးနိုင်သည့် ဆောင်ပုဒ်ဖြစ်ခဲ့သည်။

ယနေ့သည် မြန်မာနိုင်ငံသား ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး မျှော်မှန်းလျက်ရှိသော (၂၁) ရာစု ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု မြန်မာ နိုင်ငံတော်ကြီး တည်ထောင်နိုင်ရေးအတွက် 'ငြိမ်းချမ်းရေး' ရရှိအောင် အစွမ်းကုန် ကြိုးစားနေချိန်ဖြစ်သည်။

မြန်မာနိုင်ငံသားအားလုံး ညီညွတ်စွာ ထောက်ခံအားပေးရမည့် '(၂၁)ရာစု ပင်လုံ ညီလာခံကြီး' ကျင်းပနေသည့်အချိန်လည်း ဖြစ်ပေသည်။

တိုင်းပြည်ဖွံ့ဖြိုးသာယာတိုးတက်ရေးအတွက် 'ငြိမ်းချမ်းရေး' သည် အခြေခံ အုတ်မြစ် 'foundation' စင်စစ် ဖြစ်သည်။

ခိုင်ခံ့တည်ငြိမ်အေးချမ်းသော နိုင်ငံတော်၏ ငြိမ်းချမ်းရေးပေါ်တွင် တည်မှီ၍ ကျန်သည့် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးစသည် စသည့် အထပ်ပေါင်း၊ အလွှာပေါင်းများစွာ တည်ဆောက်နိုင်ပေမည်။

ခိုင်ခံ့ခြင်းမရှိသော အုတ်မြစ် 'foundation' ပေါ်တွင် မည်ရွေ့မည်မျှ ခေတ်မီသော နည်းပညာဖြင့် ကျန်သောအထပ်မြင့်လွှာများ တည်ဆောက်စေကာမူ အဆောက်အအုံသည် အလွယ်တကူ ပြိုကျနိုင်သည်သာ။

ယနေ့ ကမ္ဘာကြီး၏ အချို့အရပ်ဒေသများတွင် နေ့စဉ် ရက်ဆက်၊ အချင်းချင်း တိုက်ခိုက်၊ သတ်ဖြတ်နေသော၊ တည်ငြိမ်အေးချမ်းမှုမရှိသည့် နိုင်ငံများစွာ၊ ဒေသများစွာ ရှိသည်။

မငြိမ်းချမ်းသော မိမိတို့နေရပ်ကိုစွန့်ခွာ အခြားတစ်ပြည်သို့ အလုအယက် ထွက်ခွာရန် ကြိုးစားရင်း၊ သေဆုံးသူများ ခြေမလှုပ်နိုင်၊ လက်မလှုပ်နိုင် သေရင် လည်း သေပါစေတော့ ဆို၍ အားမတန် မာန်လျှော့ကာ မိမိတို့၏နေရပ်တွင် ကျန်ခဲ့ရင်း ပုံးဆန်၊ ကျည်ဆန်များအကြား သေဆုံးနေသူများ ဒုနှင့်ဒေး။

အချုပ်အားဖြင့် 'ငြိမ်းချမ်းရေး' ဆိုသော အခြေခံအုတ်မြစ် မခိုင်၍ နိုင်ငံတော် အဆောက်အအုံတစ်ခုလုံး ပြိုကျသော ရလဒ်ဆိုးပင်တည်း။

ဒီတော့ ငြိမ်းချမ်းရေးကို တည်ဆောက်ရမည်။

မည်သို့ တည်ဆောက်ကြရမည်နည်း။

ဗုဒ္ဓဘုရားရှင်က ဟောကြားတော် မူခဲ့သည်။

'ဆန္ဒဓိပတိ' ငါတို့ တိုင်းပြည်ငြိမ်းချမ်းရေး မရ၊ ရအောင်၊ မဖြစ်မနေ ကြိုးစား တည်ထောင်မည်ဆိုသည့် ကောင်းမြတ်သော ဆန္ဒ၊ စေတနာ အရင်းခံရမည်။

ဒုတိယ အရေးကြီးသောအချက်မှာ 'မေတ္တာတရား'။ စာရေးသူအပါအဝင် မြန်မာနိုင်ငံသားအားလုံး မြတ်ဗုဒ္ဓ၏ 'အောင်ခြင်းရှစ်ပါး' ကို ကြားဖူးကြပါသည်။ မြတ်ဗုဒ္ဓသည် သူ့အား ယှဉ်ပြိုင်တိုက်ခိုက်လာသူမှန်သမျှကို မေတ္တာဓာတ်ဖြင့်သာ အောင်နိုင်ခဲ့ပါသည်။

မြန်မာပြည်ဖွား၊ တိုင်းရင်းသားအချင်းချင်း၊ မြန်မာနိုင်ငံသားအချင်းချင်း၊ တစ်ဦးပေါ်တစ်ဦး အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြား ထူးမြတ်သော 'စေတနာ၊ သဒ္ဓါ၊ မေတ္တာ' ထားကြဖို့ လိုပါသည်။

သဒ္ဓါတရားဆိုရာတွင် တစ်ဦးနှင့်တစ်ဦး သံသယကင်းရမည်။ ယုံကြည်ရမည်။ အခြားတစ်ဖက် အခြားသူတစ်ဦးက မိမိအပေါ် ယုံကြည်မှုကို လေးစားတန်ဖိုးထား ရမည်။

မိမိကိုယ်၌ကလည်း မှန်ကန်ရမည်။ ရိုးသားရမည်။ ဖြောင့်မတ်ရမည်။ ကိုယ် ချင်းစာတရားဖြင့် လိုက်လျောညီထွေ ဖြစ်လာအောင်၊ သဘောတူညီမှု ရရှိလာအောင် သည်းခံ၊ ညှိနှိုင်းနိုင်စွမ်းရှိရမည်။

ဤတွင် 'နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ' ဆိုသော စကားကို သတိရှိရမည်။ တစ်ဖက်သား ထိခိုက်နစ်နာစေသည့်စကားများ ပြောဆိုရေးသားခြင်းများသည် 'အာဃာတ' တရားကိုသာ ကြီးထွားစေပြီး ငြိမ်းချမ်းရေးကို မဆောင်နိုင်ပေ။

ဗုဒ္ဓဘုရားရှင်က 'Better than thousand hollow words, is one word that brings peace' ဟု ဆိုခဲ့ပါသည်။

ဗုဒ္ဓက စကားကို 'မှန်မှန်ပြော၊ ယဉ်ယဉ်ကျေးကျေးပြော၊ ပြောသင့်မှပြော၊ တစ်ဖက်သား နာခံသာအောင်ပြော၊ အကျိုးရှိမှပြော' ဟု ဆုံးမခဲ့သည်။

တစ်လောကလည်း နိုင်ငံလူထုအားလုံး ချစ်ခင်လေးစားသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှလည်း ကောင်းသောစကားကို ဆိုကြရန် အထူးပြောကြားခဲ့ သည်ကို သတင်းစာထဲ ဖတ်လိုက်ရပါသည်။

**ကမ္ဘာကြီး မတည်မငြိမ်ဖြစ်နေသည့်ကာလတွင် မိမိတို့တိုင်းရင်းသားအချင်းချင်း လက်တွဲမဖြုတ်ဖို့၊ လက်တွဲမပြုတ်ဖို့ အရေးကြီးပါသည်။ ညီညွတ်ရေးသည် မိမိတို့တိုင်းပြည် အစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေးအတွက် အလွန်အရေးကြီး**

ဒါကြောင့် စာရေးသူတို့ မြန်မာပြည်သားအားလုံးက ဒီအချက်သည် အလွန် အရေးကြီးသည်ဆိုတာကို ရိုးသားစွာ နားလည်သဘောပေါက် လိုက်နာခံယူ ကျင့်သုံး သင့်ပါသည်။

ယခုခေတ်ကမ္ဘာကြီး မတည်ငြိမ်ရခြင်းသည် အခြေခံအားဖြင့် လူသားအချင်းချင်း၊ နိုင်ငံသားအချင်းချင်း ညီညွတ်မှုပြိုကွဲခြင်းကြောင့်ဖြစ်သည်။

နောက်ဆုံးရလဒ်က အချင်းချင်း စစ်ဖြစ်သည်။

'နွားကွဲလျှင်၊ ကျားဆွဲမည်' ဆိုသကဲ့သို့ တချို့နိုင်ငံများတွင် ဖြစ်ပေါ်နေသော ပျက်စီးယိုယွင်းနေမှုများကို 'လယ်ပြင် ဆင်သွား' အထင်အရှား တွေ့နေရသည်။ စာရေးသူ ကောင်းသောနမူနာတစ်ခု ဖော်ပြချင်ပါသည်။ ယင်းမှာ ၂၀၁၄ ခုနှစ်က ဗြိတိန်နိုင်ငံ (United Kingdom) 'ယူနိုက်တက်ကင်းဒမ်း' တွင် စကော့တလန် ပြည်နယ်သားတို့က ခွဲထွက်ခွင့် လိုလားကြသည်။ ထို့ကြောင့် ဒီမိုကရေစီ အလေ့အကျင့် ထွန်းကားသည့် သူတို့နေရာတွင် မဲခွဲဆုံးဖြတ်ကြသည်။ အဖြေကတော့ 'No မခွဲထွက်ရေး' ဘက်က နိုင်သွားသည်။ စာရေးသူသည် ထိုအမြော် အမြင်ရှိလှသော 'မခွဲထွက်ရေး No' ဘက်က မဲပေးထောက်ခံသူများကို လေးစား မိသည်။ သူတို့ အမှန်ကို ဆုံးဖြတ်နိုင်ခဲ့သည်ဟု မြင်ပါသည်။

ကမ္ဘာကြီး မတည်မငြိမ်ဖြစ်နေသည့်ကာလတွင် မိမိတို့တိုင်းရင်းသား အချင်းချင်း လက်တွဲမဖြုတ်ဖို့၊ လက်တွဲမပြုတ်ဖို့ အရေးကြီးပါသည်။ ညီညွတ် ရေးသည် မိမိတို့တိုင်းပြည် အစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေးအတွက် အလွန် အရေးကြီးသည်။

'ညီညွတ်ခြင်းသည် အင်အား'

'ညီညာမှ ပြည်သာမည်'

ပြည်တွင်းအေးချမ်းတည်ငြိမ်မှ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံလိုသူများ စိတ်ချစွာ ယုံကြည်စွာ ဝင်ရောက်လာနိုင်မည်။ ငြိမ်းချမ်းသော ရေမြေသဘာဝအလှကို လေ့လာ ခံစားလိုသူ ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လာမည်မဟုတ်လော။

လူအများစုတို့က မျဉ်းပြိုင်များတွင် ဆုံမှတ်မရှိဟု ဆိုကြသည်။ အထူးသဖြင့် အချစ်ဝတ္ထုများတွင် တွေ့ရမည်။

အခြားတစ်နည်း တွေးကြည့်ပါ။

မီးရထားတစ်စင်း ခုတ်မောင်းသွားသော မီးရထားသံလမ်းများသည် မျဉ်း ပြိုင်များနှင့် ဖွဲ့စည်းတည်ဆောက်ထား၏။

ထိုမျဉ်းပြိုင်များ rails များသည် သက်ဆိုင်ရာ ဘူတာများရောက်သည်အထိ မဆုံကြပါ။ သို့သော် ထိုမျဉ်းပြိုင်နှင့်တူသော သံလမ်းနှစ်ကြောင်းကို အောက်မှာ နေ၍ ပေါင်းကူး ဖေးမထားသော အခြားမျဉ်းပြိုင် sleeper တုံး ခေါ် ဇလီဖားတုံး များဖြင့် ဖေးမတည်ဆောက်ထားသော ရထားလမ်းကြီးက မီးရထားကို လိုရာရောက် စေသည် မဟုတ်ပါလော။

သို့ဖြစ်၍ စာရေးသူတို့သည် လူသားသဘာဝ မိမိတို့ ဖြတ်သန်းခဲ့ရသော ခါးသီးသော ချိုသာသော အတွေ့အကြုံများအပေါ်တွင် မူတည်ပြီး 'ချစ်ခြင်း၊ မုန်းခြင်း၊ အခဲမကျေခြင်း' စသော မျဉ်းပြိုင်များ ရှိကောင်းရှိနေဦးမည်ကို မငြင်းနိုင်ပါ။

သို့သော်လည်း ထိုသို့သော အာဃာတမျဉ်းပြိုင်များကို ခိုင်ခံ့သော 'မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ' စသည့် sleeper တုံးများကို အသုံးပြု၍ ကိုယ်ချင်းစာ ခြင်း၊ နားလည်ခွင့်လွှတ်ပေးခြင်း၊ အကောင်းမြင်ခြင်း စသည့် အရည်အသွေး ပြည့်ဝသည့် သံမှို၊ သံစိုင်တို့ဖြင့် စွဲကိုင်ကာ ခိုင်မာအောင် တည်ဆောက်ထားသည့် ရထားလမ်းနှင့်တူသည့် ညီညွတ်ခြင်းအင်အားပေါ်အခြေခံပြီး ဟန်ချက်ညီညီ၊ ဘီးချော်ခြင်း မရှိ၊ ထိန်းထိန်းသိမ်းသိမ်း၊ အရှိန်အဟုန် ကောင်းကောင်းဖြင့် ခုတ်မောင်းသွားသည့် မီးရထားကြီးပမာ မိမိတို့လိုရာပန်းတိုင် ငြိမ်းချမ်းရေး မဏ္ဍိုင်ကြီးဆီသို့ ရောက်ရှိနိုင်ပြီး ဖွံ့ဖြိုးတိုးတက်သာယာဝပြောသော 'ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံတော်ကြီး' ကို အောင်မြင်စွာတည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ပထမပင်လုံကြောင့် ပေါ်ထွန်းလာခဲ့သော လွတ်လပ်သော ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ချစ်ခင်လေးစား မြတ်နိုး တန်ဖိုးထားရပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံကို အောင်မြင်စွာကျင်းပနိုင်ပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို ပေါင်းစည်းတည်ဆောက်နိုင်ကြပါစေဟု ဆန္ဒပြု လိုက်ပါသည်။

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄(ခ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာ

**နေပြည်တော် ဩဂုတ် ၃၁**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဘမောင်၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးဖွေအားက ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၆-၈-၂၀၁၆ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ်(၃၆/၂၀၁၅) ဆုံးဖြတ်ချက်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)အတွက် ဒေါက်တာဘမောင် အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးဖွေအားဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၁(က)အရ ဆုံးဖြတ်ခဲ့သည်။ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄(က)အရ အယူခံမှု လျှောက်ထားရန် သတ်မှတ်ထားသည့်ကာလအတွင်း ကော်မရှင်သို့ လျှောက်ထား ခဲ့ခြင်းမရှိပါ။

သို့ဖြစ်၍ ဒေါက်တာဘမောင်သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည် ပိုင်ခွင့် မရှိတော့ကြောင်းနှင့် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)၏ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်မှာ ဦးဖွေအား [ ၄/ကပလ(နိုင်) ၀၀၆၆၀၅] ဖြစ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄(ခ)အရ သတ်မှတ်ကြေညာလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လျှင်ကြောင့် ပျက်စီးခဲ့သည့် စူဠာမဏိနှင့် ပြဿာဒ်ကြီးဘုရားတို့သို့ အဝင်လမ်း ချိုင့်ခွက်များဖြင့် လမ်းပျက်နေမှုအား မြေကြီးဖို့ခြင်းလုပ်ငန်းကို ရဲမှူးချုပ်မြင့်တိုး ကြီးကြပ်မှုဖြင့် အမှတ်(၃၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီး ခွန်မြတ်လင်း ဦးစီးတပ်ဖွဲ့ဝင်များ ဆောင်ရွက်ကြစဉ်**

(သတင်းစဉ်)

## ပုဂံဒေသရှိ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ရန် အလှူငွေများပေးအပ်

**နေပြည်တော် ဩဂုတ် ၃၁** - မကွေးတိုင်းဒေသကြီး ချောက်မြို့နှင့် ၁၂ မိုင်အကွာကို ဗဟိုပြု၍ ရစ်ချ်စတာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်း မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ပြိုကျပျက်စီးသွားသော စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ခင်မကန်ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒက အလှူငွေကျပ် သိန်း ၁၀၀ အား ယနေ့နံနက် ၁၀ နာရီခွဲတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး) ရုံးအမှတ်(၃၁) ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းမှု ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံယူကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သေနတ်ဖြင့် ချိန်ရွယ်မှုဖြင့် အမေရိကန်အဆိုကျော်ခရစ်ဘရောင်းအဖမ်းခံရ

**နယူးယောက် ဩဂုတ် ၃၁**

အမေရိကန်အဆိုတော်ခရစ်ဘရောင်းသည် အမျိုးသမီးတစ်ဦးအား သေနတ်ဖြင့်ခြိမ်းခြောက်ခဲ့သည်ဟု တိုင်ကြားခံရပြီးနောက် ဖမ်းဆီးခံခဲ့ရသည်။

အလှဘုရင်မ ဘာလလီ ကာရန်က ခရစ်ဘရောင်းသည် ၎င်းအား သေနတ်ဖြင့် ချိန်ရွယ်ခဲ့သည်ဟု အယ်လ်အေတိုင်းမ်သို့ပြောခဲ့သည်။ မစ္စတာဘရောင်းသည်ရဲများဖမ်းဆီးမှုမှ လွတ်မြောက်လာခဲ့ပြီးနောက် အင်္ဂါနေ့က ၎င်းနေအိမ်အတွင်းမှ ထွက်လာသည်ကို တွေ့ရသည်။

ရှေ့နေများက ၎င်းတို့၏အမှုသည် မစ္စတာဘရောင်းသည် လွတ်မြောက်လာပြီဖြစ်ကြောင်း စွပ်စွဲခံရမှုမှာလည်း မှားယွင်းမှုတစ်ခုပင်ဖြစ်သည်ဟု ပြောခဲ့သည်။ မစ္စတာဘရောင်းမှာ အာမခံဖြင့် လွတ်မြောက်လာခြင်းလား သို့မဟုတ် တရားစွဲဆိုခံရသလားဆိုသည်ကိုမူ တိတိကျကျ မသိရသေးပေ။

ခရစ်ဘရောင်းသည် ၂၀၀၉ ခုနှစ်က ၎င်း၏ချစ်သူ ရီဟားနားကို အကြမ်းဖက်မှုအပါအဝင် အကြမ်းဖက်မှုများစွာအတွက် စွပ်စွဲခံထားရသူလည်းဖြစ်သည်။ ကာရန်မှာ သူငယ်ချင်းတစ်ဦးနှင့်အတူ ခရစ်ဘရောင်း၏အိမ်သို့ တနင်္လာနေ့ကသွားရောက်ခဲ့ခြင်းဖြစ်သည်။



**(ဘီဘီစီ)**

# ဗြိတိန်၌ သုံးနှစ်အတွင်း မှောင်ခိုဝင်ရောက်လာသူ ၂၇၀၀၀ ကျော် ဖမ်းဆီးရမိ

**လန်ဒန် ဩဂုတ် ၃၁**

ဗြိတိန်၌ သုံးနှစ်တာအတွင်း နိုင်ငံအတွင်းသို့ တရားမဝင်ဖြတ်ကျော်ဝင်ရောက်လာသူ ၂၇၀၀၀ ကျော်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အင်္ဂလန်၊ ဝေးလ်နှင့် အိုင်ယာလန်မြောက်ပိုင်းရှိ ရဲတပ်ဖွဲ့အင်အားစု ၃၉ စုတို့မှရရှိသည့် စာရင်းအင်းအချက်အလက်များအရ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ တရားမဝင် ဝင်ရောက်လာသူအရေအတွက် ၂၅ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့ကြောင်း ဖော်ပြထားသည်။

ခိုးဝင်လာသူအများစုကို မော်တော်ယာဉ်လက်မှတ်အရောင်းဌာန၊ ကုန်တင်ယာဉ်ရပ်နားသည့်နေရာများတွင် ဖမ်းမိခဲ့သည်။ တရားမဝင် ရွှေ့ပြောင်းလာမှုများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် ရေရှည်စီမံကိန်းတစ်ခုလိုအပ်လျက်ရှိကြောင်း ပြည်ထဲရေးရုံးမှ ပြောကြားခဲ့သည်။

တရားမဝင် ဝင်ရောက်မှုများနှင့်ပတ်သက်၍ ရဲဌာနအချို့သာ သတင်းအချက်အလက် ပေးပို့မှုရှိခဲ့ပြီး စကော့တလန်ရဲဌာနချုပ်အပါအဝင် ရဲဌာနလေးခုတို့မှ သတင်းအချက်အလက် ပေးပို့မှုမရှိခဲ့ပေ။ တရားမဝင် ဝင်ရောက်မှုများနှင့်ပတ်သက်၍ ပြည်ထဲရေးကော်မတီဥက္ကဋ္ဌ ကိတ်ဗက်ဇ်က အရေးပေါ်ဆောင်ရွက်မှုတစ်ရပ် ပြုလုပ်ရန် တောင်းဆိုလျက်ရှိသည်။

**(ဘီဘီစီ)**

# အိုင်အက်စ်အဖွဲ့၏ စစ်ဗျူဟာအကြီးအကဲ မိုဟာမက်အယ်လ်အက်ဒနာနီ အလက်ပို၌သေဆုံး



**အလက်ပို ဩဂုတ် ၃၁**

ရာမာဒင်ဥပုသ်လအတွင်းက လူအများအပြား သေကျေပျက်စီးစေခဲ့သည့် တိုက်ခိုက်မှုများစွာကို စီစဉ်ညွှန်ကြားခဲ့သူ အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ စစ်ဗျူဟာအကြီးအကဲ မိုဟာမက်အယ်လ်အက်ဒနာနီသည် ဆီးရီးယား၌ သေဆုံးသွားခဲ့ပြီဖြစ်ကြောင်း အိုင်အက်စ်အဖွဲ့နှင့် ဆက်နွယ်လျက်ရှိသည့် မီဒီယာများက ပြောကြားခဲ့သည်။

အဘူမိုဟာမက်အယ်လ်အက်ဒနာနီသည် အလက်ပိုပြည်နယ်မြို့တော်၌ သေဆုံး သွားခဲ့ကြောင်း အာမက်သတင်းအေဂျင်စီက ဖော်ပြသည်။ အယ်လ်ဘတ်မြို့၌ လေကြောင်းတိုက်ခိုက်မှုများက အက်ဒနာနီကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ပြောဆိုခဲ့သည်။

ဆီးရီးယားနှင့် အီရတ်ရှိ အိုင်အက်စ်တို့က အကြိတ်အနယ် ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ခံနေရချိန်တွင် ၎င်းသေဆုံးကြောင်း သတင်းထွက် ပေါ်လာခဲ့ခြင်းဖြစ်သည်။ အက်ဒနာနီသည် အိုင်အက်စ်အဖွဲ့၏ ပြောဆိုခွင့်ရ ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ် အနည်းငယ်အတွင်း အလက်ပိုမြို့အနီးတစ်ဝိုက်တွင် အစိုးရနှင့် သူပုန်များအကြား တိုက်ပွဲများစွာ ဖြစ်ပွားခဲ့သည်။ ဆီးရီးယားနှင့် ရုရှားစစ်လေယာဉ်များကလည်း သူပုန်ထိန်းချုပ်ရေးယာများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

**(ဘီဘီစီ)**

# ကိုယ်ဝန်ဆောင်များ ဇီကာဗိုင်းရပ်စ်ပိုး စစ်ဆေးမှုခံယူရန် စင်ကာပူအစိုးရတိုက်တွန်း

**စင်ကာပူ ဩဂုတ် ၃၁**

စင်ကာပူနိုင်ငံသည် ဇီကာဗိုင်းရပ်စ်နှင့်ပတ်သက်သည့် လက္ခဏာရှိသည့် ကိုယ်ဝန်ဆောင် အမျိုးသမီးများအားလုံးကို စစ်ဆေးမှုခံယူရန်တိုက်တွန်းထားသည်။ ယခုအခါ မြို့တော်မှ လူပေါင်း ၈၂ ဦးကိုဇီကာဗိုင်းရပ်စ် ကူးစက်ခဲ့ပြီဖြစ်သည်။ ဇီကာဗိုင်းရပ်စ်ကြောင့် ကလေးမွေးဖွားရာတွင် အခက်အခဲများရှိလာနိုင်သည်။

ယခုကဲ့သို့ဆောင်ရွက်ခြင်းမှာ ကူးစက်ခံရသည့်ဒေသများ၌ခြင်အမြစ်ပြတ်နှိမ်နင်းနိုင်ရေး စတင်ဆောင်ရွက်မှုတစ်ရပ်ပင်ဖြစ်သည်။

အင်္ဂါနေ့က အမေရိကန်သည် ဩစတြေးလျနှင့် တောင်ကိုရီးယားတို့မှ ကိုယ်ဝန်ဆောင်အမျိုးသမီးများ စင်ကာပူနိုင်ငံသို့သွားရောက်ခြင်းကို တားမြစ်ရန် ယင်းနိုင်ငံတို့နှင့်ပူးပေါင်းဆောင်ရွက်ထားသည်။ နောက်ဆုံးဇီကာဗိုင်းရပ်စ်ဖြစ်ပွားမှုမှာ လွန်ခဲ့သောနှစ်က ဘရာဇီးနိုင်ငံမှ အစပြုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံထိ ပျံ့နှံ့ဖြစ်ပွားခဲ့သည်။

**(ဘီဘီစီ)**

# ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရန့် မက္ကဆီကိုသို့ သွားရောက်မည်

**မက္ကဆီကိုစီးတီး ဩဂုတ် ၃၁**

ရီပတ်ဘလစ်ကန် သမ္မတလောင်း ဒေါ်နယ်ထရန့်သည် ဗုဒ္ဓဟူးနေ့၌ မက္ကဆီကိုနိုင်ငံသို့ သွားရောက်ရန် စီစဉ်ခဲ့သည်။ဒေါ်နယ်ထရန့်သည် တရားမဝင်ဝင်ရောက်နေထိုင်သူများနှင့်ပတ်သက်၍ မိန့်ခွန်းပြောပြီးနောက် မက္ကဆီကိုသို့ သွားရောက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် မက္ကဆီကိုသမ္မတ Enrique Pena Nieto နှင့်တွေ့ဆုံရန် မျှော်လင့်ထားကြောင်းပြောခဲ့သည်။ မက္ကဆီကိုသမ္မတသည် ဒေါ်နယ်ထရန့် အပြင် ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်ကိုလည်း လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ထားသည်။ ၎င်းက မက္ကဆီကိုနိုင်ငံသားများ မည်သည့်နေရာတွင် ရောက်ရှိနေစေကာမူ လုံခြုံမှုရရှိစေရေးဆောင်ရွက်သွားမည်ဟု ပြောခဲ့သည်။

ဒေါ်နယ်ထရန့်သည် ၎င်း၏မဲဆွယ်စည်းရုံးမှုအတွင်း မက္ကဆီကို ရွှေ့ပြောင်းနေထိုင်သူများနှင့်ပတ်သက်၍ ရှုတ်ချပြောဆိုခဲ့ပြီးအမေရိကန်နှင့်မက္ကဆီကိုနိုင်ငံတို့ အကြားတံတိုင်းကြီးတစ်ခုတည်ဆောက်ရန် ကြေညာခဲ့သူလည်း ဖြစ်သည်။

လွန်ခဲ့သောလက ပါတီညီလာခံပြီးကတည်းက ဒေါ်နယ်ထရန့်၏ မဲရရှိမှု လျော့ကျခဲ့သည်ဟု ရီပတ်ဘလစ်ကန်တို့ကယူဆကြသည်။ အဓိကပြည်နယ်ကြီးများ၌ ၎င်းသည်ကလင်တန်ကို ရှုံးနိမ့်ခဲ့ပြီး ကလင်တန်သည် လူနည်းစုများ၏ အဓိကထောက်ခံမှုကို ရရှိထားသည်။

ဒေါ်နယ်ထရန့် မက္ကဆီကိုသို့သွားရောက်ရန် စီစဉ်ခြင်းမှာ ရဲရင့်သော လှုပ်ရှားမှု တစ်ရပ်ပင်ဖြစ်သည်။ အတိတ်ကာလက ၎င်းရှုတ်ချခဲ့သော တိုင်းပြည်ကို ထိပ်တိုက်ရင်ဆိုင်ရန် သွားရောက်ခြင်းပင်ဖြစ်သည်။

**(ဘီဘီစီ)**



မက္ကဆီကိုသမ္မတ Enrique Pena Nieto

# ဟောင်ကောင်၌ နှစ်တစ်ဝက်အတွင်း အိတ်အိုင်ဗွီကူးစက်ခံရသူ ၁၈၈ ဦးရှိ

**ဟောင်ကောင် ဩဂုတ် ၃၁**

ဟောင်ကောင်၌ ၂၀၁၆ ခုနှစ်နှစ်ဝက်၌ HIV ကူးစက်ခံရသူ ဝေဒနာရှင်ပေါင်း ၁၈၈ ဦးရှိကြောင်း၊ အဆိုပါ အရေအတွက်သည် ၁၉၈၄ ခုနှစ်မှ စတင်ဖြစ်ပွားခဲ့သည့် HIVပိုးကူးစက်ခံရသူအရေအတွက်ကို ၈၀၅၃ ဦးရှိလာစေခဲ့ကြောင်း ဟောင်ကောင်ရှိ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု ဗဟိုဌာနမှ အင်္ဂါနေ့က ဖော်ပြခဲ့သည်။

HIVပိုးကူးစက်ခံရသူ ၁၈၈ ဦးအနက် ၉၈ ဦးမှာလိင်တူဆက်ဆံမှုကြောင့်ဖြစ်ပြီး ၃၅ ဦးမှာ လိင်ကွဲဆက်ဆံမှုကြောင့်ကူးစက်ခံရခြင်းဖြစ်ကာ တစ်ဦးမှာ မူးယစ်ဆေးဝါး ထိုးသွင်းရာမှ ကူးစက်ခံရခြင်းဖြစ်ကြောင်းသိရသည်။ ကျန် ၅၄ ဦးမှာ မည်သို့မည်ပုံ ကူးစက်ခံရခြင်းဖြစ်ကြောင်းကို ဖော်ပြနိုင်ရန် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်။

ကူးစက်ခံရသူ ဝေဒနာရှင် ၁၈၈ ဦးအနက် ၁၆၃ ဦးသည် အမျိုးသားများဖြစ်ပြီး ၂၅ ဦးမှာ အမျိုးသမီးများဖြစ်သည်။ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာန၏ အတိုင်ပင်ခံပါရဂူ ဝေါင်ကာဟင်က ဟောင်ကောင်၌ HIVပိုးကူးစက်မှုအများစုသည် လိင်မှတစ်ဆင့်ကူးစက်ခံရမှု ပိုမိုဖြစ်ပွားသည်ဟု ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၆။)**
**၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁ ။ ဤဥပဒေကို **ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင် စေရမည်။

၂ ။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဝင်ငွေနှစ်အတွက်မှ စတင်အကျိုးသက်ရောက်စေရမည်။

၃ ။ ဝင်ငွေခွန်ဥပဒေတွင်ပါရှိသော "ကုမ္ပဏီများဆိုင်ရာအခွန်ရုံး"ဆိုသည့် စကားရပ်ကို "အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄ ။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (န)၊ ပုဒ်မခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) ဤဥပဒေအရ တောင်းခံသည့် သို့မဟုတ် အခွန်ထမ်းကိုယ်တိုင်က ဝင်ငွေကြေညာလွှာနှင့်အတူ စည်းကြပ်မှုခံယူထားသည့် အခွန်အားလုံးကိုဖြစ်စေ၊ တချို့တစ်ဝက်ကိုဖြစ်စေ သတ်မှတ်ထားသည့် သို့မဟုတ် တိုးမြှင့်ပေးထားသည့် အချိန်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်သူ၊"

၅ ။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၃) ပင်စင်၊ ပင်စင်မှ ပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊"

(ခ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ကုလသမဂ္ဂ၊ သံတမန်၊ ကောင်စစ်ရေးရာ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အထူးစီးပွားရေးဇုန်ဆိုင်ရာဥပဒေတစ်ရပ်ရပ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတစ်ရပ်ရပ်တို့တွင် ဝင်ငွေခွန်နှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်များ ပြဋ္ဌာန်းပါရှိလျှင် ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်ရှိစေရမည်။ ယင်းဥပဒေများမှတစ်ပါး အခြားဥပဒေတစ်ရပ်ရပ်တွင် ဝင်ငွေခွန်နှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်ကို မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်ဝင်ငွေခွန်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။"

၆ ။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲငယ်စိတ် (ခခ) တို့တွင်ပါရှိသော "အခွန်ထမ်း၏ အိမ်ထောင်ဖက်နှင့် သားသမီးများ"ဆိုသည့် စကားရပ်ကို "နည်းဥပဒေပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အခွန်ထမ်း၏ အတူနေ မိဘ၊ အိမ်ထောင်ဖက်နှင့် သားသမီးများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇ ။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) ၌ ပါရှိသော "ပစ္စည်း"ဆိုသည့် စကားရပ်ကို "ပစ္စည်းငှားရမ်းခ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ၌ ပါရှိသော "လစာမှ ဝင်ငွေ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေ၊ ပစ္စည်းမှဝင်ငွေ" ဆိုသည့် စကားရပ်ကို "အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈ ။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉ ။ လစာ
မည်သူမဆို အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့်လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။"

၉ ။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၃) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၃) လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့်စရိတ်၊ မဆီလျော်သည့်စရိတ်၊ ထိုဝင်ငွေရရန် ကုန်ကျခြင်း မဟုတ်သည့်စရိတ်၊"

၁၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၂ ၏ ဘေးခေါင်းစဉ်၌ ပါရှိသော "ပစ္စည်း"ဆိုသည့် စကားရပ်ကို "ပစ္စည်းငှားရမ်းခ"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "ပစ္စည်းခေါင်းစဉ်ဖြင့်" ဆိုသည့် စကားရပ်ကို "ပစ္စည်းငှားရမ်းခခေါင်းစဉ်ဖြင့်"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၁၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆-က တွင် ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပုဒ်မ ၁၅ အရ ပေးဆောင်ရသည့်အခွန်သည် ထိုနှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန်ဖြစ်ရမည်။ ယင်းအခွန်ကို -

(၁) သုံးလတစ်ကြိမ် ပေးသွင်းရမည်ဖြစ်ပြီး သုံးလပြည့်မြောက်သည့် နေ့ရက်မှ ၁၀ ရက်အတွင်း သတ်မှတ်သည့်နည်းလမ်းများအတိုင်း ပေးသွင်းရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ သတ်မှတ်ရက်အတွင်း ပေးသွင်းလျှင် သက်ဆိုင်ရာ ဝင်ငွေနှစ်အတွက် ပေးသွင်းသည့် အခွန်အဖြစ်ဟု မှတ်ယူရမည်။

(ခ) အခြေပစ္စည်းမှ မြတ်စွန်းငွေဖြစ်ပါက အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်းတွက်ချက် ပေးသွင်းရမည်။"

၁၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မည်သူမဆို ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ ရရှိလျှင် ထိုဝင်ငွေနှစ်အတွက် မိမိ၏ ဝင်ငွေကြေညာလွှာကိုလည်းကောင်း၊ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးအဖွဲ့အစည်းများမှအပ ကုမ္ပဏီအပါအဝင် မည်သည့် ပုဂ္ဂိုလ်စုမဆို ထိုဝင်ငွေနှစ်အတွက် မြတ်စွန်းငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ငွေကြေညာလွှာကိုလည်းကောင်း စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ဝင်ငွေနှစ်ကုန်ဆုံးပြီး သုံးလအတွင်း ပေးပို့ရမည်။ သို့ရာတွင် လစာခေါင်းစဉ်မှ ဝင်ငွေသာရရှိသူဖြစ်လျှင် ယင်းသို့ပေးပို့ရန် မလို၊"

၁၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) ၏ နောက်တွင် ပုဒ်မခွဲငယ် (၆) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(၆) ဖြစ်ထွန်းရရှိသည့် မိမိ၏ဝင်ငွေအပေါ် ကျသင့်အခွန်ကို ကိုယ်တိုင်တွက်ချက် စည်းကြပ်ပေးဆောင်စေရန် ဤဥပဒေအရ ခွင့်ပြုထားသူ။"

၁၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) အခြားနိုင်ငံတစ်ခုခု သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုနှင့် ဝင်ငွေခွန်ကိစ္စပါဝင်သော အခွန်နှစ်ထပ် စည်းကြပ်ကောက်ခံမှုရှောင်ရှားရေး သဘောတူစာချုပ် သို့မဟုတ် အခွန်ဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန် လဲလှယ်ရေး သဘောတူစာချုပ် သို့မဟုတ် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရယူခြင်းဆိုင်ရာ သဘောတူစာချုပ် စသည့်သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုပါက ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ ယင်းစာချုပ်ပါ သဘောတူညီချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။"

၁၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၂) ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ လျှောက်ထား၍ ယင်းက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။"

၁၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၄ ပါ "ပြည်သူ့တရားသူကြီးအဖွဲ့" ဆိုသည့် စကားရပ်များကို "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဃ) ပါ"ယင်းတရားသူကြီးအဖွဲ့" ဆိုသည့် စကားရပ်ကို "ယင်းတရားလွှတ်တော်ချုပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၇။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) အခွန်ထမ်းက မိမိရရှိမည့် ပြန်အမ်းငွေနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်စည်းကြပ်မှု တစ်ရပ်ရပ်အရ ပေးဆောင်ရမည့် အခွန်ငွေတွင် ခုနှိမ်ပေးရန် သို့မဟုတ် လက်ရှိဝင်ငွေနှစ်အတွက် ကြိုတင်ပေးသွင်းရမည့် ဝင်ငွေခွန်အဖြစ်သတ်မှတ်ပေးရန် တင်ပြပါက မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ထမ်း၏ တင်ပြချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်သည်။"

၁၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၂ နှင့် ပုဒ်မ ၄၄ တို့တွင် ပါရှိသော "ပုဒ်မ ၇ အရ မြို့နယ်အခွန်ဦးစီးဌာနမှူး"ဆိုသည့် စကားရပ်ကို "မြို့နယ်အခွန်ဦးစီးဌာနမှူး"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၄ ၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ပုဒ်မခွဲ (က) အရ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌ တွေ့ရှိသော မည်သည့်နည်းစနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော စာရင်းများ၊ စာရွက်စာတမ်းများကို ကြည့်ရှုစစ်ဆေးခွင့်၊ ယင်းတို့ကို မှတ်မိစေရန် တံဆိပ်အမှတ်အသား ရိုက်နှိပ်ခွင့်၊ မှတ်သားခွင့်၊ စနစ်တစ်ခုလုံးကိုဖြစ်စေ၊ ယင်းတို့မှ ကောက်နုတ်ထားချက်များကိုဖြစ်စေ ထုတ်ယူခွင့်၊ မိတ္တူကူးယူခွင့်၊ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်သက်ဆိုင်သည့် ဓာတ်ပုံ၊ ဗီဒီယို မှတ်တမ်းရယူခွင့်။"

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၄ ၏ နောက်တွင် ပုဒ်မ ၄၄-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၄-က။ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ)တို့ပါ အခွင့်အာဏာ ကျင့်သုံးခြင်းခံရသော ဥပစာနေရာ၏ ပိုင်ရှင် သို့မဟုတ် ဥပဒေနှင့်အညီ နေထိုင်သူက ယင်းပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့နှင့်အညီ ပြုလုပ်ပိုင်ခွင့်ရှိသူ သို့မဟုတ် ပြုလုပ်ခွင့်ရှိသည့်အဖွဲ့က ဥပစာနေရာသို့ ဝင်ရောက် ကြည့်ရှုစစ်ဆေးစဉ် လိုအပ်သည့် အကူအညီများကို ပေးအပ်ရမည်။"

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့်အခွန်၏ ငါးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ဒဏ်ငွေ"ဆိုသည့် စကားရပ်ကို "ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ တစ်ဆနှင့်ညီမျှသောဒဏ်ငွေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၁ ။ နည်းဥပဒေများ၊ စည်းမျဉ်းများ စသည်တို့ ပြုလုပ်ပိုင်ခွင့်
ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်တွင်းအခွန်များ ဦးစီးဌာနသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

၂၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၅ ။ အကြောင်းကြားစာ အတည်ပြုခြင်း
(က) ဤဥပဒေအရ အကြောင်းကြားစာ သို့မဟုတ် ဆင့်စာကို ထိုစာတွင် အမည်ဖော်ပြထားသူအားလည်းကောင်း၊ အကယ်၍ ပုဂ္ဂိုလ်စုဖြစ်လျှင် ယင်းပုဂ္ဂိုလ်စု၏ အရွယ်ရောက်သူ အဖွဲ့ဝင်တစ်ဦးဦး၊ သို့မဟုတ် ဒါရိုက်တာတစ်ဦးဦး၊ သို့မဟုတ် အုပ်ချုပ်သူ၊ သို့မဟုတ် အတွင်းရေးမှူးအားလည်းကောင်း စာတိုက်မှဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ ပေးပို့အတည်ပြုခြင်း သို့မဟုတ် တရားစီရင်ရေးအဖွဲ့မှ တရားမကိစ္စအတွက် ထုတ်ဆင့်သည့် သမ္မန်စာဖြစ်ဘိသကဲ့သို့ အတည်ပြုခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) နှင့်အညီ စာတိုက်မှ ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ အကြောင်းကြားစာ သို့မဟုတ် ဆင့်စာပေးပို့ဆောင်ရွက်ခြင်းသည် တရားဝင်အတည်ပြုခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) အခွန်ထမ်းသည် အကြောင်းကြားစာ သို့မဟုတ် ဆင့်စာကို လက်ခံရရှိကြောင်း အကြောင်းပြန်ကြားခြင်းကို ပုဒ်မခွဲ (က) ပါ နည်းများဖြင့် ပြန်လည်ပေးပို့ နိုင်သည်။"

၂၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၉ ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့် အခွန်ငွေများအထဲမှ ပြည်ထောင်စုအစိုးရအဖွဲ့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သတ်မှတ်ပေးသော ရာခိုင်နှုန်းအချိုးအတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မိုးပိုလာမည်

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာ နှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ (မိုး/ဇလ)

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသောဩဂုတ် ၂၃ ရက်မှ ၃၀ ရက်အထိထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ငြိမ်းအောင် | အနိုင်ယူတတ်တဲ့ နှလုံးသားပိုင်ရှင် ဒေါ်နယ်ထရန့်အတ္ထုပ္ပတ္တိ | ၃၀၀၀ိ/ | မျက်ပွင့်စာပေ |
| ၂ | မြင့်သန်း | အရပ်တစ်ပါးမှဝတ္ထုများ | ၄၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၃ | သူလှိုင် | ဦးစော ဘာကြောင့် ဗိုလ်ချုပ်တို့ကိုသတ်ခဲ့သလဲ | ၃၅၀၀ိ/- | အနာဂတ်ကာလ စာပေဆက်ဆံရေး |
| ၄ | သူလှိုင်၊ ဝင်းကိုကို | ရှက်ကြွေလမ်းက ပန်းရှိုက်သံ | ၁၅၀၀ိ/ | အနာဂတ်ကာလ စာပေဆက်ဆံရေး |
| ၅ | ဦးပုည | ဦးပုည ဝတ္ထု ၅ ပုဒ် | ၁၂၀၀ိ/- | စိတ်ကူးချိုချို |
| ၆ | မောင်ကောင်းထိုက် (နှီးပဒေါ်) | ဒဿနသင်ခန်းစာနှင့် အခြားဇာတ်လမ်းများ | ၁၅၀၀ိ/- | ရွှေပဒေသာ |
| ၇ | ဦးသိန်းကိုကို (ပြည်နယ်တရား လွှတ်တော်တရားသူကြီး) | မြေယာမှုခင်းပြဿနာများကျူးကျော်သူအား ဖယ်ရှားလိုမှုနှင့်မြေလက်ရောက်ရယူလိုမှုများ | ၅၀၀၀ိ/- | မနောဖြူစာပေ |
| ၈ | စိုင်းခွန်ကျော်(ရှမ်းပြည်) | The Ugly Ducking (ဘဲရုပ်ဆိုး) | ၁၀၀၀ိ/- | နန်းဒေဝီစာပေ |
| ၉ | ကလောင်စုံ | ကလောင်တံရဲ့ဒုတိယမြောက်တောင်ပံအသစ် | ၂၀၀၀ိ/- | ဒဂုန်နွယ်ကသစ်စာပေ |
| ၁၀ | မင်းနန်(မော်ကျွန်း) | ပရိတ်တော်များကို ကိုယ်ကျင့်တရားရှုထောင့်မှ လေ့လာခြင်း | ၃၀၀၀ိ/- | အလင်းသစ်စာပေ |
| ၁၁ | မြင့်ထွန်း B.A(geog) | မားကတ်တင်းအင်္ဂလိပ်စကားပြောနှင့်လုပ်ငန်းသုံး ပေးစာ-ပြန်စာ | ၂၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၁၂ | ဒေါက်တာသန်းနိုင် | နှစ်ပေါင်းလေးဆယ်(ဆိုဗီယက်ရုရှား အတွေ့အကြုံများ) | ၂၅၀၀ိ/- | ရွှေပဒေသာ စာပေ |
| ၁၃ | ဂျာနယ်ကျော် ဦးချစ်မောင် | ဂျာနယ်ကျော် ဦးချစ်မောင် နေ့စဉ်မှတ်တမ်း | ၂၀၀၀ိ/- | သီဟရတနာစာပေ |
| ၁၄ | နိုင်ဦး | ကျွန်တံငါသည် | ၂၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၁၅ | ကျန်းမာကြံ့ခိုင်ရေးဆရာဝန် (မန္တလေး) | အသက်အရွယ်အလိုက် တစ်သက်တာကျန်းမာသန်စွမ်းရေး+DVD | ၆၀၀၀ိ/- | ပြည့်နှလုံးသားစာပေ |
| ၁၆ | ဇော်ဇော်အောင် | ဇော်ဇော်အောင်၏စာကလေးများ | ၂၀၀၀ိ/- | ကျော်မွှေးစာပေ |
| ၁၇ | ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် | သင်မြတ်နိုးတဲ့အလုပ်ကိုလုပ်ပါ သင်လုပ်တဲ့အလုပ်ကိုချစ်မြတ်နိုးပါ | ၁၀၀၀ိ/- | မဇ္ဈိမစာပေ |
| ၁၈ | The key collection | ဗစ်တိုးရီးယား စာကြည့်တိုက် စာစဉ်(၃၁) | ၁၅၀၀ိ/- | the key collection |
| ၁၉ | မအိ | ဇီးရိုးဂိမ်းနှင့် ဤသို့ဤနှယ် | ၂၀၀၀ိ/- | ကျော်မွှေးစာပေ |
| ၂၀ | The Key Collection | ဟယ်လင်ကဲလား စာကြည့်တိုက်စာစဉ်(၃၀) | ၁၅၀၀ိ/- | အနန္တပဒေသူနေအသေည |
| ၂၁ | သစ္စာနီ | ဇဝ်မေသုတံ | ၁၅၀၀ိ/- | ကျော်မွှေးစာပေ |
| ၂၂ | MICHELL ZUCKOFF | 13 HOURS+CD | ၃၅၀၀ိ/- | Gold |
| ၂၃ | ကိုပညာ(အမရပူရ) | တောင်သမန်အလွမ်းစာများ | ၃၅၀၀ိ/- | ရာပြည့်စာပေ |
| ၂၄ | ကျော်သူဇင်(မိုင်းဖြတ်) | သာ၍ကောင်းသောအရာများ(စုစည်းမှု) | ၁၀၀၀ိ/- | တံပိုးမှုတ်စာပေ |
| ၂၅ | ကျော်သူဇင်(မိုင်းဖြတ်) | ကိုယ်ပိုင်ဟန်နှင့်အသက်ရှင်ပါ | ၁၀၀၀ိ/- | တံပိုးမှုတ်စာပေ |
| ၂၆ | ကျော်သူဇင်(မိုင်းဖြတ်) | ပုံစံခွက်ထဲကထွက်ဖို့အချိန်တန်ပြီ | ၁၀၀၀ိ/- | တံပိုးမှုတ်စာပေ |
| ၂၇ | ကျော်သူဇင်(မိုင်းဖြတ်) | သင့်ကိုယ်သင်နှစ်သက်ပါ | ၁၀၀၀ိ/- | တံပိုးမှုတ်စာပေ |
| ၂၈ | မောင်ဒီ | ဂီတနှင့်ပန်းချီ စံကြည်ကြော့ သို့မဟုတ် ခင်ဝမ်း | ၂၅၀၀ိ/- | ကျော်မွှေးစာပေ |
| ၂၉ | ကေမျိုးငြိမ်း | သံသရာမဆုံးသရွေ့ကဗျာမရှည်တရှည် | ၂၀၀၀ိ/- | ကျားချောင်းစာပေ |
| ၃၀ | ကျော်သူဇင်(မိုင်းဖြတ်) | ပထမတန်းစားစိတ်ဓာတ် | ၁၀၀၀ိ/- | တံပိုးမှုတ်စာပေ |
| ၃၁ | Maung Day | GASOLINE | ၂၀၀၀ိ/- | လေကားစာပေ |
| ၃၂ | မအိ | ပန်းချီကားထဲကမိန်းမနှင့် ရင်ကိုထိခတ်စေသောဆောင်းပါးများ | ၂၀၀၀ိ/- | ကျော်မွှေးစာပေ |
| ၃၃ | ကလောင်စုံ | လေထန်ကုန်းအမှတ်တရ | ၂၅၀၀ိ/- | ရွှေဗညားစာပေ |
| ၃၄ | | Collins English for Exams Practice Tests for IELTS With Answer + CD | ၂၅၀၀ိ/- | သိန်းထိုက်စံစာပေ |
| ၃၅ | မောင်ဌေးအန့် | အဆိပ်ရှိမှုများ | ၆၀၀၀ိ/- | ဖြူသဇင်စာပေ |

(ဆက်လက်ဖော်ပြပါမည်)

## လျှပ်စစ်ပြတ်တောက်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် ရွှေမင်းဝံဘုရားမှ ရှေးဟောင်းလက်ရာငွေဆင်းတုများတွေ့ရှိ

**ကျောက်ပန်းတောင်း ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သောငလျင်ကြောင့် ကျေးရွာအုပ်စု ၁၁ အုပ်စုတွင် ဘုရားစေတီပေါင်း ၂၄ ဆူ ထိခိုက်ပျက်စီးမှုရှိခဲ့ပြီး ယင်းတို့အနက် သရက်တောကျေးရွာအုပ်စု သရက်တောကျေးရွာ ရွှေမင်းဝံဘုရားမှာ လုံးဝပြိုကျပျက်စီးခဲ့ပြီး နှစ်ကျပ်ခွဲကျေးရွာအုပ်စု နှစ်ကျပ်ခွဲကျေးရွာ ထီးတော်လှုပ်သိမ်တော်ဘုရားမှာလည်း စေတီပန်းဆွဲအောက် ဖောင်းရစ်နှစ်ရစ်တွင် အက်ကွဲကြောင်းများဖြစ်ပေါ်၍ အင်္ဂတေချပ်များ အနည်းငယ်ကွာကျမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ရွှေမင်းဝံဘုရားမှာ ကျောက်ပန်းတောင်းမြို့မှ ၁၄ မိုင်ခန့်ကွာဝေးသည့် သရက်တောကျေးရွာတွင်တည်ရှိပြီး ငလျင်လှုပ်ခတ်စဉ်က စေတီတစ်ဆူလုံးပြိုကျခဲ့ရာ သရက်တောမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသဦးဆောင်၍ ကျေးရွာရပ်မိရပ်ဖများ၊ လူငယ်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။

ထိုသို့သန့်ရှင်းရေးဆောင်ရွက်ရာ အုတ်ပုံအကျိုးအပဲ့များအောက်မှ ဌာပနာပစ္စည်းများအဖြစ် ဉာဏ်တော် ခြောက်လက်မအရွယ် ငွေဆင်းတုတစ်ဆူ၊ ဉာဏ်တော်ငါးလက်မရှိ ငွေဆင်းတုနှစ်ဆူ၊ ဉာဏ်တော်လေးလက်မရှိ ငွေဆင်းတုခြောက်ဆူနှင့် ဉာဏ်တော်သုံးလက်မရှိ ငွေဆင်းတုငါးဆူ၊ ကျောင်းဆောင်ငယ်ပါ တစ်လက်မခွဲအရွယ် ငွေဆင်းတုလေးဆူ စုစုပေါင်း ငွေဆင်းတု ၁၉ ဆူနှင့် ခြောက်လက်မအရွယ် ငွေကျောင်းဆောင်တစ်ဆောင်၊ ဓာတ်လုံးပါတစ်လက်မအမြင့် ဓာတ်တော်ချုပ်လေးခု၊ ငါးရုပ်၊ လိပ်ရုပ်ပါသည့် သုံးလက်မပတ်လည် ကြေးပြားတစ်ပြားတို့ကို ရှာဖွေတွေ့ရှိခဲ့ကြကြောင်း သိရသည်။ အဆိုပါဘုရားပြုပြင်ရန်အတွက် ကျေးရွာမှဒေသခံအလှူရှင်များအပြင် ရပ်နီးရပ်ဝေးမှ အလှူရှင်များထံမှလည်း အလှူငွေများလက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**


CHINDWIN COLLEGE
helping you engineer your future

PEARSON
BTEC



တက္ကသိုလ်ဝင်တန်း မအောင်သေးသူတွေအတွက် ရွေးချယ်စရာ အခွင့်အလမ်းသစ်

တက္ကသိုလ်ဝင်တန်းကို တစ်ကြိမ်ဖြေဆိုပြီးသူတွေအနေနဲ့ Pearson BTEC Level 3 Program ကို ချင်းတွင်းကောလိပ်မှာ တက်ရောက်နိုင်ပါပြီ။

အလွတ်ကျက်ပြီး စာမေးပွဲဖြေရတာ မဟုတ်ဘဲ သဘောတရား သိပြီး အသုံးချတတ်မှုကို ဆန်းစစ်တဲ့ assignment တွေနဲ့ အတန်းတင်ပေးတဲ့ သင်ကြား၊ သင်ယူမှု ပုံစံကို အသုံးပြုပါတယ်။

Engineering နဲ့ Business ရွေးချယ်တက်ရောက်နိုင်ပြီး၊ အင်္ဂလိပ်စာအရည်အချင်းပြည့်မှီပြီးရင် သင်တန်းကာလ two semester ဖြစ်ပါတယ်။


Level 3 Program အောင်မြင်ပြီးရင် HND ဆက်တက်နိုင်ပါတယ်။ HND ရပြီးရင် UK Bachelor Degree ရယူနိုင်တဲ့ နိုင်ငံတကာ ပညာရေးလမ်းကြောင်းပေါ် ရောက်ရှိမှာ ဖြစ်ပါတယ်။

၂၀၁၆ ဩဂုတ်လ နောက်ဆုံးပတ်မှာ စတင်ဖွင့်လှစ်မှာ ဖြစ်ပြီး အောက်ပါနေရာတွေမှာ ဆက်သွယ်စုံစမ်းနိုင်ပါတယ်။
ဩဂုတ်လ မကုန်မီ စာရင်းပေးသွင်းလျှင် ၂၀ % လျှော့ပါမယ်။

ချင်းတွင်းကောလိပ်(ရန်ကုန်) - အမှတ် (၇၅) သိမ်ဖြူလမ်း (အောက်ဘလောက်)၊ ဗိုလ်တစ်ထောင်မြို့နယ်။ ဖုန်း - ၀၁ ၂၉၈၁၃၇ ၊ ၂၉၇၆၇၃။
ချင်းတွင်းကောလိပ် (မန္တလေး) - စံပယ်ဆောင်၊ ဂရိတ်ဝေါတိုက်ခန်းများ၊ ၇၇ x ၇၈ နှင့် ၃၁ x ၃၂ ကြား။ ဖုန်း - ၀၂ ၇၄၁၇၉၊ ၆၈၂၄၉။
ချင်းတွင်းကောလိပ် (တောင်ကြီး) - အမှတ် (၅၇/၁၆) မြတ်ရတနာလမ်း၊ ရေအေးကွင်းရပ်။ ဖုန်း - ၀၉ ၇၈၄၀၃၈၉၉၅၊ ၇၈၄၀၃၈၉၉၆။
စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း (ပြင်ဦးလွင်) - အမှတ် (၂၀၆)၊ ဘီလမ်း။ ဖုန်း - ၀၈၅ ၂၂၁၂၈၊ ၂၁၃၉၉။
စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း (နေပြည်တော်) - ဥာဏအောင်မြေလမ်း၊ MICC နှင့် မြို့မဈေးအနီး။ ဖုန်း - ၀၆၇ ၄၂၁၇၁၈၊ ၄၂၁၇၁၉။

# ပြည်ကြီးတံခွန်မြို့နယ်၌ ရွှေတုံးအတုများလိမ်လည်ရောင်းချထားသည့် တရုတ်နိုင်ငံသားများအား ပြန်လည်ဖမ်းဆီးရမိ





**နေပြည်တော် ဩဂုတ် ၃၁**

မန္တလေးမြို့အောင်မြေသာစံမြို့နယ် စကြာ်နွယ်စဉ်ရပ်ကွက်နေ ဦးဝါဟင်း(၅၀ နှစ်)ထံသို့ ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီခွဲခန့်က ကျိုးပိန်းဝှာ (၄၂ နှစ်) ပတ်စ်ပို့အမှတ် G 46234421 က တရုတ်ဘာသာစကားဖြင့် ၎င်း၏ ရွှေကုမ္ပဏီလုပ်ငန်းပြီးဆုံး၍ တရုတ်ပြည်သို့ ပြန်မည်ဖြစ်၍ ရွှေတုံး ၅၀ ခန့် ရောင်းချလိုကြောင်း ဆက်သွယ်လာခဲ့သည်။

ထိုသို့ဆက်သွယ်မှုကြောင့် ကျွဲဆည်ကန်ကားဝင်း ဝင်ပေါက်အနီး၌ ကျိုးပိန်းဝှာပါ သုံးဦးအား တွေ့ဆုံကာ ၎င်းတို့ထံမှ ရွှေတုံး ၅၀ အား ငွေကျပ်သိန်း ၆၀၀ ဖြင့် ဝယ်ယူရန်သဘောတူညီခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် ဝယ်ယူခဲ့သည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ရွှေတုံးများအား ထပ်မံစစ်ဆေးရာ ရွှေအတုများဖြစ်နေသဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်းကအမှုဖွင့် တိုင်ကြားခဲ့သည်။

တိုင်ကြားချက်အရ စစ်ကိုင်းမြို့မရဲစခန်းနှင့် ချိတ်ဆက်စုံစမ်းခဲ့ရာ ကျိုးပိန်းဝှာပါ သုံးဦးသည် Happy Hotel အခန်း (၂၉)တွင် တည်းခိုနေကြောင်း သတင်းရရှိ၍ ပြည်ကြီးတံခွန်မြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဇော်အောင်နှင့်အဖွဲ့က သက်သေများနှင့်အတူ ဝင်ရောက်ဖမ်းဆီးခဲ့ရာ ၎င်းတို့ထံမှ မြန်မာငွေကျပ် ၆၁၀၆၀၀၀၊ အမေရိကန်ဒေါ်လာ ၃၃၇၊ တရုတ်ယွမ် ၅၂၂၅၊ ထိုင်းဘတ် ၅၆၀၊ ဟောင်ကောင်ဒေါ်လာ ၈၀ ၊ မလေးရှားရင်းဂစ် ၅၁ ၊ ရုရှားရူဘယ် ၁၅၀ ၊ စင်ကာပူဒေါ်လာ ၁၂ ၊ အာရေဗီးယားဒဟားမား ၅ တို့နှင့်အတူ လက်ကိုင်ဖုန်းတစ်လုံး၊ ရွှေတုံးအတု ၄၈ တုံး၊ ရွှေဖြတ်စတစ်စ၊ ဖြတ်လွှနှစ်ချောင်းတို့နှင့်အတူ ပြန်လည်ဖမ်းဆီးရမိကြောင်း သိရသည်။

**ကိုရဲ**

# မူဆယ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူဘလောက်တုံးများ ဖမ်းဆီးရမိ



မစိန်နီထွေး(ခ)အားဖန်နှင့် နိုင်ယိုးတို့နှစ်ဦးအား ဖမ်းဆီးရမိ ဘိန်းဖြူဘလောက်တုံးများနှင့်အတူ တွေ့ရစဉ်

**နေပြည်တော် ဩဂုတ် ၃၁**

တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(NNCC)နှင့် မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်တို့၏ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်ချက်အရ မြန်မာနိုင်ငံသား နိုင်ယိုးအား ဩဂုတ် ၃၀ ရက်က တရုတ်နိုင်ငံ ရွှေလီ၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်းငှားရမ်းနေထိုင်သည့် မူဆယ်မြို့ ကောင်းမူလွယ်ရပ်ကွက်ရှိ တိုက်တန်းလျား အခန်းအမှတ်(၁၁/၁၂)ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀၀ (ယင်းဒေသတန်ဖိုး ငွေကျပ် သိန်း ၂၈၅၀) ကို လည်းကောင်း၊ မူဆယ်မြို့စွမ်စော်ရပ်ကွက်ရှိ မရန်ပေါင်းမေ၏ အခန်းကို ရှာဖွေခဲ့ရာ ၎င်းမှာ တိမ်းရှောင်လျက်ရှိပြီး အိပ်ခန်းအတွင်းမှ ဘိန်းဖြူဘလောက်တုံး ၉၈ တုံး၊ ဘိန်းဖြူဆပ်ပြာခွက် သုံးခွက် စုစုပေါင်း ဘိန်းဖြူအလေးချိန် ၃၄ ဒသမ ၃၃၆ ကီလို (ယင်းဒေသ တန်ဖိုးငွေကျပ် ၆၈၆၇ ဒသမ ၂ သိန်း)၊ မြန်မာငွေကျပ် ၁၃ ဒသမ ၄၅ သိန်း၊ တရုတ် ယွမ် ၈၅၀၀၀ ၊ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၂၉၄ ဒသမ ၄၇ ဂရမ်တို့ကို လည်းကောင်း ရှာဖွေတွေ့ရှိခဲ့ပြီး မူးယစ်ဆေးဝါးများနှင့်ပတ်သက်သူ မူဆယ်မြို့ ကောင်းမူလွယ်ရပ်ကွက်နေ မစိန်နီထွေး၏ နေအိမ်ကို ရှာဖွေရာ မူးယစ်ဆေးဝါး မတွေ့ရှိသော်လည်း အိပ်ခန်းရှိ မီးခံသေတ္တာအတွင်းမှ မြန်မာငွေကျပ် ၁၀ သိန်း၊ တရုတ် ယွမ် ၇၅၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပင်လည်ဘူးမြို့အဝင် ပင်လည်ဘူး-မန္တလေးသွား ကားလမ်းမပေါ်၌ ချယ်ရီရတနာခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် မပြုံး၏ ပလတ်စတစ်ခြင်းအတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၃၃ ခွက် (အလေးချိန် ၃၆၃ ဂရမ်၊ (ယင်းဒေသတန်ဖိုး ငွေကျပ် ၃၆၃ သိန်း)နှင့် ရွှေထည်ပစ္စည်း ၇ ဒသမ ၅ ကျပ်သားခန့် (ကာလတန်ဖိုးငွေကျပ် ၅၇ ဒသမ ၉၀၅ သိန်း) တို့ကို လည်းကောင်း၊ ထို့အတူ သထုံခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သထုံမြို့ သိမ်ကုန်းရပ်ကွက် နတ်စင်လမ်းမပေါ်တွင် ဘေးတွဲ အငှားဆိုင်ကယ်ဖြင့်တွေ့ရှိသူ မဥမ္မာငြိမ်းနှင့် မခင်ညိုတို့ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၂၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## ဆိုင်ကယ်ချင်း မျက်နှာချင်းဆိုင်တိုက် တစ်ဦးသေဆုံး

**မိတ္ထီလာ ဩဂုတ် ၃၁**

မိတ္ထီလာ - မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၃၉/၅) အနီး၌ ဩဂုတ် ၂၉ ရက် ညနေ ၅ နာရီခွဲက ဇောင်ချမ်းကုန်းရွာထိပ်၌ မင်းဆွေ(၄၁ နှစ်) မောင်းနှင်ပြီး နောက်မှ အောင်ရဲဦး (၂၆ နှစ်)လိုက်ပါလာသည့် ဆိုင်ကယ်နှင့် မျိုးမင်းအောင်(၂၈နှစ်)ဝွေးတောက်ကုန်းရွာနေသူ စီးနင်းလာသည့်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ အောင်ရဲဦးနှင့် မျိုးမင်းအောင်တို့နှစ်ဦးတွင် ဒဏ်ရာများရရှိသွားခဲ့ပြီး မင်းဆွေမှာ ဦးခေါင်းတွင် ဒဏ်ရာရရှိသွားသဖြင့် မိတ္ထီလာဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

### မိဘအမည်မှန်

သထုံမြို့နယ်၊ အထက(ခွဲ)ညောင်ချောင်းကျောင်းနဝမတန်း(B)မှ စောစည်သူလွင်နှင့် သတ္တမတန်း(A)မှ မောင်စိုင်းဇော်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ၁၀/သထန(နိုင်)၂၅၆၀၁၇ဖြစ်၍ မိခင်အမည်မှန်မှာ ဒေါ်မာမာအေး ၁၀/သထန(နိုင်)၂၂၈၁၃၉၅ ဖြစ်ကြောင်း။ **ဦးသန်းထွန်း-ဒေါ်မာမာအေး**

### ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(ခွဲ)ညောင်ချောင်း တက္ကသိုလ်ဝင်တန်း (A)မှ မအိအိအိမ်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း(ခ) ဦးထွန်းထွန်းဝေ ၃/ဘအန(နိုင်)၁၈၆၅၇၀ ဖြစ်ကြောင်း။**ဦးထွန်းထွန်း(ခ)ဦးထွန်းထွန်းဝေ ၃/ဘအန(နိုင်)၁၈၆၅၇၀**

### မိခင်အမည်မှန်

သထုံမြို့နယ်၊ အထက(ခွဲ)ညောင်ချောင်း၊ တက္ကသိုလ်ဝင်တန်း (A)မှ မသဲယွန်းယွန်း၏ မိခင်အမည်မှန်မှာ ဒေါ်စုသန္တာစိုး(ခ) ဒေါ်စုမြတ်သန္တာစိုး ၁၀/သထန(နိုင်)၂၀၃၂၈၂ဖြစ်ကြောင်း။ **ဒေါ်စုသန္တာစိုး(ခ)ဒေါ်စုမြတ်သန္တာစိုး ၁၀/သထန(နိုင်)၂၀၃၂၈၂**

### ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(ခွဲ)ညောင်ချောင်း၊ တက္ကသိုလ်ဝင်တန်းမှ မအေးအေး၏ ဖခင်အမည်မှန်မှာ ဦးမောင်ယု(ခ)ဦးယုရွှေ ၁၀/သထန(နိုင်)၁၂၇၃၅၅ဖြစ်ကြောင်း။ **ဦးမောင်ယု(ခ)ဦးယုရွှေ ၁၀/သထန(နိုင်)၁၂၇၃၅၅**

### ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(ခွဲ)ညောင်ချောင်း၊ အဋ္ဌမတန်းမှ ၆ နော်သက်သက်ထွေးနှင့် သတ္တမတန်းမှမောင်ဝေနိုင်ထူးတို့၏ ဖခင်အမည်မှန်မှာ ဦးအဘဲ ၁၀/သထန(နိုင်)၂၅၃၀၉၈ဖြစ်ကြောင်း။ **ဦးအဘဲ ၁၀/သထန(နိုင်)၂၅၃၀၉၈**

### မိခင်အမည်မှန်

သထုံမြို့နယ်၊ အထက(ခွဲ)ညောင်ချောင်း၊ တက္ကသိုလ်ဝင်တန်း (A)မှ မဝါနုခိုင်နှင့် နဝမတန်း (B)မှမအေးဆုမွန်တို့၏ မိခင်အမည်မှန်မှာ ဒေါ်သန်းကြည်(ခ)ဒေါ်သန်းသန်းကြည် ၁၀/သထန(နိုင်)၁၂၁၁၄၄ ဖြစ်ကြောင်း။**ဒေါ်သန်းကြည်(ခ)ဒေါ်သန်းသန်းကြည် ၁၀/သထန(နိုင်)၁၂၁၁၄၄**

Dhama Sky Company Limited ပြည်ပခရီးလှည့်လည်ရေးလိုင်စင် (ပခ-၀၂၈၆)
သစ္စာမိုး ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
( ၈ ) ရက် - သံဝေဇနီယလေးဌာန၊ အဝိဇဟိတသုံးဌာန (၈.၈) သိန်း
(၁၂) ရက် - သံဝေဇနီယလေးဌာန၊ အဝိဇဟိတသုံးဌာန ( ၉ ) သိန်း
(၁၅) ရက် - သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန(၁၀.၅)သိန်း
တပ်ချ်မဟာ၊ ဒေလီ (Hotel 2 Night) (၁၆) ဦး (၁) ဦး အခမဲ့
သီရိလင်္ကာနိုင်ငံ (ဗုဒ္ဓမြတ်စွယ်တော်ဖူး)
(Hotel-အိပ်/စား) ၆ ည/၇ ရက် - USD 1250
အမှတ်(၄)၊ ဒုတိယထပ်(ဝဲ)၊ ဘယသုဒ္ဓိဖြတ်လမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
09 43157439, 09 96 5009943, 09 777075919

### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ကချင်ပြည်နယ်ကုသရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

၁။ ကချင်ပြည်နယ် ကုသရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်၊ မြို့နယ်၊ တိုက်နယ်ဆေးရုံများနှင့် မြစ်ကြီးနား မူးယစ်ဆေးစွဲရောဂါကုဆေးရုံအတွက် လိုအပ်သော ဆေးဝါးများ ဓာတ်ခွဲခန်းသုံး ဓာတ်မှန်ခန်းသုံးပစ္စည်းများ (FDA) အသိအမှတ်ပြုကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၈-၂၀၁၆ရက်
**ပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၂၇-၉-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်ဆေးဝါးစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကချင်ပြည်နယ် ကုသရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၇၄-၂၂၃၀၃၊ ၂၂၈၈၂သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်၊ မြေကွက်/ဦးပိုင်အမှတ် (ဒ-၄၂၉၉)၊ ဧရိယာ ၀ဒသမ၀၈၂၈ဧကရှိ ဒေါ်ညွန့်၊ ဒေါ်ကြည်ကြည်ဝင်း အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်အေးအေးသန့် ၉/မခန(နိုင်)၁၃၃၂၆၇(ဘ)ဦးထွန်းရွှေမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
### ကုန်သွယ်ရေးဦးစီးဌာန
### ကုန်သွယ်ရေးစခန်း(ထီးခီး)
### တည်ဆောက်ခြင်းလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ မြေတ္တာမြို့ရှိ ကုန်သွယ်ရေးစခန်း(ထီးခီး)၌ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း (၂)မျိုးအား တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်ပါသည်-

(က) ဝန်ထမ်းအိပ်ဆောင် (၉၀'×၃၀'×၁၂')၊ RC (၁)ထပ် အဆောက်အအုံတစ်လုံး တည်ဆောက်ခြင်း

(ခ) မြေထိန်းနံရံ (၂၀၀'×၁၈') တည်ဆောက်ခြင်း

**တင်ဒါရောင်းချမည့်နေ့ရက်** - ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၈-၉-၂၀၁၆ရက် (ကြာသပတေးနေ့)
**တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁၅-၉-၂၀၁၆ရက် (ကြာသပတေးနေ့)
**တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာန၊ ထားဝယ်မြို့။
**တင်ဒါရောင်းချရမည့်နေရာ** - တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာန၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၁၀၅၆

တင်ဒါစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ဖော်ပြပါလိပ်စာသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**

### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ (H.S.D)များကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကို ၁၅-၉-၂၀၁၆ရက် ၁၃း၀၀နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် ၂-၉-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၂၉နှင့် ၀၁-၈၆၁၀၂၃၂တို့သို့ စုံစမ်းနိုင်ပါသည်။ **ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

### ဆောက်လုပ်ရေးဝန်ကြီးဌာန
### တံတားဦးစီးဌာန
### တည်ဆောက်ရေးအဖွဲ့(၂)
### လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ချင်းပြည်နယ်၊ ရေဇွာမြို့နယ်တွင်တည်ဆောက်မည့် ဟားခါး-မတူပီလမ်း ၁၈၀ ကီလိုမီတာ-၁၈၀.၂ကီလိုမီတာကြား ဖွာလောချောင်းတံတား ၂၁ ဒသမ ၃၃ မီတာအရှည်နှင့် ၁၉၉.၈ မီတာ-၂၀၀ ကီလိုမီတာကြား ဝမ်ဖူးချောင်းတံတား ၃၆ ဒသမ ၅၇ မီတာအရှည်များ တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောအောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | ပေးပို့ရမည့်နေရာ | မှတ်ချက် |
|---|---|---|---|
| ၁။ | သံချောင်းလုံး(ရွယ်စုံ) | လုပ်ငန်းခွင်အရောက် | လုပ်ငန်းသုံးပစ္စည်းများ |
| ၂။ | ဘိလပ်မြေ | ။ | သတ်မှတ်စံချိန်စံညွှန်းပြည့်မီကြောင်း တံတားဦးစီးဌာန အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ၏ စမ်းသပ်စစ်ဆေးချက်လက်မှတ်ပါရှိမှသာ တင်ဒါယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ |
| ၃။ | ချောင်းသဲ | ။ | |
| ၄။ | Chipping | ။ | |
| ၅။ | တောသစ်(ရွယ်စုံ) | ။ | |
| ၆။ | ဒီဇယ်ဆီ(ပရီမီယံ) | ။ | |

၂။ (က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** - ၁-၉-၂၀၁၆ ရက်၊ နံနက် ၉း၀၀ နာရီ
(ခ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန်** - ၂၃-၉-၂၀၁၆ ရက်၊ ညနေ ၁၆း၀၀ နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါကျင်းပမည့် ရက်/အချိန်** - ၂၇-၉-၂၀၁၆ ရက်၊ နံနက် ၁၀း၀၀ နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါကျင်းပမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မင်းတပ်ခရိုင်နှင့် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တည်ဆောက်ရေးအဖွဲ့(၂)၊ လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့နယ်၌ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၉၇၁၃၈၀၆၆၇သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ရိုးရာလက်ဝှေ့ပြိုင်ပွဲ ရန်ကုန်ရိုးရာလက်ဝှေ့အသင်း ဒိုင်းဆုဆွတ်ခူး



တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်အသင်းအား တွေ့ရစဉ် ဓာတ်ပုံ- မင်းထက်

**ရန်ကုန် ဩဂုတ် ၃၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးပြီး မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က စီစဉ်ကျင်းပသော (၁၄)ကြိမ်မြောက်တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့နောက်ဆုံး ပိုလ်လုပွဲစဉ်များအဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးရိုးရာလက်ဝှေ့အသင်းက တံခွန်စိုက်ဒိုင်းဆုကြီးကို ဆွတ်ခူးရရှိသွားသည်။

ယနေ့နောက်ဆုံးနေ့အဖြစ် ကျင်းပသည့် (၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကြီးကို ရန်ကုန်တိုင်းဒေသကြီးအသင်းက ဆွတ်ခူးရရှိခဲ့ပြီး (က)အဆင့်ပြိုင်ပွဲတွင် မန္တလေးအသင်းက ရွှေသုံးခု၊ ကြေးတစ်ခုဖြင့် ပထမ၊ ရန်ကုန်အသင်းက ရွှေနှစ်ခု၊ ငွေငါးခုဖြင့် ဒုတိယနှင့် တတိယရရှိသည့် ကရင်ပြည်နယ်က ရွှေ နှစ်ခု၊ ငွေသုံးခုနှင့် ကြေးသုံးခု ရရှိခဲ့ကာ (ခ)အဆင့်ပြိုင်ပွဲတွင် ရန်ကုန်က ရွှေလေးခု၊ ငွေနှစ်ခုဖြင့် ပထမ၊ ကရင်ပြည်နယ်ကရွှေတစ်ခု၊ ငွေသုံးခု၊ ကြေးသုံးခုဖြင့် ဒုတိယနှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်က ရွှေတစ်ခု၊ ငွေတစ်ခုနှင့် ကြေးနှစ်ခု ရရှိခဲ့သည်။ တစ်ဖန် (ဂ) အဆင့်ပြိုင်ပွဲများတွင် ကရင်ပြည်နယ်ကရွှေ နှစ်ခု၊ ငွေနှစ်ခု၊ ကြေးသုံးခုဖြင့် ပထမ၊ မွန်ပြည်နယ်က ရွှေနှစ်ခု၊ ငွေနှစ်ခုနှင့် ကြေးတစ်ခုဖြင့် ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးက ရွှေနှစ်ခု၊ ငွေတစ်ခုနှင့် ကြေး တစ်နှစ်ခုတို့ဖြင့် တတိယနှင့် လူသစ်တန်း ပြိုင်ပွဲများတွင် ပထမ ကရင်ပြည်နယ်အသင်းက ရွှေလေးခု၊ ငွေသုံးခုနှင့် ကြေးတစ်ခု၊ ဒုတိယ ရန်ကုန်အသင်းက ရွှေနှစ်ခု၊ ငွေတစ်ခုနှင့် ကြေးနှစ်ခု၊ တတိယဆုကို တနင်္သာရီတိုင်းဒေသကြီးက ရွှေတစ်ခု၊ ငွေနှစ်ခုနှင့် ကြေးတစ်ခု အသီးသီး ဆွတ်ခူးရရှိခဲ့သည်။

ဆက်လက်ပြီး အတန်းလိုက် အကောင်းဆုံး လက်ဝှေ့သမားဆုကို (က) အဆင့်တွင် ၅၇ ကီလိုတန်းမှ ကျားဘဟိန်း (စစ်ကိုင်း)ကလည်းကောင်း၊ (ခ) အဆင့် အကောင်းဆုံးလက်ဝှေ့သမားဆုကို ၅၇ ကီလိုတန်းမှ သားကျော်ဖြောင့် (မွန်ပြည်နယ်) ကလည်းကောင်း၊ (ဂ) အဆင့် အကောင်းဆုံးလက်ဝှေ့သမားဆုကို ၄၈ ကီလိုတန်းမှ သိန်းနိုင်ထွန်း (မန္တလေး)ကလည်းကောင်း၊ လူသစ်တန်းပြိုင်ပွဲတွင် အကောင်းဆုံးလက်ဝှေ့သမားဆုကို (၇၁) ကီလိုတန်းမှ ထွန်းလင်းခန့်(စစ်ကိုင်း)က လည်းကောင်း အသီးသီး ရရှိခဲ့သည်။

**သတင်း - မောင်စိန်လွင် (မြန်မာ့အလင်း)**

---



# အာဆီယံပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၉ အသင်း အပြီးသတ်ပြင်ဆင်

**ရန်ကုန် ဩဂုတ် ၃၁**

ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ကျင်းပမည့် ၂၀၁၆ အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၉ အသင်းသည် အပြီးသတ်လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၁၉ အသင်းသည် အဆိုပါပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် ဧပြီလကတည်းက လေ့ကျင့်မှုပြုလုပ်ခဲ့ပြီး လက်ရှိတွင် ပဏာမကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်အထိ မန္တလေးမြို့၌ လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲကျင်းပခဲ့ပြီး ထိုင်း ယူ-၁၉၊ ဗီယက်နမ် ယူ-၁၉၊ ဂျပန် ဒုတိယတန်းကလပ် ဆာပေါရိ ယူ-၁၈ အသင်းတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာယူ-၁၉ အသင်းသည် ပြိုင်ပွဲတွင်အောင်မြင်မှုရယူနိုင်ခဲ့ခြင်းမရှိသော်လည်း ထိုင်း ယူ-၁၉အသင်းနှင့် နှစ်ပွဲအပါအဝင် နိုင်ငံတကာပွဲလေးပွဲကစားခဲ့ရသောကြောင့် အတွေ့အကြုံကောင်းများရယူနိုင်ခဲ့ပြီး ခြေစွမ်းပိုင်းအရ တစ်ပွဲထက်တစ်ပွဲ ပိုကောင်းခဲ့သည်။

လက်ရှိဖွဲ့စည်းထားသည့် မြန်မာယူ-၁၉ အသင်းတွင် ၂၀၁၅ ခုနှစ်က ဖွဲ့စည်းခဲ့သည့် ယူ-၁၉ အသင်းမှကစားသမား အများစုပါဝင်လာသော်လည်း တစ်နှစ်နီးပါး နိုင်ငံတကာပွဲမကစားခဲ့ရခြင်း၊ အချို့မှာ ပထမဆုံးနိုင်ငံတကာ ပွဲကစားရခြင်းတို့ကြောင့် ပြိုင်ပွဲအစတွင် ရုန်းကန်ခဲ့ရသော်လည်း တစ်ပွဲထက်တစ်ပွဲပိုကောင်းအောင် ကစားနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉အသင်းသည် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအပြီးတွင် ဩဂုတ် ၃၀ ရက်ညနေပိုင်းမှစ၍ ရန်ကုန်မြို့၌ လေ့ကျင့်လျက်ရှိပြီး စက်တင်ဘာလ ပထမပတ်တွင် အပြီးသတ် ၂၃ ဦးရွေးချယ်မည်ဖြစ်သည်။

မြန်မာအသင်းယှဉ်ပြိုင်မည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို စက်တင်ဘာ ၁၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ခ)တွင် လက်ရှိချန်ပီယံ ထိုင်း၊ ဩစတြေးလျ၊ လာအို၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားတို့နှင့် ကျရောက်နေသည်။ အုပ်စု (က)တွင် ဗီယက်နမ်၊ မလေးရှား၊ တီမော၊ စင်ကာပူနှင့် ဖိလစ်ပိုင်တို့ပါဝင်လျက်ရှိသည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၂ ရက်တွင် အင်ဒိုနီးရှား၊ စက်တင်ဘာ ၁၄ ရက်တွင် ဩစတြေးလျ၊ စက်တင်ဘာ ၁၆ ရက်တွင် လာအို၊ စက်တင်ဘာ ၁၈ ရက်တွင် ကမ္ဘောဒီးယား၊ စက်တင်ဘာ ၂၀ ရက်တွင် လက်ရှိချန်ပီယံ ထိုင်းအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲငါးပွဲကို တစ်ရက်ခြား ကစားရမည်ဖြစ်သောကြောင့် ပွဲပန်းနိုင်ပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် ခက်ခက်ခဲခဲကြိုးပမ်းရဖွယ်ရှိနေသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

---


ODYSSEY
ပြည်တွင်း-ပြည်ပလေယာဉ်လက်မှတ်
အိမ်အရောက်ပို့ဝန်ဆောင်မှု
01-246334,246339,240545
အရောင်းခွဲကိုယ်စားလှယ်ယူနိုင်သည်


**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သာယာအေးရွာမ ၃လမ်းနေ ဦးသိန်းနိုင်(ခ)ဦးသင်းနိုင် ၇/သဝတ(နိုင်)၀၀၃၈၂၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသိန်းနိုင်(ခ)ဦးသင်းနိုင်**

**ဖခင်အမည်မှန်**

မင်းဘူးမြို့ အထက (၁) တက္ကသိုလ်ဝင်တန်း(G) မှ မမြကေခိုင်၏ ဖခင်အမည်မှန်မှာ ဦးမင်းစိုးကျော် ၈/မဘန(နိုင်)၁၀၃၈၇၈ ဖြစ်ပါကြောင်း။

**ဦးမင်းစိုးကျော် ၈/မဘန(နိုင်)၁၀၃၈၇၈**

**အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ် အထက စံရွေး စတုတ္ထတန်းမှ မောင်အောင်ကောင်းခန့်၏ အမည်မှန်မှာ မောင်ရှိုးပြည့်မောင် ဖြစ်ပါကြောင်း။ **မောင်ရှိုးပြည့်မောင်**


တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

BASIC ENGLISH SPEAKING
9 - 12:00 (Sat + Sun) 4 Sep
6 - 7:30 (Mon ~ Thurs) 6 Sep
1 - 4:00 (Sat + Sun) 10 Sep
7:30 - 9 (Mon ~ Thurs) 12 Sep
10-11:30 (Mon ~ Thurs) 26 Sep

BASIC FOUR SKILLS ENGLISH
1 - 4:00 (Sat + Sun) 27 Aug
3:30 - 5 (Mon ~ Thurs) 30 Aug
9 - 12:00 (Sat + Sun) 10,17 Sep
10-11:30 (Mon~Thurs) 13,26 Sep
3:30 - 5 (Mon ~ Thurs) 13 Sep
7:30 - 9 (Mon ~ Thurs) 19 Sep

BASIC WRITING
1 - 4:00 (Sat + Sun) 28 Aug

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30-10:30 (Sat + Sun) 4 Sep
1 - 2:30 (Mon ~ Thurs) 5 Sep
7:30 - 9 (Mon ~ Thurs) 13 Sep
1 - 4:00 (Sat + Sun) 24 Sep
1 - 2:30 (Mon ~ Thurs) 26 Sep

INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon ~ Thurs) 5 Sep
10-11:30 (Mon ~ Thurs) 13 Sep
1 - 2:30 (Mon ~ Thurs) 26 Sep

VOCAB ENRICHMENT
1 - 2:30 (Mon ~ Thurs) 30 Aug
7:30 - 9 (Mon ~ Thurs) 17 Oct

BASIC GRAMMAR
3:30 - 5 (Mon ~ Thurs) 23 Aug
1- 4:00 (Sat + Sun) 17 Sep

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှည်းတန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
10-11:30 (Mon~Thurs) 13,26 Sep
12 - 3:00 (Sat + Sun) 17 Sep
3:30 - 5 (Mon ~ Thurs) 26 Sep

BASIC FOUR SKILLS ENGLISH
7:30-10:30 (Sat + Sun) 4 Sep
10-11:30 (Mon~Thurs) 5 Sep
6 - 7:30 (Mon~Thurs) 5 Sep
7:30 - 9 (Mon~Thurs) 12 Sep

IELTS (Preparation)
1 - 4:30 (Sat + Sun) 27 Aug
7:30-9:30 (Mon~Thurs) 12 Sep

IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 5 Sep

IELTS (Reading + Vocab)
1 - 3:00 (Mon~Thurs) 29 Aug

BASIC GRAMMAR
1- 2:30 (Mon ~ Thurs) 6 Sep

PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon ~ Thurs) 13 Sep
12 - 3:00 (Sat + Sun) 24 Sep

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 19 Sep

IELTS (Preparation)
4:30-7:30 (Sat + Sun) 24 Sep

IELTS (Writing+Grammar)
12:30-3:30 (Sat + Sun) 24 Sep

IELTS (Grammar + Vocab)
10-11:30 (Mon~Thurs) 22 Aug

IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 26 Sep





မြန်မာတနိုင်ငံလုံး ဆိုင်ခွဲပေါင်း(၁၁)ခုတွင် ရွေးချယ်ဝယ်ယူနိုင်ပါသည်
HOTLINE: 09 79 700 70 70
09 79 700 70 80


## ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၇ရက် နှင့် ၂၈ ရက်တို့တွင် ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ ထိုသို့ ကျင်းပနိုင်ရန်အတွက် ညီလာခံအစည်းအဝေးခန်းမအဖြစ် မေတ္တာဖြင့် အသုံးပြုခွင့်ပေးခဲ့ပါသော ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအားလည်းကောင်း၊ ညီလာခံကျင်းပစဉ်အတွင်း အဘက်ဘက်မှကူညီဆောင်ရွက်ပေးခဲ့သော အဆိုပါဦးစီးဌာနမှဝန်ထမ်းများ၊ စာပေဗိမာန်ဝန်ထမ်းများအားလည်းကောင်း၊ စည်းကမ်းရှိရှိ စည်းလုံးညီညွတ်မှုအပြည့်နှင့် စာပေသစ္စာစောင့်သိစွာဖြင့် တက်ရောက်ခဲ့ကြသော ညီလာခံကိုယ်စားလှယ်များအားလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဒုတိယအကြိမ် ညီလာခံသက်တမ်းအတွက် ဗဟိုအမှုဆောင်ကော်မတီအသစ် စနစ်တကျရွေးချယ်တင်မြှောက်ဖွဲ့စည်းပေးခဲ့ပါသော ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအေးချို (စာရေးဆရာ ဦးအေးချို-မဟာဝိဇ္ဇာ)နှင့် အတွင်းရေးမှူးဦးတင်ယု(စာရေးဆရာ ချစ်ကိုကိုယု)တို့ ပါဝင်သော ကော်မရှင်အဖွဲ့အားလည်းကောင်း၊ ဒုတိယအကြိမ် ညီလာခံကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် စာအုပ်(၈၀၀၀)လှူဒါန်းခဲ့သော မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းအားလည်းကောင်း၊ ငွေသားနှင့်စာအုပ်စာစောင်များ လှူဒါန်းပေးကြသော အလှူရှင်များနှင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းပြုဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**


ဦးနိုင်ဝင်း အားသစ် ဦးကိုကိုစိုး
ရဲ့တပ်ဖွဲ့ဝင်နှင့် ဒုရဲအုပ် ဝင်ခွင့်
ရဲ့စာရေးများသော(ကျား/မ)
၁၄၈(၄လွှာ)ဆိပ်ကမ်းသာလမ်း(အောက်)ပန်းဆိုးတန်းမှတ်တိုင်


**အမည်ပြောင်း**

ဦးကျော်ဦး-ဒေါ်မေစုလှိုင်တို့၏သား ရွှေဘိုမြို့၊ အမှတ် (၁) အခြေခံပညာမူလတန်းလွန်ကျောင်း သခွတ္တောရပ် စတုတ္ထတန်းမှ မောင်ရန်ကြီးအောင်အား မောင်အံ့ဘုန်းအောင်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အံ့ဘုန်းအောင်**

**အမည်မှန်**

တန့်ယန်းမြို့နယ်၊ အထက၊ မိုင်းကောင် နဝမတန်းမှ နန်းမွေနွံ၏ အမည်မှန်မှာ နန်းမိုနွံဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစိုင်းအောင်လင်း ၁၃/တယန(နိုင်)၀၃၂၁၂၉ ဖြစ်ပါသည်။

**အမည်မှန်**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အထက (၂) တက္ကသိုလ်ဝင်တန်း(E) မှ ဦးယော်ထုန် ၏သမီး မဘောက်ထွယ်၏ အမည်မှန်မှာ မဘောက်နူးမိုင် ဖြစ်ပါသည်။ **မဘောက်နူးမိုင်**

စာအုပ်စာပေ လူ့မိတ်ဆွေ

# အသက်မွေးဝမ်းကျောင်းသင်တန်း၌ဆွေးနွေး

**သဲကုန်း သြဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လောင့်ကြီးကျေးရွာအုပ်စု ရင်းတိုက်တန်းဓမ္မာရုံ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်စက်သင်တန်း (၄/၂၀၁၆)အား ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါသင်တန်းတွင် သြဂုတ် ၂၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြောင်းကို ရှင်းလင်းပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက်သင်တန်းမှရရှိလာသော ပညာရပ်များအပေါ် လက်တွေ့နယ်ပယ်တွင် စနစ်တကျအသုံးချလုပ်ကိုင်ဆောင်ရွက်တတ်ရန်လိုကြောင်း၊သင်တန်းသူများနှင့် အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေး

**ဘုရားသုံးဆူ သြဂုတ် ၃၁**

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးမှ ဝန်ထမ်းများနှင့် NRC အဖွဲ့တို့ပူးပေါင်း၍ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းကို သြဂုတ် ၂၉ ရက် နံနက် ၈ နာရီက အနန်းကွင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပ ပြုလုပ်ခဲ့သည်။



အဆိုပါနိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်းကို သြဂုတ် ၂၃ရက်မှ ၂၄ ရက်အထိ အနန်းကွင်းကျေးရွာအုပ်စုမှ ကျောင်းသား ၉၀ ၊ ကျောင်းသူ ၁၃၀၊ ကျောက်ဘီလူးကျေးရွာအုပ်စု စာသင်ကျောင်းများရှိ ကျောင်းသား ၁၈ ဦး၊ ကျောင်းသူ ၁၂ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၅၀ တို့အား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**ပရိယတ္တိသာသနာ့နုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးမှ အကြိမ်(၉၀)မြောက် အကျိုးတော်ဆောင် တရားဟောဓမ္မကထိက ဆရာတော်ကြီးများအား ချီးကျူးပူဇော်ပွဲနှင့် အာစိဏ္ဏကံပဒေသာပင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲအခမ်းအနားကို သြဂုတ် ၂၈ ရက်က ကြည့်မြင်တိုင်မြို့နယ်ရှိ ယင်းအသင်းတိုက်အဆောက်အအုံ၌ကျင်းပရာ ဆရာတော်ကြီးများအား အသင်းမှ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက ပူဇော်ကန်တော့ကြစဉ်**
တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မြေပုံ သြဂုတ် ၃၁**

ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံကိန်းကျေးရွာများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးရွာခြောက်ရွာဖြစ်သော လောင်းဒရိတ်ကျေးရွာ၊ ဇီးပေါက်ကျေးရွာ၊ ကောင်းဖြူ၊ င/ရွှေပြင်၊ ချောင်းကြီး၊ တောင်းကြီးရင်းကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို သြဂုတ်လစတုတ္ထပတ်က မြို့နယ်ကျေးလက်ဦးစီးမှူးဦးဘစောနှင့် ဝန်ထမ်းများက ကျေးရွာအရောက် ကွင်းဆင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(၁၅၇)

# စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာရေးစခန်း ပေါက်ခေါင်းမြို့နယ်၌ဖွင့်

**ပေါက်ခေါင်း သြဂုတ် ၃၁**

စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာရေးစခန်းဖွင့်ပွဲနှင့် နည်းပညာပေး ဆွေးနွေးပွဲအား ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် မြို့မစခန်း၌ သြဂုတ် ၂၆ ရက်ကကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်နှင့် ဦးသက်မင်းဇော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး ဒုတိယဦးစီးမှူးတို့က အမှာစကားပြောကြားကာ ခရိုင် မြေ၊ မျိုး၊ ပိုး တာဝန်ခံများက ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူ တောင်သူလယ်သမားများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်နိုင် (ပြည်)**

**ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးအုန်းဖေ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် သြဂုတ် ၂၉ ရက်က ဆတ္တိုးပေါက် အောင်ချမ်းသာရေဘေးဒုက္ခသည်စခန်းသို့ သွားရောက်ကာ ဆန်အိတ်ခြောက်အိတ်နှင့် ငွေကျပ် ၃၅၀၀၀၀ အားလှူဒါန်းစဉ်** (ရမည်းသင်းခရိုင် နယ်မြေအတွင်း မိုးများသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဆတ္တိုးပေါက်ကျေးရွာနှင့်အောင်ချမ်းသာ ကျေးရွာတို့တွင် ဆင်သေချောင်းအတွင်း တောင်ကျရေများ ဝင်ရောက်ခဲ့ကာ ရေဘေးဒုက္ခ ခံစားရလျက်ရှိသည့် ဒေသခံများအား ခရိုင်ရဲတပ်ဖွဲ့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးများနှင့် ရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ စုပေါင်း၍ သွားရောက်လှူဒါန်းကြသည်။)
(မြန်မာ့အလင်း)



# ညောင်တုန်းမြို့နယ် ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်း

**ဒလ သြဂုတ် ၃၁**

ဒလမြို့ ကမာကဆစ်ဈေးမိသားစုများစုပေါင်း၍ ဈေးတာဝန်ခံ ဦးဌေးဝင်း ဦးဆောင်သောအဖွဲ့သည် ညောင်တုန်းမြို့နယ်အတွင်း မြစ်ရေကြီးမှုကြောင့် ရေဘေးသင့်ခံရသော အင်းမကျေးရွာသို့ သြဂုတ် ၂၆ ရက်က သွားရောက်၍ ငွေကျပ် ၂၅၉၂၂၅၀ တန်ဖိုးရှိ ဆန်အိတ် ၆၀၊ ရေသန့်ဘူးကတ်ပေါင်း ၆၆၀ နှင့် အဝတ်အထည်၊ ဖိနပ်၊ ခေါက်ဆွဲခြောက်၊ ကြက်သွန်၊ ဆေးဝါးစသည့် အထွေထွေပစ္စည်းထုပ်များကို လှူဒါန်းခဲ့ကြသည်။

အဆိုပါ ရေဘေးသင့်ကျေးရွာသို့ သွားရောက်လှူဒါန်းခဲ့သော ကမာကဆစ်ဈေးသူဈေးသားများအဖွဲ့ကို ညောင်တုန်းမြို့နယ် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကွပ်ကဲရေးအဖွဲ့ရုံး၌ မြို့နယ်မီးသတ်ဦးစီးမှူး သန့်ဇင်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

# သီပေါ-ဘော်ကြိုဘုရားကြီးဂေါပကအဖွဲ့အသစ်ပြန်လည်ရွေးချယ်

**သီပေါ သြဂုတ် ၃၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ သီရိဓမ္မာသောကမင်းကြီးတည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင်ဘော်ကြိုဘုရားကြီး ဂေါပကအဖွဲ့ပြန်လည်ရွေးချယ်ခြင်းကို သြဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်သံဃနာယကအဖွဲ့ရုံး အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ်ထံမှ သြဝါဒကထာနှင့် ငါးပါးသီလခံယူဆောက်တည်ကြပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်က လက်ရှိသာသနာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လျှောက်ထားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့က သာသနာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း တင်ပြလျှောက်ထားကြသည်။

ဆက်လက်၍ ဘော်ကြိုဘုရားကြီး ဂေါပကအသစ်အား ပြန်လည်ရွေးချယ်ကြရာ နာယကများအဖြစ် ဦးအောင်ခင်နှင့် အဖွဲ့ဝင်သုံးဦး၊ ဥက္ကဋ္ဌအဖြစ် ဦးစိုင်းသာညွန့် (ဦးဆန်စိုင်း)နှင့် အဖွဲ့ဝင် ၃၅ ဦးတို့ကိုလည်းကောင်း ရွေးချယ်တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ဥတ္တရသီရိမြို့နယ်တွင် မူးခင်းအသိပညာပေးခြင်းဆောင်ရွက်

**နေပြည်တော် သြဂုတ် ၃၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ညွှန်ကြားချက်အရ နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ဒုတိယတပ်ဖွဲ့မှူးက အနီးကပ်ကြီးကြပ်၍ သြဂုတ် ၂၉ ရက် နံနက် ၉ နာရီခွဲက ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် CAE ကိုယ်ပိုင်အထက်တန်းကျောင်း၌ မူးခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ကျောင်းသားကျောင်းသူများအား အသိပညာပေးခြင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘုရားကုန်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဇော်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်အထူးတပ်ဖွဲ့စု (၁၀၁)မှ ဒုတိယရဲမှူးအောင်ကိုနိုင်၊ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်ဌေးလွင်နှင့် တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှု၊ လူနေမှုဘဝဆုံးရှုံးခြင်း သိမှတ်ဖွယ်ရာများ ဟောပြောအသိပညာပေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနှင်းမော်နှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူ စုစုပေါင်း ၅၀၀ ခန့် ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



# အမျိုးသားအဆင့်လျှပ်စစ်မီးရရှိရေး ကျေးရွာဆိုလာမီးတပ်ဆင်

**ကျောက်တော် သြဂုတ် ၃၁**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေးစီမံကိန်း (National Electrification Project) ဖြင့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း၌ ရှိသော ကျေးရွာ ၁၁ ရွာအား သြဂုတ်လစတုတ္ထပတ်က မြို့နယ်ကျေးလက်ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့်ဝန်ထမ်းများက ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ ကျေးရွာသူ/သားများနှင့် တွေ့ဆုံပြီး LED နှင့် ဆက်စပ်ပြီးပုံစံ(၁)တွင် ၃၂၀ ယူနစ်၊ ပုံစံ(၂)တွင် ယူနစ် ၂၉၀၊ ပုံစံ(၃) တွင် ၈၇၇ ယူနစ်ပေါင်း ၁၄၈၈ ယူနစ်တို့ကို ကမ္ဘာ့ဘဏ်အထောက်အပံ့နှင့် ပြည်သူများထည့်ဝင်ငွေတို့ဖြင့် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ**

# ရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် ကျွန်းများပေါ်ထွန်းလာခြင်း

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ကမ္ဘာ့သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်တို့၏အောက်၌ ရှင်မီးတောင်များအပါအဝင် ရေအောက်ရောမမီးတောင်ကြီးများလည်း အများအပြားငုပ်လျှိုးတည်ရှိနေကြသည်။ အဆိုပါ ရေအောက်မီးတောင်ကြီးများသည် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကတည်းကပင် ပေါက်ကွဲပွင့်အန်ခဲ့ကြသည်။ လက်ရှိတွင်လည်း ပေါက်ကွဲနေဆဲ၊ ပွင့်အန်နေဆဲဖြစ်ကာ နောင်လာမည့် အနာဂတ်ကာလများ၌လည်း စဉ်ဆက်မပြတ် ပေါက်ကွဲပွင့်အန်နေကြဦးမည်သာဖြစ်သည်။

သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်အောက်ရှိ အချို့သော မီးတောင်ကြီးများမှာ ကမ္ဘာ့မြေပြင်ပေါ်ရှိ ရောမမီးတောင်ကြီးများထက်ပင် အရွယ်အစား ပို၍ကြီးမားကြသလို ပေါက်ကွဲမှုအားကလည်း မြေပေါ်မီးတောင်များထက် အဆများစွာ ကြီးမားပြင်းထန်တတ်ကြသည်။ ကမ္ဘာ့မြေပြင်ပေါ်ရှိ မီးတောင်များ ပေါက်ကွဲပွင့်အန်ကြသည့်အခါ ဖိအားအနည်းငယ်မျှသာရှိသော လေထုကိုဖြတ်သန်းရသည့်အတွက် ကျောက်တုံးများ၊ ချော်တုံးချော်ခဲများ၊ အခိုးအငွေ့များ၊ ချော်ရည်များကို လွတ်လပ်စွာမှုတ်ထုတ်ခွင့်ရရှိကြသည်။ ရေပြင်အောက်ရှိ မီးတောင်များ ပေါက်ကွဲပွင့်အန်ကြသည့် အခါ၌မူကား ထုထည်ပမာဏကြီးမားလှသော ရောမရေထုကြီး၏ဖိအားကို ဆန့်ကျင်ထိုးဖောက်ကြရသည့်အတွက် အင်အားရှိသလောက် အစွမ်းပြခွင့် မရရှိကြချေ။

သို့ရာတွင် ရေအောက်မီးတောင်များသည် ထိုမျှလောက်သော ရောမရေထုကြီးကို ဖီလာဆန့်ကျင်ပြီး ချော်တုံးချော်ခဲနှင့် ချော်ရည်များ၊ ကျောက်တုံးများ၊ ပြာမှုန်နှင့်အခိုးအငွေ့များကို ပမာဏများပြားစွာ မှုတ်ထုတ် ခဲ့ကြသည့်အတွက် ကမ္ဘာ့သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်များပေါ်၌ ကျွန်းများကို ဖြစ်တည်စေခဲ့ကြသည်။ ဤသို့အားဖြင့် ပစိဖိတ်သမုဒ္ဒရာရေပြင်ပေါ်၌ ဟာဝိုင်ယီကျွန်းစုများနှင့် ကာရိုလိုင်းကျွန်းစုများ၊ အတ္တလန္တိတ်သမုဒ္ဒရာရေပြင်ပေါ်၌ ဘာမြူဒါကျွန်း၊ အိန္ဒိယသမုဒ္ဒရာ ရေပြင်ပေါ်၌ ခရစ္စမတ်ကျွန်း စသည်တို့ကို ပေါ်ပေါက်လာစေခဲ့သည်။

ခေတ်သစ် သိပ္ပံပညာရပ်တို့ဖြင့် လေ့လာတိုင်းထွာချက်များအရ ရေအောက်၌ ငုပ်လျှိုးနေကြသော မီးတောင်ကြီးများ ပေါက်ကွဲပွင့်အန်မှုကြောင့် ဖြစ်တည်လာရသော ကျွန်းများ၏ အခြေချရာ သမုဒ္ဒရာရေပြင်အောက်ချိုင့်ဝှမ်းကြီးများသည် ကမ္ဘာ့တိုက်ကြီးများ အခြေချရာ ကုန်းမြေထုကြီးများကဲ့သို့ ထူထဲခြင်းမရှိဘဲ အများဆုံး ကီလိုမီတာ ၈၀ ခန့်အထိသာ ရှိနေကြကြောင်း တွေ့ရှိရသည်။

ကမ္ဘာ့ကုန်းမြေထု အစိုင်အခဲကြီးနှင့် နှိုင်းယှဉ်လျှင် အလွန်ပင်ပါးလွှာလှသော သမုဒ္ဒရာရေပြင်အောက် ချိုင့်ဝှမ်းကြီးများကို ထိုးဖောက်ကာပွင့်အန်ခဲ့ကြရသည့် ရေအောက်မီးတောင်ကြီးများသည် ရေထုကြီး၏ ဖိအားကြောင့် လွတ်လွတ်လပ်လပ်ပေါက်ကွဲပွင့်အန်ခွင့်ကို မရရှိသောကြောင့် အလွန်ပူပြင်းလှသည့် ချော်ရည်ချော်မြှုပ်များ၊ ကျောက်တုံးနှင့် ချော်ခဲများ၊ ပြာမှုန်များသည်လည်း ပထမအဆင့် အနေဖြင့် ရေပြင်အောက်၌ တောင်ကုန်းငယ်ကလေးများအဖြစ်သို့ ရောက်ရှိလာကြသည်။

နှစ်ကာလ ကြာမြင့်လာသည်နှင့်အမျှ ရေအောက် မီးတောင်ကြီးများ ထပ်မံပေါက်ကွဲပွင့်အန်ကြသည့်အခါ ကနဦးဖြစ်တည်ခဲ့သော ရေအောက်တောင်ကုန်းငယ်များပေါ်၌ အေးခဲသွားသော ချော်တုံးနှင့်ကျောက်တုံးများက အလွှာထပ်ပိုးကာ တောင်ကုန်းကြီးများကို ဖြစ်လာစေသည်။ ဤသို့အားဖြင့် ကမ္ဘာ့သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်တို့၏အောက်၌ လူမသိသူမသိဖြင့်ပေါက်ကွဲခဲ့ကြသော ငုပ်လျှိုးမီးတောင်များကြောင့် နှစ်ကာလကြာရှည်လာသည့်အခါ လူသိထင်ရှားဖြစ်သော ကျွန်းကြီးကျွန်းငယ်များကို ပေါ်ပေါက်လာစေတော့သည်။

ရေအောက်မီးတောင်ကြီးများ ပေါက်ကွဲပွင့်အန်သည့်အခါ အလွန်ပါးလွှာသော သမုဒ္ဒရာရေအောက်ချိုင့်ဝှမ်းမြေသားထုကို ထိုးဖောက်ကြပြီးမှသာ ရေပေါ်ကျွန်းကြီးကျွန်းငယ်အသွယ်သွယ်တို့ကို ဖြစ်တည်လာစေသည့် အားလျော်စွာ အဆိုပါ မီးတောင်ကျွန်းများ၏ အောက်ခံဖြစ်သော သမုဒ္ဒရာချိုင့်ဝှမ်းများသည် အက်ကြောင်းများဖြင့် ပြည့်နှက်လျက်ရှိနေကြသည်။ ထို့ကြောင့်ပင် ဆူမားတြားကျွန်းနှင့် ဂျာဗားကျွန်းအကြား ဆန်းဒါးရေလက်ကြားတွင် ရေအောက်မီးတောင်ကြီးများ ပေါက်ကွဲပွင့်အန်မှုကြောင့် ဖြစ်တည်လာခဲ့သော ကာရာကာတိုကျွန်းကြီးသည် ၁၈၈၃ ခုနှစ် ဩဂုတ် ၂၇ ရက်က ဟိုက်ဒရိုဂျင်ဗုံးအလုံး ၃၀ အားနှင့်ညီမျှသောအင်အားဖြင့် ပြင်းထန်စွာ ပေါက်ကွဲခဲ့ရာ ရေမျက်နှာပြင်အထက် ပေပေါင်း ၁၄၀၀ မြင့်မားသည့် အဆိုပါကျွန်းကြီး၏ အောက်ခံမြေလွှာသည် မူလကတည်းက အက်ကြောင်းများဖြင့် ပြည့်နှက်နေခဲ့သဖြင့် ကျွန်းတစ်ခုလုံး တစ်စစီကြွေမွသွားကာ ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ကွယ်သွားရခြင်းဖြစ်သည်။

သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်များပေါ်၌ ကျွန်းများအဖြစ် ပေါ်ထွက်လာခြင်းမရှိသေးမီ ရေအောက်၌ နှစ်ကာလအလိုက် တစ်ဆင့်ပြီးတစ်ဆင့်ပေါက်ကွဲလျက်ရှိသော ရေအောက်မီးတောင်ပွင့်အန်မှုများကို သာမန်အားဖြင့် လူအများက သတိမပြုမိခဲ့ကြပေ။ သိပ္ပံပညာတိုးတက်ထွန်းကားနေသော မျက်မှောက်ကာလ၌မူ ရေအောက်မီးတောင်များ၏ တည်နေရာ (လတ္တီတွဒ်နှင့် လောင်ဂျီတွဒ်အညွှန်းများ)၊ မီးတောင်အရေအတွက်၊ ပေါက်ကွဲနိုင်သည့် ခန့်မှန်းကာလ၊ ပေါက်ကွဲအားနှင့် ငြိမ်သက်နေမည့် ကာလအပိုင်းအခြား စသည်တို့ကို ရှာဖွေဖော်ထုတ်နိုင်ကြပြီဖြစ်သည်။

ဤကဲ့သို့ သိပ္ပံနည်းကျ ရှာဖွေဖော်ထုတ်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် အတိတ်ကာလက ကြိုးပမ်းမှုများထဲတွင် သိပ္ပံပညာလောကအတွက် ဝမ်းနည်းဖွယ်ရာ အဖြစ်ဆိုးတစ်ခုကိုပင် ကြုံခဲ့ကြရဖူးသည်။ ဂျပန်နိုင်ငံ ကမ်းလွန်ပင်လယ် မီယောဂျင်းရှောရေပြင်ပေါ်၌ ရေအောက်မီးတောင်များ၏ သဘောသဘာဝကို အသေးစိတ်လေ့လာမှတ်တမ်းတင်နိုင်ရန်အတွက် သိပ္ပံပညာရှင်များကို တင်ဆောင်ခုတ်မောင်းနေသော သိပ္ပံစူးစမ်းရေးသင်္ဘောတစ်စင်းသည် စူးစမ်းလေ့လာတိုင်းထွာမှုများ ပြုလုပ်နေစဉ်၌ အောက်တည့်တည့်ရှိ ရေအောက်မီးတောင်တစ်လုံး မမျှော်လင့်ဘဲ ပေါက်ကွဲခဲ့သည့်အတွက် သင်္ဘောနှင့်တကွ သိပ္ပံပညာရှင်များ အားလုံးတို့ကို ဆုံးရှုံးခဲ့ကြရသည်။

တစ်ခါတစ်ရံ၌မူ စူးစမ်းရှာဖွေမှုခရီးစဉ်မဟုတ်ပါဘဲနှင့် သိပ္ပံလောကအတွက် အလွန်တန်ဖိုးရှိသော ရှာဖွေတွေ့ရှိမှုများကိုလည်း ကြုံကြရလေ့ရှိသည်။ သာဓကအားဖြင့် လွန်ခဲ့သောဆယ်စုနှစ်အနည်းငယ်အတွင်းက အပျော်ခရီးနှင်နေသော သင်္ဘောတစ်စင်းမှ ခရီးသည်နှင့် သင်္ဘောသားများက အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ အဇိုးကျွန်းစုများ (Azores) ထဲတွင် ယခင်က မတွေ့ဖူးသော ကျွန်းတစ်ကျွန်းကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ကြရာ...ကျွန်းပတ်ပတ်လည်၌ လှည့်လည်ခုတ်မောင်းရင်း အဆိုပါကျွန်း၏ပုံစံနှင့် အနေအထားများကို ရုပ်ရှင်ဖလင်ဖြင့် မှတ်တမ်းတင်ရိုက်ကူးခဲ့ကြသည်။ အဆိုပါ မှတ်တမ်းရုပ်ရှင်ကို ပြန်လည်စစ်ဆေး ကြည့်ရှုမိခဲ့ကြရာမှ ထိုကျွန်းသည် ရေအောက်မီးတောင် ပေါက်ကွဲမှုကြောင့် ရေပြင်ပေါ်သို့ ထိုးထွက်လာသော ကျွန်းသစ်တစ်ကျွန်းဖြစ်ကြောင်း နောက်ပိုင်း၌ ဖော်ထုတ်သိရှိခဲ့ကြသည်။

မျက်မြင်အားဖြင့် လည်းကောင်း၊ ထိတွေ့မှုများအားဖြင့်လည်းကောင်း ရေအောက်မီးတောင် ပေါက်ကွဲမှုကိုသိရှိနိုင်သော ကိစ္စရပ်မျိုးနှင့် ကြုံကြိုက်တတ်ကြခြင်းမျိုးကိုလည်း သင်္ဘောသားလောက၌ မကြာခဏဆိုသလို တွေ့ရှိရသည်။ ကမ္ဘာ့အရပ်ရပ်ရှိ သမုဒ္ဒရာနှင့် ပင်လယ်ပြင်များပေါ်၌ ခုတ်မောင်းသွားလာခဲ့ကြသော သင်္ဘောများအနက် အချို့သင်္ဘောများမှ သင်္ဘောသားများသည် ရေပြင်အောက်မှ ပွက်လောရိုက်ကာ ဆူညံနေသော အသံများကို ကြားခဲ့ကြရဖူးသည်။ သိပ္ပံပညာမတိုးတက်သေးသော ကာလများက ထိုအသံများကို ရှေးရိုးဆန်လွန်းသော အယူအဆများအရ တလွဲကောက်ချက်ချခဲ့ကြသည်များပင် ရှိခဲ့သည်။

ဒဏ္ဍာရီဆန်သော ရှေးရိုးစဉ်လာယုံကြည်မှုများအရ သမုဒ္ဒရာ ရေပြင်အောက်မှ ပွက်လောရိုက် ဆူညံနေသောအသံများမှာ ရေအောက်၌ နှစ်ပေါင်းများစွာ အိပ်ပျော်နေသော ဒိုင်နိုဆော သတ္တဝါကြီး နိုးထလာခြင်းဟုယူဆကာ ထိန်းမနိုင်သိမ်းမရ ကြောက်လန့်တုန်လှုပ်ခဲ့ကြသည်။ တကယ့်လက်တွေ့၌မူ အဆိုပါပွက်လောရိုက်သံကြီးများမှာ ရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်ပူနှင့် ချော်တုံး၊ ကျောက်တုံးများက ရေထုကြီး၏ ဖိအားကို ဖီလာဆန့်ကျင်ပြီး အပေါ်ဘက်သို့ ထိုးဖောက်ဖြတ်သန်းနေခြင်းသာလျှင် ဖြစ်သည်။

ထိုအခြေအနေမျိုးနှင့် ကြုံကြရပြီးနောက် များမကြာမီမှာပင် ရေပြင်ပေါ်၌ ပွက်ပွက်ဆူထနေသော ရေအမြှုပ်များ၊ အခိုးအငွေ့များကို တစ်နံတစ်လျား ကျယ်ပြန့်စွာမြင်တွေ့ကြရသည်။ ထိုရေပူများကို ထိမိကိုင်မိလျှင် ပြင်းပြသော အပူဒဏ်ကို ခံစားကြရသလို ရေအောက်မီးတောင်ပေါက်ကွဲမှု ငြိမ်သက်သွားပြီး နောက်တွင်လည်း ရေပြင်ပေါ်၌ အစုလိုက်အပြုံလိုက် ပေါလောမျောနေသော ရေသတ္တဝါအသေကောင်များကို အတုံးအရုံး မြင်တွေ့ခဲ့ကြရသည်။ ဤသည်မှာကား ရေအောက်မီးတောင်ပေါက်ကွဲမှု၏ နောက်ဆက်တွဲ အကျိုးဆက်များပင် ဖြစ်ကြသည်။

၁၉၆၃ ခုနှစ် နိုဝင်ဘာလအတွင်းက အိုက်စလန်ကျွန်းကြီးအနီးရှိ သမုဒ္ဒရာရေပြင်ကြီး ဆူပွက်ကာ အခိုးအငွေ့များလည်း ရေပြင်ပေါ်၌ ဝေ့ဝဲနေသည်ကို တွေ့ရှိခဲ့ကြရသည်။ သမုဒ္ဒရာရေပြင်အောက် ချိုင့်ဝှမ်းတစ်ခုအတွင်း မီးတောင်ပေါက်ကွဲနေမှုကြောင့် ရေပြင်ပေါ်၌ ဤကဲ့သို့ ပွက်ပွက်ဆူထနေခြင်းဖြစ်သည်။ နှစ်ရက်အတွင်းမှာပင် ရေအောက်မီးတောင်က ပွင့်အန်မှုတ်ထုတ်လိုက်သော ချော်တုံးချော်ခဲနှင့် မီးတောက်မီးလျှံကြီးများသည် သမုဒ္ဒရာရေပြင်ပေါ်အထိ ရောက်ရှိလာကာ ကျွန်းငယ်တစ်ခုကို ဖြစ်တည်လာစေတော့သည်။ အဆိုပါရေအောက်မီးတောင်သည် မကြာခဏဆိုသလို ဆက်၍ဆက်ခါ ပေါက်ကွဲနေခြင်းကြောင့် ယခုအခါအဆိုပါနေရာ၌ သမုဒ္ဒရာရေပြင်အထက် ပေပေါင်း ၅၅၀ မြင့်မားသော ကျွန်းကြီးတစ်ကျွန်းအဖြစ် ငွားငွားစွင့်စွင့်ပေါ်ထွက်နေပြီဖြစ်သည်။ ထိုကျွန်းသည် (၂၀) ရာစု၏ နှောင်းပိုင်းကာလတွင် ကမ္ဘာ့မြေပုံပေါ်၌ ပေါ်ထွန်းလာခဲ့သော အသစ်စက်စက် မီးတောင်ကျွန်းတစ်ခုပင် ဖြစ်သည်။

ထိုကဲ့သို့သော မီးတောင်ကျွန်းများ အသစ်ပေါ်ထွန်းလာခြင်းမျိုးမှာ ရှေးပဝေသဏီကာလများ ကတည်းကပင်ရှိခဲ့သည်။ ၁၈၃၁ ပြည့်နှစ်အတွင်းက အာဖရိကတိုက် တူနီးရှားကမ်းခြေနှင့် စစ္စလီကျွန်းအကြား မြေထဲပင်လယ်ထဲ၌ ရေအောက် မီးတောင်ပေါက်ကွဲမှုကြောင့် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀၀ ခန့် မြင့်မားသော ကျွန်းငယ်တစ်ကျွန်းပေါ်ထွန်းလာခဲ့သည်။ လှိုင်းလေထန်သော အရပ်ဒေသ၌ ပေါ်ထွန်းလာသော အဆိုပါကျွန်းငယ်ကလေးသည် ပင်လယ်လှိုင်းလုံးကြီးများ၏ တွန်းတိုက်ရိုက်ခတ်မှုဒဏ်ကို စဉ်ဆက်မပြတ်ခံနေရသည့်အတွက် ကျွန်း၏ ကုန်းမြေအစိုင်အခဲများသည် တစ်စတစ်စပဲ့ထွက်လွင့်စဉ်ကုန်ကာ တဖြည်းဖြည်းနှင့် ရေမျက်နှာပြင်ပေါ်မှ ပြန်လည်ပျောက်ကွယ်သွားတော့သည်။ မြေထဲပင်လယ်၏ ရေမျက်နှာပြင်အောက်သို့ ပြန်လည်ငုပ်လျှိုးသွားသော ထိုမီးတောင်ကျွန်းငယ်ကလေးသည် အဆိုပါအရပ်ဒေသကို ပင်လယ်ရေတိမ်ဒေသအဖြစ်သို့ ရောက်ရှိသွားစေသည့်အတွက် အာဖရိကကမ်းခြေအနီး ခုတ်မောင်းသွားလာနေကြသော သင်္ဘောများအတွက် သတိထားစရာ ရေပြင်ဒေသတစ်ခု တိုးလာခဲ့သည်။

ဖော်ပြပါ ဥပမာကဲ့သို့ပင် ကမ္ဘာ့သမုဒ္ဒရာ နှင့် ပင်လယ်ပြင်များပေါ်၌ ပေါ်ထွန်းလာခဲ့ကြဖူးသော မီးတောင်ကျွန်းငယ်အများအပြားသည် ရေပြင်ပေါ်သို့ ပေါ်ထွက်လာပြီးကာမှ ရောမလှိုင်းတံပိုးကြီးများ၏ ရိုက်ပုတ်တွန်းတိုက်မှုကို ခံကြရကာ ရေပြင်အောက်သို့ ပြန်လည်ငုပ်လျှိုးသွားကြပြီး ရေအောက်တောင်များအဖြစ်သာ တည်ရှိနေကြရတော့သည်ဖြစ်ရာ ဤသို့အားဖြင့် ကမ္ဘာ့အနှံ့တွင် သမုဒ္ဒရာရေတိမ်ပိုင်း အရပ်ဒေသများနှင့် ပင်လယ်ရေတိမ်ပိုင်း ဒေသများကို အများအပြား ဖြစ်ထွန်းပေါ်ပေါက်လာစေခဲ့သည်။

**ရေအောက်မီးတောင်များ၏ စဉ်ဆက်မပြတ် ပေါက်ကွဲပွင့်အန်ပေးနေမှုများက လှိုင်းတံပိုးကြီးများ၏ ရိုက်ပုတ်ဖျက်ဆီးမှုကြောင့် ပျက်စီးပြုန်းတီးမှုအပေါ် အနိုင်ယူကျော်လွှားနိုင်ခြင်းကြောင့်သာ ရောမမီးတောင်ကျွန်းကြီးများအဖြစ် ရေပြင်ပေါ်သို့ ထိုးဖောက်ထွက်ရှိလာနိုင်ကြခြင်းဖြစ်**

လက်ရှိအားဖြင့် သမုဒ္ဒရာနှင့်ပင်လယ်ရေတိမ်ပိုင်းဒေသများအဖြစ် တည်ရှိနေကြသော အဆိုပါအရပ်ဒေသများတွင် ရေအောက်မီးတောင် ပေါက်ကွဲမှုများကြောင့် သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်၌ ကျွန်းများအဖြစ် ပေါ်ထွက်လာမိကတည်းကပင် ရေအောက်တောင်ကုန်းများအဖြစ် ကနဦးက တည်ရှိခဲ့ကြရသေးသည်ဖြစ်ရာ ရေအောက်မီးတောင်များ၏ စဉ်ဆက်မပြတ် ပေါက်ကွဲပွင့်အန်ပေးနေမှုများက လှိုင်းတံပိုးကြီးများ၏ ရိုက်ပုတ်ဖျက်ဆီးမှုကြောင့် ပျက်စီးပြုန်းတီးမှုအပေါ် အနိုင်ယူကျော်လွှားနိုင်ခြင်းကြောင့်သာ ရောမမီးတောင်ကျွန်းကြီးများအဖြစ် ရေပြင်ပေါ်သို့ ထိုးဖောက်ထွက်ရှိလာနိုင်ကြခြင်းဖြစ်သည်။

၁၈၃၃ ခုနှစ် အတွင်းက ဩစတြေးလျတိုက် အရှေ့ဘက်ကမ်းခြေမှ ကီလိုမီတာ ၃၂၀၀ ကွာဝေးသော ပစိဖိတ်သမုဒ္ဒရာရေပြင်၌ ဖယ်လ်ကွန်အမည်ရှိ ကျွန်းတစ်ကျွန်းသည် မီးတောင်ပေါက်ကွဲမှုကြောင့် ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ကွယ်သွားခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ရေအောက်မီးတောင် ပေါက်ကွဲမှုကြောင့် အဆိုပါနေရာ သမုဒ္ဒရာရေပြင်ပေါ်တွင် ကျွန်းတစ်ကျွန်း ပြန်လည်ပေါ်ထွက်လာခဲ့ရာ ဖယ်လ်ကွန်ကျွန်းဟုပင် အမည်နာမတပ်ခဲ့ကြသည်။ ၁၉၄၉ ခုနှစ်သို့ အရောက်တွင်မူ မီးတောင်ပေါက်ကွဲမှုကြောင့်ပင် အဆိုပါ ဖယ်လ်ကွန်ကျွန်းမှာ ကမ္ဘာ့မြေပုံပေါ်မှ ပြန်လည်ပျောက်ကွယ်သွားရပြန်တော့သည်။

အလားတူပင် ဆူမားတြားကျွန်းနှင့် ဂျာဗားကျွန်းအကြား၌ ရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် ပေါ်ထွန်းလာခဲ့သော ကာရာကာတိုကျွန်းသည် ၁၈၈၃ ခုနှစ် မီးတောင်ပေါက်ကွဲမှုကြောင့် ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ကွယ်သွားပြီး နောက် ၁၉၂၉ ခုနှစ်အရောက်တွင် အဆိုပါဒေသ၏ ရေအောက်၌ မီးတောင်ပေါက်ကွဲမှုကြောင့်ပင် မူလကာရာကာတိုကျွန်းကြီးနေရာတွင် ကျွန်းငယ်တစ်ကျွန်းပေါ်ထွန်းလာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသားတို့က Son Karakato ဟု ချစ်စနိုးမှည့်ခေါ်ထားသော ထိုကျွန်းငယ်ကလေးသည် အင်ဒိုနီးရှားနိုင်ငံပိုင် မီးတောင်ကျွန်းငယ်တစ်ခုအဖြစ် ယနေ့ထိတိုင်တည်ရှိနေဆဲဖြစ်သည်။

အတ္တလန္တိတ်သမုဒ္ဒရာ တောင်ပိုင်းရှိ အာဖရိကကမ်းလွန်ဒေသ၌ တည်ရှိသော အက်ဆန်းရှင်း (Ascension) ကျွန်းကြီးသည် အလွန်ထင်ရှားသော ရောမမီးတောင်ကျွန်းကြီးတစ်ကျွန်းဖြစ်ကာ၊ ကျွန်း၏ မြေမျက်နှာပြင်ပေါ်၌ မီးတောင်ဝ စုစုပေါင်း ၄၀ ရှိနေသည်။ ဗြိတိသျှပိုင် သမုဒ္ဒရာရေလယ်ကျွန်းတစ်ကျွန်းဖြစ်သော အက်ဆန်းရှင်းကျွန်းသည် ရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် ရေပြင်ပေါ်၌ ပေါ်ထွန်းလာခဲ့သော ရောမကျွန်းကြီးဖြစ်ပြီး သယံဇာတ အလွန်ကြွယ်ဝလှသည့်တိုင် မီးတောင်ပေါက်ကွဲမှုများကြောင့်ပင် ကျွန်း၏ အရွယ်အစား ကျုံ့သွားခြင်း သို့တည်းမဟုတ် လုံးဝပျောက်ကွယ်သွားခြင်းမျိုးနှင့် အချိန်မရွေး ကြုံတွေ့ရနိုင်သော အနေအထား၌ ရှိနေသည်။

အလားတူပင် တောင်အမေရိကတိုက် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၏ အရှေ့မြောက် ကီလိုမီတာ ၁၆၀၀ အကွာ တောင်အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ကြီးမားသော မီးတောင်ကျွန်း တစ်ကျွန်းမှာလည်း သမုဒ္ဒရာရေစီးကြောင်း ကြီးများနှင့် လှိုင်းတံပိုးကြီးများ၏ ရိုက်ပုတ်မှုဒဏ်ကြောင့် ဆယ်စုနှစ်တစ်စုအတွင်းမှာပင် ကျွန်း၏ တောင်ဘက်ခြမ်းမှာ ပြိုလဲပျက်စီးသွားခဲ့ပြီဖြစ်သည်။

ထို့အတူ မြောက်ပစိဖိတ်သမုဒ္ဒရာ၏ ဘယ်ရင်ပင်လယ်အတွင်းရှိ အလူးရှင်းကျွန်းစုများတည်ရှိရာ ရေပြင်ဧရိယာသည် အခြားအရပ်ဒေသများနှင့်မတူ တစ်မူထူးခြားကာ ရေပြင်ပေါ်၌ မီးတောက်မီးလျှံများ ထွက်ပေါ်လျက် ရှိနေသည်။ ထိုကျွန်းစုသည် ရေအောက်မီးတောင်များ ဆက်၍ဆက်ခါ ပေါက်ကွဲပွင့်အန်နေမှုများကြောင့် ရေပြင်အောက်၌ ဖြစ်တည်လာသော တောင်ကုန်းကြီးငယ် အသွယ်သွယ်တို့၏ အထွတ်အထိပ်နေရာများပင် ဖြစ်ကြသည့် အားလျော်စွာ ရေအောက်မီးတောင်များ၏ ထကြွလှုပ်ရှား ပေါက်ကွဲပွင့်အန်မှုများအမြဲသဖြင့် ဖြစ်ပေါ်နေခြင်းကြောင့်သာလျှင် ရေပြင်ပေါ်၌ မီးတောက်မီးလျှံများကို မကြာခဏ တွေ့မြင်နေကြရခြင်း ဖြစ်သည်။ မီးပင်လယ်ဟုပင် တင်စားခေါ်ဝေါ်နေကြသော အဆိုပါ အရပ်ဒေသအနီး၌ တစ်ခါတစ်ရံမျှသာ ဖြတ်သန်းသွားလာဖူးကြသည့် သင်္ဘောများအတွက် ကြုံတောင့်ကြုံခဲမြင်ကွင်းအဖြစ် တစ်သက်တာမေ့မရနိုင်သောအဖြစ်သို့ ရောက်ရှိစေသည်။

အချုပ်အားဖြင့်ဆိုရသော် သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်တို့၏အောက်၌ တည်ရှိနေကြသော ရေအောက်မီးတောင် ပေါက်ကွဲမှုများကြောင့် ကမ္ဘာ့အရပ်ရပ်ရှိ ရေပြင်များပေါ်၌ ပေါ်ထွန်းလာခဲ့ကြသည့် ကျွန်းကြီးကျွန်းငယ် အသွယ်သွယ်တို့သည် ယင်းတို့ကိုမွေးဖွားပေးလိုက်ကြသည့် မီးတောင်များ၏ ပေါက်ကွဲမှုများကြောင့်ပင် ကမ္ဘာ့မြေပုံပေါ်မှ ပြန်လည် ပျောက်ကွယ်သွားကြရသော ဖြစ်စဉ်ကြီးသည် ဖြစ်တည်ခြင်း၏နောက်၌ ပျက်သုဉ်းခြင်းက ထက်ကြပ်မကွာ လိုက်ပါနေမြဲဖြစ်သည့် လောကဓမ္မတာကို မီးမောင်းထိုးပြနေကြခြင်းပင် ဖြစ်ပေတော့သည်။

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပန်းတောင်း ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လူစည်ကားသည့် နေရာဖြစ်သော ပန်းတောင်းမြို့ ကြခတ်ဈေးရှေ့တွင် အသိပညာပေးမြေစိုက် ပိုစတာစိုက်ထူခြင်းကို ဩဂုတ် ၂၉ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင်ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဈေးအတွင်း ပြည်သူများ လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## အိမ်ခြံဝင်းများအတွင်း စိုက်ပျိုးပေါက်ရောက်သည့် ကျွန်းနှင့်သစ်မာများ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားပါက သစ်ထုတ်ယူသုံးစွဲခွင့်ပြုမည်

**နေပြည်တော် ဩဂုတ် ၃၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သစ်တောများနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးဦးကျသစ်ပင်စိုက်ရာသီတွင် ကျွန်းနှင့်သစ်မာ ပျိုးပင်ပေါက် ၁၀ သန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးပြီး ရှင်သန်ဖြစ်ထွန်းမှု ပြန်လည်စိစစ်နိုင်ရန်နှင့် လာမည့်နှစ်တွင် ပြည်သူများ စိုက်ပျိုးလိုသည့်ပျိုးပင်များကိုလည်း စာရင်းမှတ်တမ်းတင် ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ထိုသို့ ကျွန်းနှင့်သစ်မာပင်များကို နေအိမ်ခြံအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထိန်းသိမ်းသူများအနေဖြင့် နီးစပ်ရာသစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိပါက လိုအပ်သည့်စိုက်ပျိုးနည်းပညာများကိုပါ ကူညီပံ့ပိုးမည်ဖြစ်ကြောင်းနှင့် သစ်ထုတ်သုံးစွဲခွင့်ရရှိစေရန် ဥပဒေပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးတစ်ဦးက ပြောသည်။ လက်ရှိတွင်လည်း ဝန်ကြီးဌာနသို့လိပ်မူ၍ အိမ်ခြံအတွင်း သစ်မာစိုက်ပျိုးထိန်းသိမ်းသူများအနေဖြင့် မိမိခြံတွင်းမှ သစ်ထုတ်ယူသုံးခွင့်အား လျှောက်ထားနိုင်ပြီး ထုတ်ယူခွင့်ပမာဏမှာ သစ်မာစိုက်ပျိုးထိန်းသိမ်းထားရှိမှုပေါ်မူတည်၍ ခွင့်ပြုပေးအပ်သည့် ရာခိုင်နှုန်းကိုသာ ထုတ်ယူသုံးစွဲနိုင်ကြောင်း သိရသည်။

ကျွန်းပင်များသာမက ပန်းပုလုပ်ငန်းအသုံးပြုနိုင်သည့် ကျွန်းပင်ငုတ်တိုများကိုလည်း မှတ်ပုံတင်ပြီးမှသာ ဖော်ယူသုံးစွဲခွင့်ပြုမည်ဖြစ်ပြီး မြေဆီလွှာထိန်းသိမ်းမှုများ၍ ကာဗွန်စုပ်ယူထိန်းသိမ်းထားနိုင်မှုများသည့် ကျွန်းငုတ်တိုများကိုမူ ဖော်ထုတ်သုံးစွဲခွင့် မပြုကြောင်း သိရသည်။

ယခင်သစ်တောဥပဒေ၏ ပုဒ်မ ၈ တွင် ပါဝင်သည့် မည်သည့်နေရာတွင်ဖြစ်စေ ပေါက်သည့် ကျွန်းပင်ကိုမဆို နိုင်ငံတော်ကပိုင်သည်ဆိုသည့် အဓိပ္ပာယ်စာသားအား စိုက်ပျိုးထိန်းသိမ်းသူများ အကျိုးခံစားနိုင်ရန် ဥပဒေပြင်ဆင်ရေးဆွဲနေကြောင်း သိရသည်။ **(သတင်းစဉ်)**



**ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ဩဂုတ် ၂၉ ရက်က စာအုပ်စာစောင်ပြပွဲကျင်းပရာ ပြည်သူများ စိတ်ပါဝင်စားစွာ ကြည့်ရှုနေစဉ်။**
(မြို့နယ် ပြန်/ဆက်)

## ကျောင်းသားလူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**ရန်ကုန် ဩဂုတ် ၃၁**

တာမွေမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းနေအရွယ်လူငယ်များအား ကျန်းမာရေးမြှင့်တင်စောင့်ရှောက်ပေးမှုကို ဩဂုတ် ၃၀ ရက်က အမှတ် (၂၆)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာဇေယျာမင်းပိုင်၊ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာမြတ်စုလွင်နှင့် သူနာပြုဆရာမ ဒေါ်မေယုခိုင်တို့က ကျောင်းသားကျောင်းသူများကို သန်ချဆေးတိုက်ကျွေးခြင်း၊ သွားကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကိုယ်လက်ခန္ဓာကျန်းမာရေးများ ကြည့်ရှုပေးပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှလှ**

## ပုဂံဘုရားများ ရှေးမူမပျက်စနစ်တကျထိန်းသိမ်းနိုင်ရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိ

**ညောင်ဦး ဩဂုတ် ၃၁**



ပုဂံဒေသတွင် ဩဂုတ် ၂၄ ရက် ညနေပိုင်းက လှုပ်ခတ်သွားသော အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိသော အင်အားပြင်းငလျင်ဒဏ်ကြောင့် ရှေးဟောင်းနယ်မြေအတွင်းရှိ ဘုရားစေတီများ ထိပ်ပိုင်းပြိုကျခြင်း၊ အက်ကွဲခြင်း၊ ထီးတော်နှင့် စိန်ဖူးတော်များမြေခခြင်း၊ နံရံပန်းချီများကွာကျခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ပျက်စီးသွားသော ဘုရားစေတီများအား အလျင်စလို ပြန်လည်ပြုပြင်ခြင်းမပြုလုပ်သေးဘဲ စနစ်တကျ အချိန်ယူကာ ရှေးမူမပျက် ပြုပြင်နိုင်ရန်အတွက် ရှေးဟောင်းသုတေသနမှ ပညာရှင်များ၊ ယူနက်စကိုမှပညာရှင်များ၊ မြန်မာ့ဗိသုကာပညာရှင်များ ပူးပေါင်း၍ အစီအမံများ စနစ်တကျရေးဆွဲကာ ဆောင်ရွက်သွားမည်ဟု သိရသည်။

ယခုအခါ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ယူနက်စကိုအဖွဲ့များ၊ ပညာရှင်များပူးပေါင်းညှိနှိုင်း၍ အကြီးစားပြိုကျပျက်စီးသွားသည့် ဘုရားစေတီများအား ရှေးမူမပျက်စနစ်တကျ ပြန်လည်ထိန်းသိမ်းပြုပြင်နိုင်ရန်အတွက် ငြမ်းဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ ငြမ်းဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာသို့ ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ဝင်များက ကူညီဆောင်ရွက်လျက်ရှိပြီး ဘုရားစေတီများလုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## ပါရမီစကားဝိုင်း၏ အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ဘားအံ ဩဂုတ် ၃၁**

ပါရမီစကားဝိုင်း၏ အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကရင်ပြည်နယ် ဘားအံမြို့ သီရိဘားအံဟိုတယ်၌ ဩဂုတ် ၂၉ရက်က ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုမှ ကျင်းပရာ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုမှ CSR Manager ဦးအောင်မျိုးရှိန်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းကိုလည်းကောင်း၊ (မူကြမ်း)အားစီးပွားရေးပညာရှင် ဒေါက်တာမျိုးသန့်က ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးစီပွားရေးမဟာဗျူဟာ စီမံကိန်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုမှ တာဝန်ရှိသူများက အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ ခေါင်းစဉ်အလိုက် AEC Beyond ၂၀၁၅ ခေါင်းစဉ်နှင့် ဆွေးနွေးကြပြီးနောက် တက်ရောက်လာကြသူများက အကြံပြုမေးမြန်း ဆွေးနွေးကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း ကွင်းဆင်းကောက်ယူမည်

**နေပြည်တော် ဩဂုတ် ၃၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့နှင့် ကမ္ဘာ့ဘဏ် (World Bank) ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ပူးပေါင်း၍ မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (၂၀၁၆-၂၀၁၇) (Myanmar Living Conditions Survey- MLCS) ကွင်းဆင်းကောက်ယူမှုကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစ၍ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ တစ်နှစ်ပတ်လုံး တိုင်းဒေသကြီး/ပြည်နယ်အားလုံးနှင့် နေပြည်တော်ကောင်စီအတွင်းရှိ မြို့နယ်များတွင် ကောက်ယူမည်ဖြစ်သည်။

၎င်းစစ်တမ်းသည် ဗဟိုစာရင်းအင်းအဖွဲ့မှ ငါးနှစ်တစ်ကြိမ် ကောက်ယူသည့် စစ်တမ်းတစ်ခုဖြစ်သည့် အိမ်ထောင်စုဝင်ငွေနှင့်စားသုံးမှုစစ်တမ်း (Household Income and Expenditure Survey -HIES)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ယခင်အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းကောက်ယူခဲ့သည့် အိမ်ထောင်စုစားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (Integrated Household Living Conditions Assessment - IHLCA)၊ ကမ္ဘာ့ဘဏ်နှင့် ယခင်အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းကောက်ယူခဲ့သည့် မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှု အခြေအနေစစ်တမ်း (Myanmar Poverty and Living Conditions Survey -MPLCS) တို့ကို ပူးပေါင်း၍ ကောက်ယူမည့်စစ်တမ်းဖြစ်သည်။

မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း (၂၀၁၆-၂၀၁၇) (Myanmar Living Conditions Survey)ကို ကောက်ယူခြင်းဖြင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆင်းရဲနွမ်းပါးမှုနှင့်နေထိုင်မှုအခြေအနေသိရှိနိုင်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (Sustainable Development Goals - SDGs) အတွက် လိုအပ်သော ကိန်းဂဏန်းအချက်အလက်များ၊ ညွှန်ကိန်းများရရှိနိုင်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်၊ မြို့နယ်အလိုက်၊ မြို့မ/ကျေးလက်ခွဲခြား၍ စားသုံးသူဈေးဆနှုန်း(CPI) တွက်ချက်ရာတွင် အထောက်အကူပြုနိုင်ခြင်းနှင့် အမျိုးသားစာရင်းစနစ် (System of National Accounts - SNA) တွက်ချက်ရန်အတွက် စားသုံးမှုကုန်ကျစရိတ်ကို ခန့်မှန်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

စစ်တမ်း ကောက်ယူရေးအတွက် ကိန်းဂဏန်းအသုံးပြုသူများနှင့် ပထမအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၄ ရက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌လည်းကောင်း၊ ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက်က နေပြည်တော်ရှိ Grand Amara ဟိုတယ်၌လည်းကောင်း ကျင်းပခဲ့သည်။

ပထမအကြိမ် အကြိုကွင်းဆင်းစစ်တမ်း (Pilot Test) ကို မန္တလေးမြို့တွင် ဇူလိုင် ၂၆ ရက်နေ့မှ ဩဂုတ် ၆ ရက်နေ့အထိ ကောက်ယူခဲ့ပြီး ဒုတိယအကြိမ် အကြိုကွင်းဆင်းစစ်တမ်း (Pilot Test) ကို ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် စက်တင်ဘာ ၁၂ ရက်မှ ၂၃ ရက်အထိ ကောက်ယူမည်ဖြစ်သည်။

တောင်ကြီးမြို့တွင် ဒုတိယအကြိမ် အကြိုကွင်းဆင်း စစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စုဆိုင်ရာ မေးခွန်းလွှာကို မြို့မအိမ်ထောင်စု ၅၀ နှင့် ကျေးလက်အိမ်ထောင်စု ၅၀ တို့တွင် ရပ်ကွက်ကျေးရွာနှင့်ပတ်သက်သည့် ယေဘုယျမေးခွန်းလွှာ(Community Questionnaire)ကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိ၊ ရပ်ဖများကို မေးမြန်းကောက်ယူမည်ဖြစ်သည်။

ကွင်းဆင်းကောက်ယူမှုကို ဗဟိုစာရင်းအင်းအဖွဲ့ရုံးချုပ်မှဝန်ထမ်း ၁၀ ဦး၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ စစ်တမ်းကြီးကြပ်သူဝန်ထမ်း ၂၅ ဦး၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ နှစ်ဦးနှင့် ကမ္ဘာ့ဘဏ် (WB) မှ နှစ်ဦးတို့ ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## မြစိမ်းရောင် ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မော်လမြိုင် ဩဂုတ် ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာဖြစ်သည့် မုရောင်းကျေးရွာအား မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ်လစတုတ္ထပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်က စီမံကိန်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ကျေးရွာလူထုကလည်း ရန်ပုံငွေဖြင့်ဝင်ငွေတိုးပွားသည့်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ဝေဝေ**



# မန္တလေးမြို့သို့ နိုင်ငံတကာခရီးသွားဧည့်သည်များ ယမန်နှစ်ကထက်ပိုမိုဝင်ရောက်လာ

**မန္တလေး ဩဂုတ် ၃၁**

မန္တလေးမြို့သို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှုမှာ အလည်ပတ်ခရီးသွားလာမှုထက် စီးပွားရေးလုပ်ငန်းဖြင့် နှီးနှောယ်ဝင်ရောက်လာမှုများကြောင့် ယမန်နှစ်ထက် ပိုမိုဝင်ရောက်လျက်ရှိကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှု ဦးစီးဌာန စာရင်းများအရ သိရသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ မန္တလေးသို့ ဝင်ရောက်လာသည့် နိုင်ငံတကာခရီးသွားဧည့်သည်အရေအတွက်မှာ ၁၆၁၅၀၈ ဦးရှိခဲ့ပြီး ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ၂၀၁၁၄၅ ဦးဝင်ရောက်လျက်ရှိရာ ကာလတူနှိုင်းယှဉ်ချက်များအရ ၃၉၆၃၇ ဦး ပိုမိုဝင်ရောက်လျက်ရှိကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ခရီးသွားလုပ်ငန်းမှာ MICE Tourism ကို သဘောကျကြတယ်။ စီးပွားရေးနဲ့ နှီးနှောယ်ပြီး Tourism ကို ဖြစ်အောင်လုပ်ကြသလို Tourism နဲ့နှောယ်ပြီး စီးပွားရေးကို ဖြစ်အောင်လုပ်ကြတယ်။ ဒါကြောင့် MICE Tourism က အဓိကအကျဆုံးဖြစ်နေတယ်။ MICE Tourism မှာ ညီလာခံ၊ အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ ပြခန်းပြပွဲ အပေါ်နှီးနှောယ်ပြီးဝင်လာတဲ့ Tourismအရေတွက်ကပိုများတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှုအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ စသည့်နိုင်ငံများမှ စီးပွားရေးကိုနှီးနှောယ်၍ ဝင်ရောက်လာသည့် Tourism ကဏ္ဍမှာ အများဆုံးဖြစ်ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှတာဝန်ရှိသူ တစ်ဦးက ပြောသည်။

၂၀၁၅ ခုနှစ်၌ တိုင်းဒေသကြီးအတွင်းသို့ နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှုအနေဖြင့် သုံးသိန်းခန့်မှန်းထားခဲ့ရာ လျာထားချက်ထက် ကျော်လွန်ကာ ၃၀၆၄၃၂ဦး ဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင် လေးသိန်းကျော် ဝင်ရောက်ရန် ခန့်မှန်းထားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# အဖျောက်ရေထိန်းတာနှင့် အဖျောက်၊ ဥက္ကံ ရေကြီးနစ်မြုပ်မှုများ

## ထွန်းလှိုင်(မြိုင်)

ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ၂၀၁၁ ခုနှစ်မှ ယနေ့အချိန်အထိ ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ မြို့ ရွာများတွင် စိုးရိမ်ရေမှတ်အထက် သိသာစွာ ကျော်လွန်လာသည့်အတွက် ရေလွတ်တာပေါင် (Free Board)ရရှိရန်အတွက် တာတစ်လျှောက်တွင် တာမြှင့်ခြင်း၊ တာပိုမိုခိုင်ခံ့စေရန် တာအခြေချဲ့၍ တာဖိနပ်ခံခြင်း၊ (Banquette) လုပ်ထားဆောက်လုပ်၊ အထက်အညာဒေသမှ မိုးများလွန်းသောအခါတွင် ဧရာဝတီမြစ်သည် စိုးရိမ်ရေမှတ်အထက် ရောက်စမြဲဖြစ်သည်။ ထိုအခါ မြစ်ရေကြီးခြင်း၊ လျှံတက်ခြင်းများ ကြုံတွေ့ရပြီး မြစ်ကမ်းဘေးရှိ မြို့များ၊ ကျေးရွာများ ရေကြီး ရေလျှံဖြစ်ရသည်။

ဧရာဝတီအရှေ့ဘက်ကမ်း အဖျောက်တာသည် အဖျောက်မြို့မှ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ဇလွန်မြို့နယ် ချောင်းကြီးကျေးရွာမှ ဓနုဖြူမြို့နယ် သံပုရာကုန်ကျေးရွာအထိ မြစ်ရေကြီးမြင့်မှုအန္တရာယ်မှ ကာကွယ်ရန်အတွက် တည်ဆောက်ထားသည့် အရှည် ၇ ဒသမ ၂၅ မိုင်ရှိ ရေဘေးကာကွယ်ရေးတာ(အဖျောက်)ကို ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ထားခြင်းဖြစ်သည်။

နှစ်စဉ်ကြုံတွေ့နေရသော ရေကြီး၊ ရေလျှံမှုသည် တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ ကျေးရွာအုပ်စုများ ခံစားရသည်။ အထူးသဖြင့် ရေပေါ်သောင်အုပ်စုဖြစ်သော ရေပေါ်သောင်၊ အလယ်ကင်း၊ ရေဖျန်၊ ရေပေါ်သောင်ရွာသစ်၊ မအူခုံ၊ ရွာသစ်စသော ကျေးရွာများသည် ဧရာဝတီမြစ်လယ်တွင် ရှိသဖြင့် အရင်ဆုံးရေကြီးမှု ခံစားရသည့် ရေဘေးဒုက္ခသည်ဖြစ်ခဲ့ရသည်။ နှစ်စဉ် ဇူလိုင်လစတုတ္ထပတ်မှစ၍ ဩဂုတ်လ ဒုတိယပတ်အတွင်း ဖြစ်လေ့ဖြစ်ထရှိသည်။

ထိုအခါ မိသားစုအားလုံး အဖျောက်မြို့ ဘုန်းတော်ကြီး ကျောင်းများတွင် ရေဘေးခိုလှုံနေရသည်။ တိုက်ကြီးမြို့ အဖျောက်မြို့ပေါ်များမှ စေတနာရှင်ပြည်သူများက ထမင်းထုပ်ဝေငှခြင်း၊ ချက်ပြုတ်ကျွေးမွေးခြင်း၊ သောက်ရေသန့်၊ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ခြင်းများသည်ပေး၍ မကုန်လှူ၍ မခန်းဖြစ်နေသည့် မွန်မြတ်သည့်လုပ်ငန်းဖြစ်၍ လူမျိုးမရွေး၊ ဘာသာမရွေးလုပ်ဆောင်ကြသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် ၁ ဒသမ ၂၅ မိုင် ရှည်လျားသော အဖျောက်မြို့ကမ်းနားတာကို ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အဖျောက်မြို့ စိုးရိမ်ရေမှတ်သည် ၃၅ ပေဖြစ်ပြီး စိုးရိမ်ရေမှတ် ၃၅ ပေခန့်အထိ ရေတက်ခဲ့သည်။ အန္တရာယ် ရေမှတ် ၄၂ ပေအထိ တာပေါင်မြှင့်တင်ခြင်း ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဧရာဝတီမြစ်ဘေးတွင် လူနေအိမ်များ၊ တာခြေတွင် တည်ဆောက်ထားသည့်အတွက် လူနေအိမ်များ ပျက်စီးမှုမရှိစေရန် အဆိုပါနေရာတွင် သံကူကွန်ကရစ် မြေထိန်းနံရံတည်ဆောက်ပြီး တာမြှင့်ခြင်းများ ဆောင်ရွက်ထားရှိသည်။ ထို့ကြောင့် ဧရာဝတီမြစ်ရေကြီးချိန်တာကျိုးမည်ကိုး မြို့နေပြည်သူများ စိုးရိမ်ခဲ့သည်။ အဖျောက်တာကျိုးလျှင် အဖျောက်မြို့တစ်မြို့လုံးနှင့် ရှေးဟောင်းတန်ခိုးကြီးဘုရားများ၊ ဦးပွကြီး လောကမာန်အောင် မဟာသံတန်ဆောင်း၊ ပိဋကတ်ကျောက်စာများ ပျက်စီးဆုံးရှုံးနိုင်သည်။ ထို့အတွက်ကြောင့်လည်း တာပေါင်ကို ရေကျော်မှု မဖြစ်ပေါ်စေရန် တာဝန်ရှိသူများ ဆောင်ရွက်ပေးရန် အဖျောက်ဒေသတို့ ရင်တွင်းဝယ် ဆန္ဒအမြဲရှိနေပါသည်။

အလားတူ လှိုင်မြစ်ရေတက်မှုကြောင့် ဥက္ကံမြို့ ဂေါ့၊ ဘိန္ဒောကျေးရွာအုပ်စုများ ရေဘေးဒုက္ခကြုံခဲ့သည့် ဥက္ကံမြို့မြသက်သာဘုရားကုန်း အပါအဝင် ဘုန်းကြီးကျောင်းများတွင် ရေဘေးကယ်ဆယ်ရေး ဆောင်ရွက်ခဲ့ကြသည်။ ထို့အတူ တောင်ရပ်ဇီးကုန်းအုပ်စုကျေးရွာများသည်လည်း ရေဘေးကြုံတွေ့ခဲ့ရသည်။ တိုက်ကြီးမြို့ရှမ်းကျောင်းကြီးကျောင်း၊ သာသနာ့ဗိမာန်၊ တေဇစက္ကီကျောင်းများတွင် ရေဘေးရှောင်ပြည်သူများ ခိုလှုံနေကြရသည်။ ဧရာဝတီမြစ်ရေလျှံတက်ပြီဆိုလျှင်တော့ ဇော်ပြပါ မြို့နှင့် ကျေးရွာများ နှစ်စဉ် ရေဘေးကြုံတွေ့စမြဲ၊ စာသင်ကျောင်းများ ပိတ်ထားခဲ့ခြင်းများ ကြုံခဲ့ရသည်။

အဖျောက်ဒေသ ရေကြီးခြင်းဖြင့် တောင်သူလယ်သမား လက်လုပ်လက်စား၊ ကုန်သည်ပွဲစားများ၊ ဒုက္ခများနှင့် ကြုံမည်။ ရေစီးနှင့်အတူ မျောပါသွားသော လူနှင့် တိရစ္ဆာန်များ အသက်ဆုံးရှုံးရပြီး သာသနိက အဆောက်အအုံများ၊ အိုးအိမ်တိုက်တာများ၊ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရ သည်။ အများပြည်သူအလွယ်တကူ သွားနိုင်ရန် ဆောက်လုပ်ထားသောလမ်း/တံတား များပျက်စီးခဲ့ခြင်း၊ နိုင်ငံတော်ဘတ်ဂျက်မှ ငွေနှင့်ရိက္ခာထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ခဲ့ရ၍ ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးခဲ့ရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဖျောက်ဒေသနည်းတူမြို့နယ်များကို နှစ်စဉ်ကြုံတွေ့ရသော ရေဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးများကို စီမံချက်ချမှတ်၍ ဆောင်ရွက်ထားရှိရန် လိုအပ်လာပြီဖြစ်သည်။

ဧရာဝတီမြစ်အရှေ့ဘက်ကမ်း(အဖျောက်)ကို ၁၉၆၀ ပြည့်နှစ်က တည်ဆောက်ခဲ့ပြီး ဇလွန်မြို့နယ် သံပုရာကုန်ကျေးရွာအထိ ၇ ဒသမ ၅ မိုင် ရှည်လျားသည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရ ဆည်မြောင်းနှင့် ရေအသုံးချ မှုစီမံခန့်ခွဲရေးဦးစီးဌာနမှပုံမှန် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုအစဉ်တစိုက် ပြုလုပ်ဆောင်ရွက်သွားမည်ဆိုပါက အဖျောက်တာကျိုးခြင်းမှကာကွယ်နိုင်သည့်အပြင် လူသားများနှင့်တိရစ္ဆာန်များ၏ အသက်အန္တရာယ်၊ အိုးအိမ်စည်းစိမ်များပါ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်ဇူလိုင်လစတုတ္ထပတ်နှင့် ဩဂုတ်လဒုတိယပတ်အတွင်း ဧရာဝတီမြစ်၊ လှိုင်မြစ် ရေလျှံမှုကြောင့်ရေဘေးရှောင်ပြည်သူ ၄၇၃၆ ဦးအား ရေဘေးစခန်း ဖွင့်ခွင့်ပေးခဲ့သော တိုက်ကြီး၊ အဖျောက်၊ ဥက္ကံဘုန်းတော်ကြီးကျောင်းများမှ ဆရာတော် သံဃာတော်များနှင့်ဝေယျာဝစ္စဆောင်ရွက်ပေးသူများ၊ ရေဘေးရှောင်ပြည်သူများကို ကူညီထောက်ပံ့ပေးသော ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးဇော်သိန်း၊ တိုက်ကြီးတပ်နယ်မှူး ဗိုလ်ချုပ်ခင်မောင်သန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့များ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကူညီ လှူဒါန်းခဲ့ကြသော ကုမ္ပဏီများ၊ ပရဟိတအသင်းများ၊ လူမှုရေးအသင်းများ၊ ကြက် ခြေနီ၊ မီးသတ်တပ်ဖွဲ့များအား မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

# မှုခင်းသတင်းတိုထွာများ

**ဗန်းမောက်**

ဗန်းမောက်မြို့နယ် သစ်တောဦးစီးဌာနမှ မံကပ်သစ်တော ကြိုးဝိုင်းအတွင်းရှိ စုန်းတော်ကျေးရွာ အရှေ့ဘက် နှစ်မိုင်ခန့်အကွာတွင် ဩဂုတ် ၂၈ ရက်က တရားမဝင်ကျွန်းသစ်လုံးအပိုင်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးအောင်ကိုနိုင်ဦးစီး၍ မံကပ်ဘိနယ်တောအုပ်တာဝန်ခံ ဦးမြင့်ကိုကိုထွေး၊ တောခေါင်းဦးသန်းထွန်း တို့သည် စုန်းတော်ကျေးရွာခွဲအဖွဲ့သားများနှင့် နယ်မြေရှင်းလင်းရေးဆောင်ရွက်ရာ ကျွန်းသစ် အပိုင်း ၂၆ လုံး ၈ ဒသမ ၆၉၀ တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

**ကွမ်းလုံ**

ရှမ်းပြည်နယ် မြောက်ပိုင်း ကွမ်းလုံမြို့နယ် ခိုလုံရပ်ကွက်နှင့် ဝန်ထမ်းရပ်ကွက်ကြား သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော် ပြည်ထောင်စုလမ်းမပေါ်၌ ဩဂုတ် ၂၉ ရက် ညနေက အုတ်များသယ်ဆောင်လာသော ထော်လာဂျီနှင့် ဆိုင်ကယ်တိုက်မှုဖြစ်ပွားခဲ့သည်။ အခင်းဖြစ်ပွားနေရာသို့ မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့များမှ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ရာ ဒဏ်ရာရရှိသော ဆိုင်ကယ်မောင်းနှင်သူအား မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုခံယူထားကြောင်း သိရသည်။

**မိုင်းခိုင်ဇော်**

**ပုလဲ**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ မြောက်ပိုင်းရပ်ကွက် ပုလဲ-ဂန့်ဂေါ ကားလမ်းမကြီး အရှေ့ဘက်၌ ဩဂုတ် ၂၉ ရက် ညနေ ၃ နာရီခွဲက နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ဦးဒေါင်း အသက် ( ၆၅ )နှစ်၏ နေအိမ်တွင် လျှပ်စစ်ဝိုင်ယာကြိုးရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်း သတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးနှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းနှင့်ဝန်ထမ်းများနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး( ဧယျာမြေ )**

**သိန္နီ**

သိန္နီမြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်မောင်ပုနှင့်အဖွဲ့ အိုရီယမ်တယ်ဟိုင်းဝေးတိုးဂိတ်အနီး ပိတ်ဆို့ရှာဖွေနေစဉ် မူဆယ်ဘက်မှ လားရှိုးဘက်သို့ ဇော်ထူးမောင်းနှင်လာသော ဆိုင်ကယ်ကို စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉ ပြား၊ အလေးချိန် ၂ ဒသမ ၇ ဂရမ်ခန့်၊ ဘိန်းဖြူဟုယူဆရသော အဖြူ/အဝါအမှုန့် အလေးချိန် ၂ ဒသမ ၈ ဂရမ်ခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဝါးခယ်မ**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်ဝင်းနှင့်အဖွဲ့ မြသိန်းတန် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ မချိုတီမာ၏ နေအိမ်တွင် လောင်း ကစား ပြုလုပ်နေကြောင်း သတင်းအရ ဩဂုတ် ၂၇ ရက် ည ၈ နာရီက ဝင်ရောက် ရှာဖွေရာ နှစ်လုံးထီ၊ ဘောလုံးပွဲလောင်းရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများ၊ စာရွက် စာတမ်းများ၊ နှစ်လုံးထီပေါက်စဉ်များနှင့် ငွေကျပ် ၆၇၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**

**တောင်တွင်းကြီး**

တောင်တွင်းကြီးမြို့နယ် ဟင်္ဂရော်ကျေးရွာ မြောက်ဘက်ရှိ အောင်မင်္ဂလာကန်အတွင်း ဩဂုတ် ၂၉ ရက်မွန်းလွဲ ၁ နာရီခွဲကအမျိုးသားတစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။ သေဆုံးသူသည်တစ်ရွာတည်းနေ ပေါက်စ(ခ)တိုင်းကျော်အောင်နှင့်အတူ ယင်းနေ့က နွားကျောင်းသွားစဉ် အောင်မင်္ဂလာကန်အတွင်း ရေဆင်းချိုးရာမှ ရေနစ်ခဲ့သဖြင့် ဦးကြည်အောင်ပါ နှစ်ဦးမှ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် အလောင်းကို ဆယ်ယူရရှိခဲ့သည်။ သေဆုံးသူ နိုင်နိုင်အောင်၏ခန္ဓာကိုယ်တွင် ဒဏ်ရာတစ်စုံတစ်ရာ မရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(၀၈၅)**



# ပိတောက်ခွဲသား ဆိုက်စုံခြောက်တန်ကျော်ဖမ်းမိ

**ပြင်ဦးလွင် ဩဂုတ် ၃၁**

ဩဂုတ် ၂၅ ရက် ည ၁၀နာရီခွဲက ပြင်ဦးလွင်မြို့နယ်တွင် တရားမဝင် ပိတောက်သစ်ခွဲသား ဆိုက်စုံ ခြောက်တန်ကျော်အား ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်မှာ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်နိုင်ဦးနှင့် ပူးပေါင်းအဖွဲ့သည် သတင်းအရ နယ်မြေရှင်းလင်းရာ အနီးစခန်း မန္တလေး-ပြင်ဦးလွင် မြို့ရှောင်လမ်းခွဲ အတိုင်း (၁)ဖာလုံခန့်အကွာတွင် မောင်းသူမပါ ရပ်တန့်ထားသော ယာဉ်အမှတ် ၆ဃ/--- ၁၄ဘီး ယာဉ်ပေါ်တွင် တရားမဝင် ပိတောက်သစ်ခွဲသား ဆိုက်စုံ ၂၁၇ ချောင်း ၆ ဒသမ ၆၉၀၄ တန်တန်ဖိုးအားဖြင့် ၁၆၇၂၆၀၀ ကျပ်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင် (ကျောက်ဆည်)**

# ကွန်ကာကပ်ဇုန်မှာ ခြေစစ်ပွဲအောင်ဖို့ အခြေအနေကောင်းတဲ့ မက္ကဆီကို အပြင်းအထန်အားထုတ်ရမယ့် အမေရိကန်ရဲ့ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ

**၂၀၁၈ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲရဲ့ ကွန်ကာကပ်ဇုန် ခြေစစ်ပွဲတွေကို စက်တင်ဘာ ၂ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ခြေစစ်ပွဲအောင်ဖို့ အဆုံးအဖြတ်ပွဲစဉ်တွေဖြစ်လာတာမို့ အတိမ်းအစောင်း အမှားအယွင်းမခံတော့တဲ့ ဒီပွဲစဉ်မှာတော့ အသင်းတိုင်း ခြေကုန်ဖွင့်ရတော့မှာဖြစ်ပါတယ်။ ခြေစစ်ပွဲအောင်ဖို့အတွက် မျှော်လင့်ချက်ရှိနေတဲ့ အသင်းတွေကလည်း ပြင်းထန်တဲ့ တိုက်ပွဲဝင်စိတ်ဓာတ်နဲ့အတူ ဒီပွဲစဉ်တွေကို ဆင်နွှဲမှာတော့ သေချာနေပြီဖြစ်ပါတယ်။ အုပ်စု(၃)အုပ်စုခွဲပြီး ယှဉ်ပြိုင်နေတဲ့ ကွန်ကာကပ်ဇုန်မှာ ဘယ်အသင်းတွေခြေစစ်ပွဲအောင်သွားမလဲဆိုတာကလည်း စောင့်ကြည့်အားပေးရမှာဖြစ်ပါတယ်။**

**မိုးမြင့်လင်းလက်**



**အယ်လ်ဆာဗေဒိုနှင့် မက္ကဆီကို**

အုပ်စု(A)မှာ မက္ကဆီကိုတို့က လေးပွဲကစားပြီးချိန်မှာ ၁၂ မှတ် ရရှိနေကာ အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ အယ်လ်ဆာဗေဒိုတို့ကတော့ လေးပွဲကစားပြီးချိန်မှာ နိုင်ပွဲမရှိ၊ သရေနှစ်ပွဲနဲ့ နှစ်မှတ်ရရှိပြီး ခြေစစ်ပွဲအောင်ဖို့ ခက်ခဲနေပြီဖြစ်ပါတယ်။ မက္ကဆီကိုတို့က တိုက်စစ်ကောင်းသလို ခံစစ်ပိုင်းကလည်း အားနည်းချက်မရှိပါဘူး။ ပထမအကျော့ မက္ကဆီကိုကွင်းမှာ မက္ကဆီကိုတို့က သုံးဂိုးပြတ်အနိုင်ရထားတာမို့ အခုပွဲမှာလည်း အယ်လ်ဆာဗေဒိုတို့ အနိုင်မျှော်လင့်ချက်ထားလို့ မရပါဘူး။ မက္ကဆီကိုတို့ပဲ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံပါလိမ့်မယ်။

**စိန့်ဗင်းဆင့်နှင့် အမေရိကန်**

အုပ်စု(C)မှာ အမေရိကန်တို့ လေးပွဲကစား၊ ခုနစ်မှတ်ရရှိကာ အုပ်စုဒုတိယနေရာမှာရှိနေပါတယ်။ စိန့်ဗင်းဆင့်တို့ကတော့ လေးပွဲကစားပြီးချိန်မှာ ရှုံးပွဲတွေချည်းကြုံတွေ့ထားတာမို့ မျှော်လင့်ချက်ထားလို့ မရတော့တဲ့ အခြေအနေပါပဲ။ အမေရိကန်တို့က ပထမအကျော့မှာ စိန့်ဗင်းဆင့်ကို ခြောက်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း အမေရိကန်တို့ပဲ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံသွားပါလိမ့်မယ်။ အုပ်စုပထမနေရာအတွက် ဒီပွဲကို အမေရိကန်တို့ ခြေကုန်ဖွင့်ကစားပြီး ပြတ်သားတဲ့ရလဒ်ကို အပြင်းအထန် ပုံဖော်ပါလိမ့်မယ်။

**ထရီနီဒက်နှင့် ဂွာတီမာလာ**

အုပ်စု(C)မှာ ထရီနီဒက်တို့က လေးပွဲကစားပြီး ၁၀ မှတ်ရရှိထားပါတယ်။ ထရီနီဒက်တိုက်စစ်မှူးတွေက ဂိုးသွင်းစွမ်းရည်မြင့်မားသူတွေဖြစ်ပြီး ပြိုင်ဘက်ခံစစ်ကြောင်း အထပ်ထပ်ပိတ်ဆို့မှုတွေကြားက ဂိုးရရှိအောင် သွင်းယူနိုင်သူတွေဖြစ်ပါတယ်။ ဂွာဒီမာလာတို့ကလည်း လေးပွဲကစားပြီးချိန်မှာ ခြောက်မှတ်ရရှိထားတာမို့ ဒီပွဲအနိုင်ရရင် အုပ်စုဒုတိယနဲ့ ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်နိုင်တာမို့ အနိုင်ရရှိရေး အပြင်းအထန်ကြိုးစားတော့မှာဖြစ်ပါတယ်။ ဒါပေမယ့် ဂွာဒီမာလာရဲ့အားနည်းချက်က ခံစစ်ကြောင်းဖြစ်တာမို့ ဒီပွဲမှာ ပြင်ဆင်ပြီး အားထုတ်ရင်တော့ အနိုင်ရသွားနိုင်ပါတယ်။

**ပနားမားနှင့် ဂျမေကာ**

အုပ်စု(B)မှာ ပနားမားတို့က လေးပွဲကစား ခုနစ်မှတ်နဲ့ အုပ်စုဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ဂျမေကာတို့ကတော့ လေးပွဲကစားပြီးချိန်မှာ လေးမှတ်ရရှိနေပြီး အုပ်စုတတိယနေရာမှာရှိနေတာမို့ ဒီပွဲမှာ အနိုင်ရရှိရေး ကြိုးစားလာပါလိမ့်မယ်။ ပနားမားတို့က နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ အာဂျင်တီးနား၊ ချီလီ၊ ဂွာဒီမာလာတို့ကို နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး။ ဂျမေကာတို့ကလည်း ဗင်နီဇွဲလား၊ မက္ကဆီကိုနဲ့ ဥရုဂွေးအသင်းတွေကို နိုင်ပွဲမရခဲ့တာမို့ အခုပွဲမှာတော့ နိုင်ပွဲရမှာဖြစ်မယ့် ဂျမေကာတို့ တိုက်စစ်အားနည်းပေမယ့် တစ်ဦးချင်းထိုးဖောက်မှုတွေနဲ့အတူ ဂိုးရအောင်သွင်းယူပြီး အနိုင်ရလဒ်ကိုပုံဖော်ပါလိမ့်မယ်။

**ဟွန်ဒူးရပ်စ်နှင့် ကနေဒါ**

အုပ်စု(A)မှာ ဟွန်ဒူးရပ်စ်ဟာ လေးမှတ်ရပြီး အုပ်စုဒုတိယနေရာမှာ ရှိနေပါတယ်။ ကနေဒါတို့ကလည်း လေးပွဲကစား၊ လေးမှတ်ရရှိထားတာမို့ အမှတ်တူနေပါတယ်။ ခြေစစ်ပွဲအောင်ဖို့ နိုင်ပွဲကိုအပြိုင်ပုံဖော်ကြမှာမို့ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ ပထမအကျော့ပွဲစဉ်မှာ ကနေဒါတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားပေမယ့် တိုက်စစ်က အားရစရာမရှိပါဘူး။ ဒါ့အပြင် ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုမရှိတာမို့ ဒီပွဲမှာ ကနေဒါတို့ သိပ်တော့မလွယ်ပါဘူး။ ဟွန်ဒူးရပ်ဖ်တို့ကတော့ ခြေစစ်ပွဲအောင်မြင်ရေး အစွမ်းကုန်ကြိုးစားမှာမို့ အားနည်းမှုရှိနေတဲ့ ခံစစ်ကိုပြင်ဆင်ပြီး အနိုင်ရရေး ဦးတည်အားထုတ်ပါလိမ့်မယ်။

**ဟေတီနှင့် ကော်စတာရီကာ**

အုပ်စု(B)မှာ ကော်စတာရီကာတို့က လေးပွဲကစား ၁၀ မှတ်ရရှိထားပြီး အုပ်စုကို ဦးဆောင်ထားပါတယ်။ ဟေတီတို့ကတော့ လေးပွဲကစားပြီးချိန်မှာ တစ်မှတ်သာ ရရှိထားတာမို့ ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်မရှိတော့ပါဘူး။ တိုက်စစ်ရော ခံစစ်ပါ ကောင်းမွန်တဲ့ ကော်စတာရီကာတို့က ပထမအကျော့မှာ ဟေတီကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားပေမယ့် အခုပွဲမှာတော့ အဝေးကွင်းဆိုပေမယ့် ဂိုးပြတ်သွင်းအောင်ပွဲခံပါလိမ့်မယ်။ ။

---

## လက်စတာကခေါ်ယူမယ့် စပိန်တင်းလစ္စဘွန်း ကစားသမားနှစ်ဦး

ပရီမီယာလိဂ်ချန်ပီယံ လက်စတာအသင်းက စပိုတင်းလစ္စဘွန်းကစားသမားနှစ်ဦးဖြစ်တဲ့ အင်ဒရီရင်ဆေးလ်ဗားနဲ့ စလီမာနီတို့ကို ပေါင် ၄၈ သန်းနဲ့ ခေါ်ယူဖို့ နီးစပ်နေပြီဖြစ်ပါတယ်။ ပရီမီယာလိဂ် ချန်ပီယံ လက်စတာအသင်းဟာ ဗဟိုခံစစ်မှူးတစ်ဦးကို ခေါ်ယူသွားဖို့စီစဉ်လျက်ရှိပါတယ်။ စပိုတင်းနဲ့ ပေါ်တူဂီအသင်းရဲ့ ကွင်းလယ်ကစားသမား ဆေးလ်ဗားကို ပေါင် ၁၉ သန်းနဲ့ လက်စတာက ဝယ်ယူဖွယ်ရှိနေပါတယ်။ အယ်လ်ဂျီးရီးယားကစားသမား မာရီကတော့ ပေါင် ၂၉ သန်းနဲ့ လက်စတာက ကမ်းလှမ်းထားတာပါ။ လက်စတာအသင်းတာဝန်ရှိသူတွေနဲ့ စပိုတင်းအသင်းရဲ့တာဝန်ရှိသူတွေ ပေါ်တူဂီမှာ တွေ့ဆုံဆွေးနွေးနေပြီလို့ ဆိုပါတယ်။ လက်စတာအသင်းရဲ့ကစားပုံနဲ့ စပိုတင်းရဲ့ကစားပုံတွေတူညီနေတဲ့အတွက် ခေါ်ယူဖို့စိတ်ဝင်စားနေတာပါလို့ ယူရို ၂၀၁၆ ဗိုလ်လုပွဲမှာ ပါဝင်ကစားခဲ့တဲ့ ဆေးလ်ဗားက ဆိုပါတယ်။ ဆေးလ်ဗားဟာ ယူရို ၂၀၁၆ မှာ ပေါ်တူဂီအသင်းနဲ့အတူ ခြေစွမ်းပြကစားခဲ့သူဖြစ်ပါတယ်။

---

## ဗလင်စီယာတိုက်စစ်မှူးကို ဘာစီလိုနာခေါ်ယူ



ဘာစီလိုနာအသင်းက ဗလင်စီယာ တိုက်စစ်မှူး ပါကိုအယ်ကာဆာကို ပေါင် ၂၅ သန်းနဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ တိုက်စစ်မှူး အယ်ကာဆာဟာ လာလီဂါချန်ပီယံ ဘာစီလိုနာအသင်းနဲ့ ဆေးစစ်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ အသက် ၂၂ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး အယ်ကာဆာကို ဘာစီလိုနာက ငါးနှစ်စာချုပ်နဲ့ ခေါ်ယူမှာဖြစ်ပါတယ်။ သူဟာ ဗလင်စီယာအသင်းမှာ ခြေစွမ်းပြကစားနေတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်က ဘာစီလိုနာအသင်းနဲ့အတူ စတင်ကစားခဲ့ပါတယ်။ သို့သော်လည်း ၂၀၁၂-၂၀၁၃ ရာသီက ဂီတာဖေးကို အငှားချထားခဲ့ပါတယ်။ သူဟာ လွန်ခဲ့တဲ့ရာသီနှစ်ခုအတွင်း အစပွဲ ၅၁ ပွဲမှာ ၂၅ ဂိုးအထိသွင်းယူပေးခဲ့ပါတယ်။ သူဟာယူရို ၂၀၁၆ မှာ စပိန်အသင်းရဲ့ထိပ်တန်းဂိုးသွင်းသမားတစ်ဦးဖြစ်ပါတယ်။ စုစုပေါင်း ငါးဂိုးအထိသွင်းယူပေးနိုင်ခဲ့ပါတယ်။ အယ်ကာဆာဟာ ဘာစီလိုနာရဲ့ အဓိကတိုက်စစ်မှူးတွေဖြစ်တဲ့ မက်ဆီ၊ ဆွာရက်ဇ်၊ နေမာတို့နဲ့အတူ တွဲဖက်ကစားရဖို့ရှိနေပါတယ်။




ချယ်လ်ဆီးအသင်းက အင်တာမီလန်ကွင်းလယ်ကစားသမား မာစဲလိုဘရိုဇိုဗစ်ကို စာချုပ်ဖို့ နီးစပ်နေပြီလို့ ဆိုပါတယ်။ အင်တာမီလန်က ပေါ်တူဂီကစားသမား မာရီယိုကိုခေါ်ယူခဲ့ပြီးနောက် ဘရိုဇိုဗစ်ကို ရောင်းထုတ်ဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ အင်တာမီလန်ကွင်းလယ်လူ ဘရိုဇိုဗစ်ကို ပေါင် ၂၅ သန်းနဲ့ ခေါ်ယူသွားဖွယ်ရှိပါတယ်။ ချယ်လ်ဆီးနည်းပြ ကွန်တီးအနေနဲ့ ကွင်းလယ်ကစားသမားကို ပိုမိုတောင့်တင်းအောင် ကြိုးစားမှုတစ်ရပ်အဖြစ် ဘရိုဇိုဗစ်ကို အရခေါ်ယူသွားဖွယ်ရှိပါတယ်။ ချယ်လ်ဆီးအသင်းမှာ ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်ရှိနေသော်လည်း အဖွင့်ပွဲသုံးပွဲမှာ ပါဝင်ကစားခွင့်မရခဲ့ပါဘူး။

အသက် ၂၂ နှစ်အရွယ်ရှိတဲ့ ဘရိုဇိုဗစ်ကို အင်တာမီလန်အသင်းက ဒိုင်နမိုဇာဂရက်အသင်းမှ ၁၈ လကြာတဲ့အထိ အငှားခေါ်ယူခဲ့ပြီးနောက် အမြဲတမ်းကစားသမားအဖြစ် ခေါ်ယူခဲ့တာဖြစ်ပါတယ်။ သူ့ကို ဂျူဗင်တပ်စ်ကလည်း ခေါ်ယူဖို့စောင့်ကြည့်နေခဲ့တာပါ။ သို့သော်လည်း စီးရီးအေပြိုင်ဘက်ထက် ပရီမီယာလိဂ်ကို ရောင်းဖို့ပြင်ဆင်ခဲ့တယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**



# ကော့သောင်းမြို့တွင် အဝိုင်းပတ်စာပေရေချမ်းစင် ဖွင့်လှစ်မည်

**ကော့သောင်း ဩဂုတ် ၃၁**

ကော့သောင်းမြို့၏ အချက်အချာနေရာဖြစ်သော ပိတောက်ရွှေဝါရပ်ကွက် အဝိုင်းပတ်လမ်းဆုံ၌ မြို့မိမြို့ဖများနှင့် မြို့ခံပရဟိတအဖွဲ့တစ်ခုဖြစ်သည့် ကမ်းနီးအဖြူရောင်ပရဟိတမိသားစုအဖွဲ့တို့ ပူးပေါင်း၍ အဝိုင်းပတ်စာပေရေချမ်းစင်ကို ဆောက်လုပ်လှူဒါန်း ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စာပေရေချမ်းစင်ကို ပြည်သူများ စာဖတ်ခြင်းအလေ့အထကောင်းများ ရှင်သန်တိုးတက်လာစေရန်နှင့် ဗဟုသုတအသိအမြင် ကြွယ်ဝစေရန် ရည်ရွယ်ကာ ကော့သောင်းခရိုင် မြို့နယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့မိမြို့ဖများ၊ စေတနာရှင်အလှူရှင်များနှင့် ကမ်းနီးအဖြူရောင်ပရဟိတမိသားစုတို့ ပူးပေါင်း၍ အများပြည်သူနားနေဆောင်နှင့် တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

စာပေရေချမ်းစင်တွင် မြို့ခံပြည်သူအလှူရှင်များ လှူဒါန်းမှုဖြင့် လစဉ် သုတရသစာအုပ်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာနှင့် ကလေးစာပေများ၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးစသည့် ဘာသာရပ်စုံ စာအုပ်စာပေများကို ထားရှိပေးသွားမည်ဖြစ်ပြီး လမ်းသွားလမ်းလာပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ လွယ်လင့်တကူ ဖတ်ရှုနိုင်စေရန် နေ့စဉ်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း စာအုပ်စာပေများ ပံ့ပိုးပေးသည့်အပြင် ရေရှည်တည်တံ့ရှင်သန်ရေးအတွက် စာကြည့်တိုက်နည်းပညာကိုလည်း ပူးပေါင်းကူညီပံ့ပိုးပေးသွား မည်ဖြစ်ကြောင်း သိရသည်။

အဝိုင်းပတ်စာပေရေချမ်းစင်ကို ဆောက်လုပ်လှူဒါန်း ဖွင့်လှစ်ရန် စီစဉ်နေမှုများကို တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်အဖွဲ့က ဩဂုတ် ၂၈ ရက်က လာရောက်ကြည့်ရှုအားပေးခဲ့သည်။

**ကျော်စိုး(ကော့သောင်း)**

# အနောက်ရှမ်းရိုးမ ထိန်းသိမ်းရေးဆက်စပ်ဧရိယာရှိ ဇီဝမျိုးစုံမျိုးကွဲနယ်မြေများထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေး

**လွိုင်ကော် ဩဂုတ် ၃၁**

အနောက်ရှမ်းရိုးမ ထိန်းသိမ်းရေးဆက်စပ်ဧရိယာ ( Western Shan Yoma Range) ရှိ ဇီဝမျိုးစုံ မျိုးကွဲနယ်မြေများ(KBAs) ထိန်းသိမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို WCS ( Wildlife Conservation Society)နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လွိုင်ကော်မြို့ရှိ Kayah Resort Hotel ၌ ဩဂုတ် ၂၉ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကယားပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်က အနောက်ရှမ်းရိုးမတောင်တန်းဒေသသည် ကျား၊ ဆင်ကဲ့သို့ ရှားပါးစာရင်းဝင် တောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားနေထိုင်နိုင်သည့် နေရာဖြစ်သလို ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကိုလည်း ထိန်းသိမ်းထားနိုင်သည့် ဒေသတစ်ခုဖြစ်ပြီး သဘာဝနှင့် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ အမွေအနှစ်များ စဉ်ဆက်မပြတ်တည်ရှိနေရေးအတွက် ထိန်းသိမ်းကြရန် နိုင်ငံသူနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ကယားပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲဆွေက သဘာဝနယ်မြေ ထပ်မံရှာဖွေရန်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအကြောင်းကို ရှင်းလင်းတင်ပြပြီး သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) မှ National Landscape Coordinator ဒေါက်တာ နော်မေလေးသန့်က အနောက်ရှမ်းရိုးမထိန်းသိမ်းရေး ဆက်စပ်ဧရိယာတွင် လေ့လာတွေ့ရှိခဲ့သည့် အကြောင်းအရာများနှင့် သတင်းအချက်အလက်များကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက အဓိက ဇီဝမျိုးစုံ မျိုးကွဲနယ်မြေများ၏ ဧရိယာနယ်နိမိတ်များကို ပြန်လည်သုံးသပ်ခြင်း၊ အဓိကဇီဝမျိုးစုံ မျိုးကွဲနယ်မြေများရှိ ဒေသခံများ၏ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများအကြောင်း ဆွေးနွေးခြင်း၊ အဓိကဇီဝမျိုးစုံ မျိုးကွဲနယ်မြေများရှိ ဇီဝမျိုးကွဲများနှင့် ခြိမ်းခြောက်မှုများအကြောင်းဆွေးနွေးခြင်း၊ အဓိက ဇီဝမျိုးစုံ မျိုးကွဲနယ်မြေများတွင် အုပ်ချုပ်ထိန်းသိမ်းနေမှုအခြေအနေနှင့် ထပ်မံဆောင်ရွက်သင့်သည့် အခြေအနေများကို အုပ်စုလိုက်ဆွေးနွေးခြင်းများ ဆက်လက်ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကယားပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခြား တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ သစ်တောဦးစီးဌာနမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# နယ်နိမိတ်ရေးရာနှင့် နယ်စပ်ရေးရာသင်တန်း ဖွင့်လှစ်

**မြဝတီ ဩဂုတ် ၃၁**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့ သောင်ရင်းခန်းမ၌ နယ်နိမိတ်ရေးရာနှင့် နယ်စပ်ရေးရာသင်တန်းကို ဩဂုတ် ၂၉ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးမင်းရွှေက ထိုင်းနိုင်ငံနှင့်ထိစပ်နေသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင်ရှိသည့် ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နယ်နိမိတ်အခြေအနေနှင့် မိမိတို့အချုပ်အခြာအာဏာပိုင်သည့်နယ်မြေ ဘယ်အထိရှိနေသည်ကို သိရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နယ်နိမိတ်ဆိုင်ရာများကို သိရှိရန်အတွက် သင်တန်းတွင် ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် နည်းပြများက နှစ်ရက်ကြာ သင်ကြားပို့ချခဲ့သည်။ ဩဂုတ် ၂၉ ရက်တွင် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ကလည်းကောင်း၊ ဩဂုတ် ၃၀ ရက်တွင် နိုင်ငံခြားရေးနှင့် မြေတိုင်းဦးစီးဌာနတို့ကလည်းကောင်း သင်ကြားပို့ချခဲ့သည်။

သင်တန်းသို့ မြဝတီခရိုင် မြစ်ကြောင်းထိန်းသိမ်းရေးနှင့် နယ်နိမိတ်ထိန်းသိမ်းကာကွယ်ရေးကြီးကြပ်မှုကော်မတီဝင်များ၊ အခြေချစစ်ဗျူဟာ၊ ရှေ့တန်းရုံး၊ တပ်နယ်များ၊ နယ်ခြားစောင့်တပ်များ၊ KNU ဆက်ဆံရေးရုံး၊ KNU/KNLAPC ဆက်ဆံရေးရုံးနှင့် DKBA (ကလို့ထူးဘော)ဆက်ဆံရေးရုံးတို့မှ ကိုယ်စားလှယ်များ၊ မြို့ပေါ်ရပ်ကွက်ငါးခုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ သောင်ရင်းမြစ်ကမ်းဘေးကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မှုခင်းအသိပညာပေးဟောပြော

**သထုံ ဩဂုတ် ၃၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်း၏ ညွှန်ကြားချက်အရ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ စီစဉ်မှုဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်း ကြီးကြပ်ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီက မှုခင်း အသိပညာပေးပြခန်းယာဉ်နှင့်အတူ သထုံခရိုင် ဘီးလင်းမြို့နယ်လေးကေ ကျေးရွာ သို့ရောက်ရှိခဲ့ရာ KNU တပ်မဟာ(၁)၊ ဒုတပ်မဟာမှူး ဗိုလ်မှူးကြီး အဆင့်ရှိ စောပ လေ့ဦးဆောင်သောအဖွဲ့နှင့် ပြည်သူလူထု၊ ကျောင်းသား ကျောင်းသူများ အင်းအား ၆၀၀ ကျော်ခန့် လာရောက်လေ့လာကြသည်။

မှုခင်းအသိပညာပေးယာဉ်သည် ညနေ ၃ နာရီ ၁၅ မိနစ်တွင် သထုံမြို့နယ် ပိန္နဲတောကျေးရွာသို့ ရောက်ရှိလာကြရာ ကျေးရွာသူရွာသားများ၊ ကျောင်းသား ကျောင်းသူ အင်အား ၆၀၀ ခန့်လာရောက်လေ့လာကြပြီး အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်သန့်ဇင်နှင့် အရာရှိများ၊ တပ်ဖွဲ့ဝင်များကလာရောက်အားပေးခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**




# ရေနစ်မြုပ်စပါးစိုက်ခင်းများတွင် သတိပြုရမည့်အချက်များ ပညာပေးဆွေးနွေး

**ပွင့်ဖြူ ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ကုန်းဇောင်း၊ ပေတောနှင့် အနောက်ကိုင်းကျေးရွာများမှ ရေနစ်မြုပ်ခံခဲ့ရသည့် မိုးစပါးစိုက်ခင်းများကို စိုက်ပျိုးထားသည့်တောင်သူများအား နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတိုးမင်းဦးဆောင်သောအဖွဲ့က မြေ၊ မျိုး၊ ပိုးမွှားအန္တရာယ်စသည့်အကြောင်းအရာများကို ကွင်းဆင်းပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၆ ရက်က ကုန်းဇောင်းကျေးရွာ မြသိန်းတန်ဘုရားတန်ဆောင်းအတွင်း၌ ဒေသခံတောင်သူ ၁၂၃ ဦးအား ရေနစ်မြုပ်စိုက်ခင်းများတွင် မြေ၏သဘာဝအနေအထား ပြောင်းလဲတတ်မှု၊ ၎င်းမြေတွင် စိုက်ပျိုးသင့်သည့် မျိုးစပါးအကြောင်းနှင့် ကျရောက်တတ်သော ပိုးမွှားရောဂါများအကြောင်းကို နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့်အဖွဲ့၊ မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံ၊ ပွင့်ဖြူမြို့နယ်မှ စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိဝန်ထမ်းများက ပညာပေးဆွေးနွေးခဲ့သည်။

ရေနစ်မြုပ်ရာဒေသများရှိ တောင်သူများ၏ စိုက်ခင်းများ၌ ပိုးမွှားရောဂါကျရောက်သည်ဟု ယူဆလာပါက တောင်သူများအနေဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနများသို့ တိုက်ရိုက် အလျင်အမြန်ဆက်သွယ်နိုင်ရန် ကောလ်စင်တာများလည်း ဖွင့်ထားပေးလျက်ရှိကြောင်း သိရသည်။

**ဇွဲထက်ရှင်**

# ကျေးရွာ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဖွဲ့စည်း

**ကလေး ဩဂုတ် ၃၁**

ကလေးမြို့နယ် နန်းစောင်းပုကျေးရွာ၌ ကျေးရွာမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဖွဲ့စည်းခြင်းနှင့် ဆိုင်းဘုတ်တင်ပွဲကို ဩဂုတ် ၂၈ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အသင်းကို နန်းစောင်းပုကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ဇော်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်သိန်းတို့က အသင်းဆိုင်းဘုတ်ကို ဖွင့်လှစ်သည်။ ထို့နောက် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ကျင်းပပြီး ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မူးယစ်တပ်ဖွဲ့စု(၅)မှ ခေတ္တတပ်ဖွဲ့စုမှူးတို့က မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများကို ဟောပြောခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင်လည်း စော်ဘွားရေရှင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ကျင်းပပြီး ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

**မိတ္ထီလာ ဩဂုတ် ၃၁**

မိတ္ထီလာကန်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပါက တောင်ကန်ရှိ ရေကျော်ခုနစ်ပေါက်ရေလွှဲမြောင်းမှ ရေထုတ်လျှင် ရေထိန်းနံရံများကို ရေတိုက်စားမှုမဖြစ်ပွားစေရန်အတွက် တိုင်းဒေသကြီးဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူပြီး ကျောက်စီခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေထိန်းနံရံ ကျောက်စီခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ အလျား ၃၆၅ ပေ၊ အမြင့် ၁၇ ပေရှိ ဝဲဘက်နံရံနှင့် အလျား ၃၈၅ ပေ၊ အမြင့် ပေ ၂၀ ရှိ ယာလက်ဇလုပ်ဖောင်းနံရံများတွင် ကျောက်စီခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ယူလုပ်ကိုင်နေသည့် ဆည်မြောင်းဦးစီးဌာနမှူး ဦးဝင်းငွေ၏ ပြောကြားချက်အရ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မိတ္ထီလာတောင်ကန် ရေလွှဲမြောင်းရေထိန်းနံရံများ ကျောက်စီ



# ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာတိုးတက်ရေး သရုပ်ပြပွဲပြုလုပ်

**မကွေး ဩဂုတ် ၃၁**

အပူပိုင်းဇုန်ဒေသအတွင်း သီးနှံများစိုက်ပျိုးရာတွင် ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာများ တိုးတက်ရေးတောင်သူပညာပေးသရုပ်ပြပွဲကို မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ချောင်းဖြူကျေးရွာ၌ ဩဂုတ် ၂၉ ရက်က ပြုလုပ်ခဲ့သည်။

လက်တွေ့လုပ်ဆောင်ခြင်းဖြင့် စိုက်ပျိုးရေးနည်းပညာများကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုနားလည်ပြီး သီးနှံများ၏အထွက်နှုန်း ပိုမိုတိုးတက်လာစေရန်နှင့် စိုက်ပျိုးရေးနည်းပညာများကို တောင်သူအချင်းချင်းမှ အဆင့်ဆင့်ပြန့်ပွားသွားစေရန် ရည်ရွယ်၍ သရုပ်ပြပွဲကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း(JICA)တို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး သရုပ်ပြပွဲသို့ မကွေးမြို့နယ်အတွင်းမှ တောင်သူများနှင့်အတူ ညောင်ဦးမြို့နယ်မှ တောင်သူ ၂၁ ဦးနှင့် စိုက်ပျိုးရေးဝန်ထမ်းခုနှစ်ဦးတို့လည်း လာရောက်လေ့လာခဲ့ကြသည်။

သရုပ်ပြပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်စိန်နှင့် မကွေးခရိုင်ဦးစီးမှူး ဦးသိန်းလွင်တို့က အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ နယ်မြေခံတောင်သူများနှင့် လေ့လာရန်လာရောက်ကြသည့် တောင်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပိုမိုနားလည်သိရှိနိုင်စေရန် ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် ချောင်းဖြူကျေးရွာမှ ဒေသခံတောင်သူများက စိုက်ကွင်းများအတွင်း စိုက်ပျိုးထားသော သီးနှံများအလိုက် ရေဖျန်းစနစ် (Sprinkler)နှင့် အစက်ချစနစ်(Drip) နည်းပညာများဖြင့် စိုက်ပျိုးထားပုံနှင့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေပုံများကို လိုက်လံရှင်းလင်းပြသခဲ့သည်။

ရေဖျန်းစနစ်(Sprinkler) နည်းပညာဖြင့် စိုက်ပျိုးထားသည့် ကညွတ်စိုက်ခင်း၊ ကန်စွန်းစိုက်ခင်း၊ ရေမွှေးပန်းစိုက်ခင်းများနှင့် ရေအစက်ချနည်းပညာဖြင့်စိုက်ပျိုးထားသည့် ငရုတ်စိုက်ခင်း၊ သပြေပန်းစိုက်ခင်း၊ စပျစ်စိုက်ခင်းများကို ညောင်ဦးမြို့နယ်အတွင်းမှ တောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ အခြားကျေးရွာများမှ တောင်သူများက လေ့လာကြည့်ရှုခဲ့ကြပြီး ရေချွေတာသုံးစွဲသည့် စိုက်ပျိုးနည်းပညာများကို တောင်သူအချင်းချင်း ဆွေးနွေးဖလှယ်ခဲ့သည်။

စိုက်ပျိုးနည်းပညာများလေ့လာရန်လာရောက်သူ ညောင်ဦးမြို့နယ်မှ တောင်သူဦးခင်မောင်စန်းက အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာများကို ဒေသတစ်ခုနှင့်တစ်ခု အပြန်အလှန်ဆွေးနွေးခွင့်ရရှိအောင် စီစဉ်ပေးသည့် JICA နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ကို ကျေးဇူးတင်ကြောင်း၊ ယခုသရုပ်ပြပွဲ၌ မိမိတို့ဒေသတွင် စိုက်ပျိုးမှုမရှိသေးသည့် ရေမွှားဖျန်းစနစ်ဖြင့် ကညွတ်စိုက်ပျိုးနည်းပညာနှင့် အခြားသီးနှံများ စိုက်ပျိုးမှု၊ အောင်မြင်မှုအခြေအနေများကို ဆွေးနွေးလေ့လာသိရှိခွင့်ရခဲ့ကြောင်း၊ တိုင်းဒေသကြီးမှ တောင်သူများကလည်း လာမည့် စက်တင်ဘာ ၁၆ ရက်တွင် ညောင်ဦးမြို့နယ်သို့ လာရောက်ကာ အပြန်အလှန် လေ့လာခွင့်ရရှိအောင် စီစဉ်ထားသည့်အတွက် တောင်သူများအဖို့ အကျိုးကျေးဇူးများပြားပြီး အောင်မြင်မှုရရှိသည့် သရုပ်ပြပွဲတစ်ခုဖြစ်ကြောင်း ပြောကြားသည်။



**သန်းနိုင်ဦး(ငဖဲ)**

# နွမ်းပါးချို့တဲ့ ကလေးငယ်များအား ပြုစုပျိုးထောင်ရာ စမတောင်ပေါ်မှ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်

မေတ္တာဖျန်း၍ လန်းရ၏၊ မေတ္တာခြံ၍ လုံရ၏ ဟူသော မေတ္တာတရား၏ ဂုဏ်သတ္တိတို့မှာ ရေးဖွဲ့မကုန်နိုင်ရှိသကဲ့သို့ နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္တိမြို့နှင့် လေးမိုင်ခန့်အကွာ အလယ်ရိုးမရှိ စမတောင်ပေါ်မှ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်သည်လည်း ဘာသာတရား၏ အေးမြသောအရိပ်နှင့် ဆရာတော်များ၏ မေတ္တာဓာတ်တို့ဖြင့် ငြိမ်းအေးလျက်ရှိသည်။

မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်ကို ၁၉၉၀ ပြည့်နှစ်တွင် စမတောင်ဆရာတော် ဘဒ္ဒန္တဝိမလနှင့် ဘဒ္ဒန္တဉာဏိန္ဒ (ယခုကျောင်းအုပ်ဆရာတော်)တို့က ရင်ခွင်မဲ့ ရင်သွေးငယ်လေးများ၊ ချို့တဲ့သော ကလေးငယ်များအား ပြုစုပျိုးထောင်ကယ်တင်နိုင်ရန် ရည်ရွယ်၍ စတင်ဖွင့်လှစ်ခဲ့ကာ ပထမဆုံးတစ်လအတွင်းမှာပင် ကလေးငယ် ၂၅ ဦးအထိ ရှိခဲ့သည်။

မဟာပရဟိတဂေဟာကို စဖွင့်စဉ်က ကလေးများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး စသော လူမှုစောင့်ရှောက်ရေးတို့အတွက် အခက်အခဲများစွာဖြင့် ရင်ဆိုင်ခဲ့ရသည်။ ဆရာတော်နှစ်ပါးမှာ ယိုင်နဲ့နဲ့ ဝါးကျောင်းလေးတွင် အနေဆင်းရဲ၊ ဆွမ်းမပြည့်စုံ၍ အစားဆင်းရဲသည့်ကြားမှပင် ကလေးများအား ပြုစုပျိုးထောင်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။

ထို့နောက် ဆရာတော်သည် ကျောင်းမှ ကလေးများအပြင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဆင်းရဲချို့တဲ့၍ ပညာသင်ကြားရန် အခက်အခဲတွေ့နေသော ကလေးငယ် ၁၀၀ ခန့်ကိုပါ နေ့လယ်စာထမင်း၊ ကျောင်းဝတ်စုံများ ထောက်ပံ့ပေး၍ အသိပညာ၊ အတတ်ပညာများ သင်ကြားပေးနိုင်ရန် စီစဉ်ခဲ့သည့်အပြင် နောက်ပိုင်းတွင် အသက်မွေးမှုပညာများဖြစ်သည့် ကွန်ပျူတာ၊ စက်ချုပ် စသည့် ပညာရပ်များကိုလည်း သင်ကြားပေးနိုင်ခဲ့သည်။



ယခုအချိန်တွင် ဆရာတော်၏ကျောင်းမှ သင်ကြားပြုစုပျိုးထောင်ပေးမှုကြောင့် ဘွဲ့ရရှိခဲ့ပြီး သူများနှင့် တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားနေသူများမှ ဆရာ ဆရာမများအဖြစ် မိမိကဲ့သို့ ဘဝတူရင်ခွင်မဲ့ ညီငယ်၊ ညီမငယ်လေးများအား သတ္တမတန်းအထိ ပြန်လည် သင်ကြားပေးလျက်ရှိပြီး အထက်တန်းအဆင့်ပညာကို သာဝတ္တိအထက်တန်းကျောင်းတွင် သွားလာရေးမှအစ ဆရာတော်၏ အစီအစဉ်ဖြင့် ဆက်လက်ပညာသင်ကြားစေလျက်ရှိသည့်အပြင် ဆရာတော်၏ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်(စမတောင်တော်)တွင် ကြီးစဉ်ငယ်လိုက် ကျောင်းသူများ၊ အုပ်ချုပ်သူများသည် မေတ္တာတရားဓာတ်တို့ဖြင့် လွှမ်းခြုံလျက်ရှိသော မိသားစုကြီး သဖွယ် သိုက်သိုက်ဝန်းဝန်းဖြင့် စိတ်ချမ်းမြေ့ဖွယ်ရာ တွေ့မြင်ခဲ့ရသည်။

ယနေ့အချိန်တွင် ဆရာတော်၏ ကျောင်း၌ ပြုစုပျိုးထောင်စောင့်ရှောက်ထားသူ ရက်သားအရွယ်မှ တစ်နှစ်သားအရွယ်အထိ ရင်ခွင်ပိုက် ၃၀၊ တစ်နှစ်သားမှ သုံးနှစ်သားအရွယ်အထိ ၃၆ ဦး၊ မူကြိုအရွယ် ၄၀ ၊ အခြေခံပညာသင်ကြားနေသူ ၄၉၁ ဦး၊ စစ်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်ကဲ့သို့သော အဆင့်မြင့်ပညာသင်ကြားနေသူ ၄၁ ဦး၊ ဘွဲ့များအသီးသီးရရှိ၍ မိမိကဲ့သို့သော ညီငယ်၊ ညီမငယ်များအား ပညာပြန်လည်သင်ကြားအုပ်ချုပ်နေသူ ၂၁ ဦးတို့နှင့် ဝေယျာဝစ္စအပါအဝင် စုစုပေါင်း ပြုစုစောင့်ရှောက်ထားသူ ၆၇၂ ဦးတို့ရှိကြပြီး ဆရာတော်၏ ကျောင်းဝင်းအတွင်း၌ပင် အခြေခံပညာအလယ်တန်းကျောင်းခွဲကိုလည်း ဖွင့်လှစ်ထားနိုင်ခဲ့သည်။

ကျောင်းသား ကျောင်းသူ ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဆေးကုသခန်းနှင့် ဆေးဝါးများထားရှိပြီး စေတနာ့ဝန်ထမ်းများအဖြစ် အထူးကုဆရာဝန်များ၊ ကျန်းမာရေးမှူးများ၊ သူနာပြုဆရာမများမှ အပတ်စဉ် ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်ကုသပေးလျက်ရှိပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများအား နေပြည်တော်ခုတင် (၁၀၀၀)ဆေးရုံကြီးသို့ ဆရာတော်က ပို့ဆောင်ကုသပေးလျက်ရှိသည်။

စမတောင် မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်း၏ တစ်နေ့တာ စားသောက်မှုမှာ ဆန် ခုနစ်တင်းခန့်ကုန်ကျရာ တစ်နေ့တာ အာဟာရဒါနပြုလိုသူများအနေဖြင့် ငွေကျပ်ခြောက်သိန်းဖြင့် လှူဒါန်းနိုင်ကြသည်။ အဝတ်အထည်အရွယ်စုံ၊ ပညာသင်ကြားရေးအထောက်အကူပြုပစ္စည်းများနှင့် ပြဋ္ဌာန်းစာအုပ်များကိုလည်း အလှူရှင်များအနေဖြင့် မိမိတို့တတ်နိုင်သမျှ လှူဒါန်းနိုင်ပါသည်။

ကျောင်းများမှာလည်း ဆရာတော်များ၏ မေတ္တာတရားနှင့် အလှူရှင်များ၏ သဒ္ဓါတရားတို့ကြောင့် ယခင်ကလို ဝါးကျောင်းလေးမဟုတ်တော့ဘဲ အခိုင်အမာအဆောက်အအုံများ ဖြစ်လာပြီဖြစ်သည်။ သို့သော် တိုးတက်များပြားလာသော ကျောင်းသားဦးရေနှင့်အတူ အနာဂတ်တွင် ဆက်လက်ဆောင်ရွက်မည့် ပရဟိတလုပ်ငန်းများ၊ အဆင့်မြင့် ပညာသင်ကြားရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး အစရှိသည့် ကဏ္ဍများအတွက် အလှူရှင်များ လာရောက်လှူဒါန်းနေသည့်ကြားမှ လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်သည်။

ဘဝအလှည့်အပြောင်း ကံကြမ္မာအမျိုးမျိုးကြောင့် ရင်ခွင်မဲ့နေသော ရင်သွေးငယ်လေးများနှင့် ချို့တဲ့သော ကလေးငယ်များအား အစဉ်အမြဲ ပြုစုပျိုးထောင်ပေးသွားမည့် စမတောင်ပေါ်ရှိ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ရှိ ကလေးငယ်များအတွက် စေတနာရှင် အလှူရှင်များ လိုအပ်လျက်ရှိနေသည်။

ကျောင်းဆောက်ခြင်း၊ လမ်းခင်းခြင်း၊ ဒုက္ခရောက်နေသူတို့အား ထောက်ပံ့ကူညီခြင်းအစရှိသော ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ဘုရားရှင် ဟောကြားတော်မူခဲ့သော အနဝဇ္ဇာနိမင်္ဂလာဖြစ်သည်။ လှူဒါန်းခြင်း စေတနာစေတသိက်သည် မိမိ၊ သူတစ်ပါး နှစ်ဖြာသောကောင်းကျိုးချမ်းသာကို ဖြစ်စေတတ်သည့် ဒါနဥမင်္ဂလာ မည်လေသည်။ ။

**နေမျိုးအောင်(လယ်ဝေးသား)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းသင်တန်း လှိုင်လင်မြို့နယ်၌ ဖွင့်လှစ်ပို့ချ

**လှိုင်လင် ဩဂုတ် ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း လုပ်ငန်းဆိုင်ရာသင်တန်း(၁/၂၀၁၆)ဖွင့်ပွဲကို ဩဂုတ် ၃၀ ရက်က အဆိုပါရုံး သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် လှိုင်လင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇေယျာမင်းတို့က အမှာစကားပြောကြားပြီး Lift Fund မှတာဝန်ရှိသူ ဦးခင်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ရေးဆွဲခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိရာ ကျေးရွာများ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ကျေးရွာတိုင်းကို ရောက်ရှိရန် ခက်ခဲကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်နေပြည်သူများ ပူးပေါင်းပါဝင်မှသာလျှင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်၍ ကျေးရွာနေပြည်သူများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲနိုင်ရန် သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် လှိုင်လင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာမှ တစ်ရွာလျှင် သင်တန်းသားနှစ်ဦးနှုန်းဖြင့် စုစုပေါင်း ၃၀ ကို လေးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လှိုင်လင်)**

# (၂၁) ရာစု ပင်လုံညီလာခံကို အနုပညာရှင်များက ကြိုဆိုထောက်ခံ

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံညီလာခံကို ဩဂုတ် ၃၁ ရက်မှ စတင်၍ နေပြည်တော်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး အဆိုပါညီလာခံအား ကြိုဆိုထောက်ခံကြသည့် ပွဲများကိုလည်း နေရာအနှံ့တွင် ကျင်းပခဲ့ကြသည်။ ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင်လည်း စိုးပြည့်သဇင်၊ စန္ဒီမြင့်လွင်၊ ရှင်ဖုန်း၊ ဗေလုဝ၊ မေတ္တာ၊ ဇင်ဝိုင်းတို့ အပါအဝင် အနုပညာရှင်များက သီချင်းဆိုခြင်း၊ ကဗျာရွတ်ခြင်း၊ ဟောပြောခြင်းများဖြင့် (၂၁) ရာစုပင်လုံကို ထောက်ခံခဲ့သည့်အတွက် ၎င်းထောက်ခံသူများအနက်မှ အနုပညာရှင်အချို့၏ ကြိုဆိုထောက်ခံစကားများကို စုစည်းဖော်ပြလိုက်ပါသည်။**

## တွေ့ဆုံမေးမြန်း-သတင်းအဖွဲ့

### လူမင်း

ဗိုလ်ချုပ် ဦးဆောင်ခဲ့တဲ့ ပင်လုံက လွတ်လပ်ရေး၊ အမေစု ဦးဆောင်တဲ့ (၂၁) ရာစုပင်လုံက ဖက်ဒရယ်ဒီမိုကရေစီဖြစ်တယ်။ ဒါကြောင့် ရာနှုန်းပြည့်ထောက်ခံတယ်။ ယဉ်ကျေးတဲ့၊ စည်းလုံးညီညွတ်တဲ့ ငြိမ်းချမ်းတဲ့လူမှုအသိုင်းအဝိုင်းဖြစ်တည်လာဖို့အတွက် ထောက်ခံသင့်ပါတယ်။ သမိုင်းပေးတာဝန်ဆိုတာ ထမ်းဆောင်ခွင့်ကြုံကြိုက်မှ ထမ်းဆောင်ရတာမို့ ကျွန်တော်တို့ပြည်သူတွေ ပြည်သူ့တာဝန်ကျေပွန်ကြပါစို့။

### ဗေလုဝ

သဘောထားကတော့ အလွန်လိုအပ်နေတဲ့အချိန်ပါ။ ငြိမ်းချမ်းရေးရရှိမှ ငြိမ်းချမ်းမှ တိုင်းပြည်တိုးတက်မှာမို့ပါ။ ပင်လုံညီလာခံကို ထောက်ခံမှုဟာ မျိုးဆက်သစ်များကို ငြိမ်းချမ်းရေးအမွေပေးအပ်ခဲ့တာလို့မြင်ပါတယ်။ (၂၁) ရာစုပင်လုံညီလာခံဟာ ဒီလိုကာလမှာ အလွန်လိုအပ်သော ငြိမ်းချမ်းရေးအခင်းအကျင်းဖြစ်ပါတယ်။ အလုံးစုံငြိမ်းချမ်းမှုသည် နိုင်ငံတိုးတက်ရေးအတွက် အလုံးစုံအထောက်အကူပြုပါတယ်။

### ပြေတီဦး

(၂၁) ရာစုပင်လုံဆိုတာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ငြိမ်းချမ်းရေးရအောင် ကြိုးစားတဲ့ ညီလာခံလို့ထင်ပါတယ်။ နိုင်ငံတိုးတက်ဖို့ဆိုတာ ငြိမ်းချမ်းရေးမရရင် မဖြစ်နိုင်ပါဘူး။ အဲဒါကြောင့် ဒီညီလာခံကို အပြည့်အဝထောက်ခံပြီး အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်။

### ဒါရိုက်တာ ဝိုင်း

(၂၁) ရာစုပင်လုံဟာ တိုင်းပြည်အတွက် အရေးကြီးဆုံးဖြစ်တဲ့ ညီညွတ်ရေးအတွက် ထောက်တိုင်ဖြစ်တယ်။ ကိုယ့်အချင်းချင်းမညီညွတ်ဘဲ သွေးကွဲနေကြလို့ အိမ်နီးချင်းနိုင်ငံတွေက ကိုယ့်အိမ်တွင်းရေးကို ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်တဲ့ အချင်းချင်းပြဿနာဖြစ်နေတဲ့အတွက် ဒေသဖွံ့ဖြိုးရေးတွေကို မလုပ်ဆောင်နိုင်တဲ့အတွက် မြန်မာနိုင်ငံသားတော်တော်များများဟာ အိမ်နီးချင်းနိုင်ငံတွေမှာ အောက်ခြေအလုပ်သမားတွေအဖြစ် သွားရောက်လုပ်ကိုင်နေကြရတယ်။ ပင်လုံစာချုပ်သာ ကျကျနန ချုပ်ဆိုနိုင်ခဲ့မယ်ဆိုလျှင် ဒေသဖွံ့ဖြိုးရေးတွေကို အရှိန်အဟုန်မြင့် လုပ်လာနိုင်မယ်၊ တိုင်းရင်းသားတွေလည်း အိမ်နီးချင်းနိုင်ငံတွေမှာ အလုပ်သွားမလုပ်ရဘဲ ကိုယ့်မြေကိုယ့်ရေပေါ်မှာ ဥမကွဲသိုက်မပျက် အလုပ်လုပ်နိုင်မှာဖြစ်တဲ့အတွက် ပင်လုံစာချုပ်ချုပ်ဆိုရခြင်းကို ထောက်ခံရတာဖြစ်ပါတယ်။ (၂၁) ရာစုပင်လုံဟာ တိုင်းပြည်အတွက် အရေးကြီးဆုံးဖြစ်တဲ့ ညီညွတ်ရေးအတွက် ထောက်တိုင်ဖြစ်တယ်။ ပြည်သူတွေကလည်း တက်တက်ကြွကြွနဲ့ ပါဝင်ထောက်ခံပေးကြဖို့ လေးလေးနက်နက် ပြောကြားလိုပါတယ်။

### အနဂ္ဂ

(၂၁) ရာစုပင်လုံဟာ ယခုအချိန် မြန်မာနိုင်ငံတော်အတွက် အလိုအပ်ဆုံး လုပ်ဆောင်ရမယ့် လုပ်ဆောင်ချက်လို့ မြင်ပါတယ်။ ရိုးရာ၊ ဓလေ့၊ လူမျိုးများ ပေါကြွယ်ဝတဲ့ နိုင်ငံအတွင်း အဆက်အသွယ်ပြတ်သွားတဲ့ ညီအစ်ကိုမောင်နှမသားချင်းတွေ အားလုံး ငြိမ်းချမ်းရေးဖော်ဆောင်ဖို့၊ စားပွဲခုံပေါ်ထိုင် သေချာဆွေးနွေးဖို့ အားတစ်ခုလည်း ဖြစ်စေတယ်။ ပြောဖို့ကျန်နေသေးတဲ့ နိုင်ငံကိစ္စအဟောင်းတွေရော အသစ်တွေကိုပါ ပြောဆိုညှိနှိုင်းခွင့် အခွင့်အရေးကြီးတစ်ရပ်ဟာ နိုင်ငံသူ နိုင်ငံသားတိုင်းအဖို့ အားကိုးမျှော်လင့်ရမယ့် သဘောတွေးမိပါတယ်။ ပင်လုံကို ဘာကြောင့် ထောက်ခံရသလဲဆိုတာ အချက်ပေါင်း မြောက်မြားစွာ ရှိပါတယ်။ တိုင်းပြည်တစ်ခုလုံး ချွတ်ခြုံကျဘဝကို ရောက်နေတဲ့ ဒီအချိန်မှ ကိစ္စတွေကို လျစ်လျူရှုနေမယ်ဆိုရင် အခုအခြေအနေထက် ပိုဆိုးသွားနိုင်တဲ့ အကြောင်းရင်းတွေ မြင်တွေ့နေရပါတယ်။ ပင်လုံဟာ တိုင်းရင်းသားတိုင်းဆီရဲ့ ကိုယ်ပိုင်တန်ဖိုးတွေ မြင့်မားလာဖို့ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းညှိနှိုင်းလုပ်ဆောင်ရမယ့်အချက်တွေက အရေးကြီး အခန်းကဏ္ဍကနေပါဝင်ပြီး အရင်အစိုးရလက်ထက်ကလို အယောင်ဆောင်ညှိနှိုင်းချုပ်ဆိုမည့် လူမျိုးတစ်မျိုးကို ဦးစားပေးလုပ်ဆောင်မည့်အချက်တွေပါဝင်မှု နည်းပါးတာကြောင့် ကျွန်တော့်အနေနဲ့ ထောက်ခံချင်ပါတယ်။ လူမျိုးတစ်မျိုး နှိပ်စက်ညှဉ်းပန်းခံနေရချိန် ကိုယ့်အဆွေ၊ ကိုယ့်လူမျိုးသဘောထားကြပါ။ ကိုယ်ရရှိထားတဲ့ အခွင့်အရေးတစ်ရပ်ရှိနေပြီး အခြားလူမျိုးတွေမှာ မရရှိသေးရင် ဘက်တစ်ဖက်တည်းမကြည့်ဘဲ အခြားကိုယ်မဟုတ်တဲ့ဘက်ကို စာနာစိတ်ဖြင့် ဝင်ရောက်ခံစားစေချင်တယ်။ ကိုယ့်လူမျိုးရေး အရေးကြီးသလို သူ့လူမျိုးရေးကို အရေးကြီးသည့်အချက်ကိုပါ ထည့်သွင်းစဉ်းစားကြပါ။ ပင်လုံဆိုတာ အားလုံးနဲ့ သက်ဆိုင်တဲ့ အနာဂတ်ရဲ့ ပေါင်းစည်းရေး၊ ညီညွတ်ရေး၊ ဖေးမရေး စသဖြင့် များစွာများစွာသော အချက်တွေက (၂၁)ရာစုပင်လုံမှာ ကြိုးစားလုပ်ဆောင်ကြမယ်လို့ ပြောချင်ပါတယ်။

### ဖြိုးကြီး

(၂၁) ရာစုပင်လုံအပေါ် မြင်တဲ့သဘောထားကတော့ တိုင်းရင်းသားတွေ မျှော်လင့်နေတဲ့ တောင်တန်းဒေသနဲ့ ပြည်မတန်းတူအခွင့်အရေး၊ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့် စတာတွေကို အသင့်တော်ဆုံး၊ အဖြစ်နိုင်ဆုံး ဖန်တီးကြလိမ့်မယ်လို့ သဘောထားပါတယ်။ (၂၁) ရာစုပင်လုံကို နားလည်တာကတော့ ၁၉၄၇ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေထိုးခဲ့တဲ့ ပင်လုံစာချုပ်မှ မပြီးပြတ်သေးတဲ့ကိစ္စတွေကို ဆက်လက်လုပ်ဆောင်တယ်လို့ နားလည်ပါတယ်။ ပင်လုံကတော့ တစ်နိုင်ငံလုံး စစ်ပွဲတွေ ရပ်တန့်ဖို့အတွက် တစ်ခုတည်းသော ထွက်လမ်းပါ။ ပင်လုံကရခဲ့တဲ့ ကတိကဝတ်တွေကိုလည်း ဗိုလ်ချုပ်ကျဆုံးပြီးနောက် အဆက်ဆက်က ပျက်ကွက်ခဲ့မှုတွေ တစ်ဖက်နဲ့တစ်ဖက် နားလည်မှု ပြန်လည်တည်ဆောက်နိုင်ခဲ့မှုတွေကြောင့် ပြည်တွင်းစစ်ဟာ ငါးဆယ်ကျော် ငါးဆယ်တိုင်ခဲ့ပါပြီ။ ဒီလို မပြီးပြတ်သေးတဲ့ကိစ္စတွေကို အဆုံးသတ်ပေးမယ့် (၂၁) ရာစုပင်လုံကို ကျွန်တော်တို့မြန်မာအပါအဝင် တိုင်းရင်းသားအားလုံးက ထောက်ခံကြိုဆိုသင့်ပါတယ်။ ပင်လုံနဲ့ တိုင်းရင်းသားအရေးတွေကို ကျွန်တော်တို့ အရင်က မျက်စိပိတ်၊ နားပိတ်နေခဲ့ကြပါတယ်။ အခုလို ပြောင်းလဲလာတဲ့ခေတ်မှာတော့ ပင်လုံအရေး၊ တိုင်းရင်းသားအရေးတွေကို အရင်ကထက် ပိုပြီးသိသင့်သလောက်သိထားသင့်ပါပြီ။ ပြည်တွင်းမငြိမ်းချမ်းရင် ဘယ်လိုဆိုးကျိုးတွေ ကျွန်တော်တို့နိုင်ငံ ခံစားရတယ်ဆိုတာတွေကို အလေးအနက် စဉ်းစားထားသင့်ပါပြီ။

### တူးတူး

(၂၁) ရာစုပင်လုံဟာ မြန်မာ့ပြည်တွင်းငြိမ်းချမ်းရေးအတွက် အရေးပါတဲ့ဖြစ်စဉ်တစ်ခုလို့ နားလည်သဘောပေါက်ပါတယ်။ ကျွန်တော်နားလည်သလောက်ပြောရရင်တော့ နိုင်ငံတစ်ခုတည်းမှာ လက်နက်ကိုင်ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေမရှိမှ/ တတ်နိုင်သမျှ နည်းမှသာ အစိုးရအနေနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ကိစ္စတွေကို ပိုပြီးထိထိရောက်ရောက် လုပ်ကိုင် ဆောင်ရွက်နိုင်မှာပါ။ (၂၁) ရာစုပင်လုံဆိုတာ အဲလိုဖြစ်ဖို့ ကျွန်တော်တို့ ပြည်သူတွေ ရွေးချယ်ထားတဲ့အစိုးရက ကြိုးစားဖော်ဆောင်နေတာ ဖြစ်တယ်လို့ မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ အပြည့်အဝထောက်ခံသင့်ပါတယ်။ လူသားတိုင်းဟာ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးကြပါတယ်။ (၂၁) ရာစုပင်လုံညီလာခံဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အနာဂတ်ငြိမ်းချမ်းရေးအတွက်ရော ဖွံ့ဖြိုးတိုးတက်မှုအတွက် ပါ အလွန်အရေးပါတာမို့ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးတဲ့ပြည်သူတွေအားလုံး လှိုက်လှိုက်လှဲလှဲ ကြိုဆိုရင်း ကိုယ်တတ်စွမ်းသလောက် ပါဝင်ကူညီဖို့ လေးနက်စွာ တိုက်တွန်းချင်ပါတယ်။

### သျှီ

တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုးရှိတဲ့ ပြည်ထောင်စုကြီးမှာ တူမျှတဲ့ အခွင့်အရေးတွေရပြီး ငြိမ်းချမ်းစွာ ပေါင်းစည်းသွားဖို့ဆိုတာ ပင်လုံစိတ်ဓာတ်နဲ့သွားမှ ဖြစ်မှာပါ။ ဗိုလ်ချုပ်လက်ထက်က စခဲ့တဲ့ပင်လုံစိတ်ဓာတ်ဟာ (၂၁)ရာစုပင်လုံညီလာခံကြီးမှာ အဆုံးသတ်သွားပြီး သွေးချင်းတွေကို စုစည်းပေးမယ်လို့ နားလည်ယုံကြည်မိပါတယ်။ သွေးချင်းတွေအားလုံး စုစည်းသွားမှ၊ လက်တွဲနိုင်မှ စစ်ပွဲတွေလည်း အဆုံးသတ်သွားမှာပါ။ ပြည်တွင်းစစ်ပွဲတွေကိုလည်း အဆုံးသတ်စေချင်ပါပြီ။ ငြိမ်းချမ်းသာယာတဲ့ ပြည်ထောင်စုကြီးဖြစ်ဖို့ အားလုံးရဲ့ ငြိမ်းချမ်းစွာ ပေါင်းစည်းခြင်းကို အမှန်တကယ် လိုအပ်ပါတယ်။ ဒါကြောင့် (၂၁) ရာစုပင်လုံကို ထောက်ခံလိုပါတယ်။ အာဃာတတွေ အဆုံးသတ်ချိန်တိုင်ပါပြီ။ ပြည်တွင်းစစ်ပွဲတွေ အဆုံးသတ်ချိန်တန်ပါပြီ။ ပြည်သူတွေအားလုံးလည်း ငြိမ်းချမ်းတဲ့နိုင်ငံတော်သစ်ကို မြင်ချင်နေကြပါပြီ။ သျှီကိုယ်တိုင်လည်း ပြည်သူထဲက ပြည်သူတစ်ယောက်မို့ ငြိမ်းချမ်းသောလက်တွေ မြဲမြဲတွဲလိုပါတယ်။

### အက်စကဲနက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း လက်ရှိဖြစ်ပွားလျက်ရှိသော လက်နက်ကိုင် ပြည်တွင်းစစ်များအားလုံး ချုပ်ငြိမ်းကင်းစင်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးရရှိဖို့အတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပဏာမတွေ့ဆုံညှိနှိုင်းဆွေးနွေးသည့် ရည်ရွယ်ချက်ကောင်းမွန်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဟု နားလည်ပါတယ်။ ပြည်သူလူထုအတွက် စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားအားလုံး၏ သဘောထားကိုခံယူ၍ တွေ့ဆုံညှိနှိုင်းသည့် (၂၁) ရာစုပင်လုံညီလာခံ၏ ကောင်းမွန်သောရည်ရွယ်ချက်ကို နှစ်သက်သဘောကျ၍ ထောက်ခံပါတယ်။ (၂၁) ရာစုပင်လုံညီလာခံတွင် ပါဝင်ဆွေးနွေးကြမည့် အဖွဲ့အစည်းများအားလုံးကို တိုင်းပြည်အတွက် အကျိုးရှိစေမည့် အကြံပြုချက်များဖြင့် ပြည်သူအပေါင်းမှ ဝိုင်းဝန်းပံ့ပိုးပေးကြပါလို့ ပြောချင်ပါတယ်။

### ဖြူဖြူကျော်သိန်း

ဖြူဖြူအနေနဲ့ (၂၁) ရာစုပင်လုံကို အပြည့်အဝထောက်ခံပါတယ်။ တကယ်တော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုတာ တိုင်းရင်းသားလူမျိုးစုတွေအများကြီးနဲ့ ထူးခြားစွာဖွဲ့စည်းထားပါတယ်။ ဗမာက လူမျိုးစုလေးဆယ် ငါးဆယ်ဆိုပေမယ့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည်ဖြင့်လိုပဲ လူမျိုးစုတစ်ခုပါပဲ။ ဒီအမှန်တရားကို ကောင်းစွာနားလည်သဘောပေါက်သူတိုင်း (၂၁) ရာစုပင်လုံကို ထောက်ခံပါတယ်။ အရေးကြီးတာက လူမျိုးကြီးဝါဒအစွဲတွေချွတ်ဖို့၊ တိုင်းရင်းသားလူမျိုးစုအားလုံး တန်းတူညီတဲ့အခွင့်အရေး တိုးတက်မှု၊ လွတ်လပ်မှုရဖို့၊ လက်နက်နဲ့မဖြေရှင်းဘဲ စားပွဲပေါ်ထိုင်၊ မျက်နှာချင်းဆိုင်ဖြေရှင်းပြီး ပြည်တွင်းစစ်တွေ ရပ်ဖို့ပါ။ ပထမ ပင်လုံတုန်းက ဗိုလ်ချုပ်ပြောခဲ့သလို ဗမာ တစ်ကျပ်၊ ကချင် တစ်ကျပ်၊ ရှမ်း တစ်ကျပ်ဖြစ်ဖို့ပါ။

### စောဖိုးခွား

မြန်မာနိုင်ငံ၏ အနာဂတ်အတွက် မရှိမဖြစ် အဓိကလိုအပ်နေသော စစ်မှန်သော ငြိမ်းချမ်းရေးကို ဖော်ထုတ်ပေးနိုင်မည့် အရာတစ်ခုအဖြစ် (၂၁) ရာစုပင်လုံကို နားလည်ထားပါတယ်။ စည်းလုံးညီညွတ်မှုပျက်ပြားကာ ငြိမ်းချမ်းမှုတည်ဆောက်မရ ဖြစ်နေခဲ့ရသော အတိတ်ကမြန်မာ့သမိုင်းရလဒ်ဆိုးများကို ချေဖျက်ပြီး အနာဂတ်ရလဒ်ကောင်းများကို အတူတကွ ပြန်လည်သင့်မြတ်ခြင်းအားဖြင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်သောကြောင့် (၂၁) ရာစုပင်လုံကို ပြည်သူလူထုအားလုံး ထောက်ခံကြိုဆိုသင့်ပါတယ်။ အဟောင်းတွေကိုထားခဲ့ပြီး အနာဂတ်သစ် အကောင်းတွေအတွက် အတွေးသစ် အမြင်သစ်တွေနဲ့ အတူတကွ (၂၁) ရာစုပင်လုံကို တက်ညီလက်ညီ ကမ္ဘည်းတင် ဝိုင်းဝန်းထုဆစ်ကြပါစို့။

### ကြည်ဖြူသျှင်

ပြည်နယ် ပြည်မ မခွဲခြားဘဲ တန်းတူညီမျှဝါဒတူညီတဲ့မြေဖြစ်စေရန် ဗိုလ်ချုပ်အောင်ဆန်း ကြိုးစားခဲ့သော ပင်လုံညီလာခံကို အသက်ဝင်စေဖို့အတွက် (၂၁) ရာစုပင်လုံညီလာခံကို ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းနှိုးဆော်ပါတယ်။ သို့မှသာ မြန်မာနိုင်ငံသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ငြိမ်းချမ်းပျော်ရွှင်စွာဖြင့် ဒီမိုကရေစီပန်းတိုင်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ကြမည်ဖြစ်တယ်။

### ရန်ရန်ချန်း

ကျွန်တော့်သဘောကတော့ တိုင်းရင်းသားအားလုံး တစ်ဖွဲ့မှမကျန် ပါဝင်စေချင်ပါတယ်။ ရေခံမြေခံကောင်းတဲ့ နိုင်ငံဖြစ်လျက်သားနဲ့ သွေးကွဲနေကျတော့ အိမ်နီးချင်းနိုင်ငံတွေကြားမှာ ရှက်စရာကောင်းတယ်။ အဲဒီလိုအဖြစ်တွေကနေ ပြောင်းလဲလာအောင် ပင်လုံညီလာခံက ပြန်လည်သွေးစည်းညီညွတ်စေဖို့အတွက် ဆောင်ရွက်ရမှာဖြစ်လို့ ထောက်ခံသင့်တယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့တွေ ငယ်ငယ်တုန်းက စာထဲမှာသင်ခဲ့ဖူးတဲ့၊ ဗိုလ်ချုပ်တို့ ဦးဆောင်ခဲ့တဲ့ ပင်လုံညီလာခံလိုမျိုးကို အခု ကျွန်တော်တို့ရဲ့ သက်တမ်းမှာ ဗိုလ်ချုပ်ရဲ့သမီးက ဦးဆောင်ပြီး တစ်ကျော့ပြန် ကြုံတောင့်ကြုံခဲ ကြုံလာရပြီ။ ကိုယ့်လူမျိုးအချင်းချင်း လက်နက်ကိုင် တော်လှန်မှုတွေ ချုပ်ငြိမ်းတော့မယ်။ နိုင်ငံကြီးတိုးတက်ဖို့ တိုင်းရင်းသားတွေအချင်းချင်း စည်းစည်းလုံးလုံးနဲ့ ကြိုးပမ်းကြတော့မယ်ဆိုတဲ့ အသိက လူကို ပီတိဖြစ်စေပါတယ်။

### သားထွေး

(၂၁)ရာစု ပင်လုံဟာ ကျွန်တော်တို့နိုင်ငံရဲ့တိုင်းရင်းသားအားလုံးအတွက် အနာဂတ်လှပဖို့ လမ်းပြကြယ်တစ်စင်းပါ။ ဒီလို ခေါင်းဆောင်မျိုးရှိတုန်း အမိအရ မဆုပ်ကိုင်နိုင်ရင် နောင်ဘယ်လိုမှ စုစည်းလို့မရနိုင်ပါဘူး။ တိုင်းရင်းသားအားလုံး ပြည်ထောင်စုသားအားလုံးဟာ မိမိတို့မျိုးဆက်တွေ အနာဂတ်တွေအတွက် (၂၁)ရာစုပင်လုံကို ထောက်ခံသင့်ပါတယ်။ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာဖို့အတွက်ပါ။ ကျွန်တော်တို့ နိုင်ငံသားအားလုံးဟာ ငြိမ်းချမ်းလုံခြုံတဲ့ ဘဝအနာဂတ်အတွက် အရေးကြီးတဲ့အချိန်ခါမှာ (၂၁)ရာစုပင်လုံညီလာခံကြီးကနေ အားလုံးရဲ့သောကတွေ ငြိမ်းသတ်ပေးနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ။



**(၂၁)ရာစုပင်လုံ ညီလာခံထောက်ခံကြိုဆိုပွဲကို ဩဂုတ် ၃၀ ရက်က ရေစကြိုမြို့နယ် အဝင် စုရပ်မှစတင်ကာ ကြွေးကြော်သံများ ကြွေးကြော်ပြီး စနစ်တကျ စီတန်းလှည့်လည်ကြိုဆိုထောက်ခံစဉ်**
ဖေထွဏ်းဇော်(ရေစကြို)

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးမှုများပြုပြင်ပြီးစီး

**သံတောင်ကြီး ဩဂုတ် ၃၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့တွင် ဩဂုတ်၂၉ရက်ညနေပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးမှု၊ မြေပြိုမှုနှင့် လျှပ်စစ်ဓာတ်ကြိုးများပေါ် သစ်ပင်ကြီးတစ်ပင်ပြိုလဲပြီး ဓာတ်တိုင်တစ်တိုင်ကျိုးသွားသဖြင့် လျှပ်စစ်ပြတ်တောက်မှု၊ ဆက်သွယ်ရေးတယ်လီ ဖုန်းလိုင်းများ ပြတ်တောက်မှုများဖြစ်ခဲ့ရသည်။

ဩဂုတ် ၃၀ ရက်မှစ၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်းဦးဆောင်ပြီး ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မြေပြို၍ပိတ်ဆို့နေသောလမ်းများ၊ ရေနုတ်မြောင်းများကို ဖယ်ရှားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြည်နယ်မီးသတ်ဦးစီးမှူးရုံး
## ရခိုင်ပြည်နယ်
# အိတ်ဖွင့်တင်ဒါပိတ်ရက်တိုးမြှင့်သတ်မှတ်ခြင်း

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခုနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် မင်းပြားမြို့နယ်မီးသတ်စခန်းအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ရာ တင်ဒါပိတ်ရက်အား ၁-၈-၂၀၁၆ရက်အစား ၃၀-၉-၂၀၁၆ ရက်သို့ တိုးမြှင့်သတ်မှတ်ကြောင်း ထပ်မံလျှောက်လိုသော စိတ်ပါဝင်စားသည့် တည်ဆောက်ရေးကုမ္ပဏီများအနေဖြင့် လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

**ပြည်နယ်မီးသတ်ဦးစီးဌာန**
**စစ်တွေမြို့**

## မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန
# ကတ္တရာဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် (၈၀/၁၀၀) အမျိုးအစား ကတ္တရာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ (က) **တင်ဒါလျှောက်လွှာစတင်ထုတ်ပေးမည့်ရက်** - ၇-၉-၂၀၁၆ရက်
(ခ) **တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၁၆-၉-၂၀၁၆ရက် ၁၆း၃၀နာရီ
(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်/နေရာ** - ၂၂-၉-၂၀၁၆ရက် ၀၉း၃၀နာရီ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မကွေးမြို့

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၆၃-၂၃၀၁၈၊ ၀၆၃-၂၅၁၈၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ကယားပြည်နယ်အစိုးရအဖွဲ့
## စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန
## ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့
# ပစ္စည်းဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နှစ်လုံးထိုး အမှိုက်သိမ်းတစ်ပါ ထော်လာဂျီ (၈)စီး၊ ရေပုပ်စုပ်ယာဉ်(၁)စီး၊ ရေသယ်ယာဉ်(၁)စီး မြန်မာကျပ်ငွေဖြင့် ဝယ်ယူနိုင်ရေးအတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၉-၈-၂၀၁၆ ရက်
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၈-၉-၂၀၁၆ ရက်

၂။ အသေးစိတ်အချက်အလက်များကို ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဖုန်း-၀၈၃-၂၂၀၂၆၊ ၀၈၃-၂၁၆၈၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP (Paunglaung) အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.12/EPGE/2016-2017
(က) Spare Parts ပစ္စည်း (၁၃)မျိုး
(ခ) 11/0.4 kV & Transformer (2) Nos
(ဂ) ACSR Conductor ($70mm^2$) 4220kg
(ဃ) 400V, PVC Cable, 4Cx95$mm^2$ 60 Meter

၂။ Tender No-12 ၏ တင်ဒါပိတ်ရက်မှာ ၂၃-၉-၂၀၁၆ ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ် ၂၇၊ နေပြည်တော် ဖုန်း-၀၆၇-၈၁၀၄၂၇၈ နှင့် ၈၁၀၄၂၇၉**

## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ် ၂/၂၀၁၆-၂၀၁၇

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်လက်အောက်ရှိ လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် ပြင်စလူမြို့တို့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီး (ငွေလုံး/ပြင်ထိန်း) လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းများကို လပွတ္တာခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁၂-၉-၂၀၁၆ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၆-၉-၂၀၁၆ ရက် ညနေ ၄း၃၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ (၃)မိုင်မြို့သစ်
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၉-၉-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၁၂-၉-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**လပွတ္တာခရိုင်၊ လမ်းဦးစီးဌာန ဖုန်း-၀၄၂-၈၃၀၄၇**

## (၁၂၈) ကြိမ်မြောက်
# ရှင်ဥပဂုတ္တ ရဟန္တာမြတ် မီးမျှောပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ (၁၂၈)ကြိမ်မြောက် ရှင်ဥပဂုတ္တ ရဟန္တာမြတ် မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဈေးဆိုင်ခန်းမြေနေရာများ၊ လေလံတင်စနစ်ဖြင့် ရောင်းချခြင်းကို တော်သလင်းလဆန်း ၁ ရက် နံနက် ၁၀နာရီတွင် ကျောက်ကြီးမြို့၊ သိန်တန်းရပ်ကွက်၊ကုန်းကျောင်းစာသင်တိုက်ရှေ့တွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

**ပွဲတော်ကျင်းပရေးကော်မတီ**

## မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း
# စာလျှောက်မေးပွဲကြေညာချက်

မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း (၆၅)ကြိမ်မြောက် စာမေးပွဲဝင်ခွင့်လျှောက်လွှာများကို ၁၃၇၈ခုနှစ် တော်သလင်းလဆန်း ၁ရက်မှစတင်လက်ခံ၍ သီတင်းကျွတ်လဆန်း ၁၄ရက် နောက်ဆုံးထားပေးပို့ကြပါရန် သီးခြားစာသင်တန်းစာဖြေသံဃာများသည် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်နှင့် ၅ရက်များတွင် အာဂုံပြန်ဖြေဆိုရမည်ဖြစ်ပါသည်။ တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်မှ ၁၁ရက်အထိ သီးခြားစာသင်တန်းနှင့် သီးခြားစာချတန်းများရေးဖြေ ဖြေဆိုရမည် ဖြစ်ကြောင်း အသိပေးလျှောက်ထားအပ်ပါသည်ဘုရား။

စာဖြေသံဃာတော် အရှင်သူမြတ်များအား တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်မှ ၁၁ရက်အထိ နေ့စဉ် နေ့ဆွမ်းဆက်ကပ်ပါမည်ဘုရား။

အသေးစိတ်သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၉-၂၂၁၅၂၁၈၊ ၀၉-၇၉၂၂၀၂၅၂၈၊ ၀၉-၉၇၀၃၂၉၁၀၇၊ ၀၉-၄၀၂၅၂၈၆၇၆**

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသဒ္ဓမ္မပါလအသင်း**
**မြင်းခြံမြို့**

# သိမ်အလှူဒါနပြုလုပ်နိုင်ကြပြီ

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့၊ ဥတ္တရာရုံ မဟာစည်သာသနာ့ရိပ်သာကြီး၌ **သာသနာ့ဝိပုလကာရီ**အမည်ရှိ နှစ်ထပ်သိမ်တော်ကြီး စတင်ဆောက်လုပ်နေပါသည်။ ဗုဒ္ဓသာသနာဝယ် မရှိမဖြစ်လိုအပ်နေသော သိမ်တော်ကြီးတည်ဆောက်နေစဉ် မိမိတို့တတ်စွမ်းနိုင်သမျှ ပါဝင်လှူဒါန်းလျက် သိမ်ဒါယကာ၊ ဒါယိကာမများအဖြစ်ခံယူနိုင်ရန် အခွင့်အခါကောင်းတစ်ခုဖြစ်ကြောင်း ဓမ္မမိတ်ဆွေတို့အား နိဗ္ဗာန်အကျိုးမျှော်၍ လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်ရန် -**
**ဆရာတော်-ဥတ္တရာရုံမဟာစည်သာသနာ့ရိပ်သာ၊**
**ဖုန်း-၀၉-၇၉၆၁၁၅၅၀၆**
**ဒေါ်သဇင်မြင့်အောင်-အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊**
**ဖုန်း-၀၉-၅၁၂၈၆၂၁**
**ဦးသိန်းဇော်-ဥပဋ္ဌာကအကျိုးတော်ဆောင်အဖွဲ့၊**
**ဖုန်း-၀၉-၄၅၀၆၆၇၇၉၉**
**ဦးစိန်လှဝင်း-ဥပဋ္ဌာကအကျိုးတော်ဆောင်အဖွဲ့၊**
**ဖုန်း-၀၉-၇၉၁၇၂၂၄၄၇**

## O.T.S (76) သီဟတပ်ခွဲ၊ ကျောင်းဆင်းအရာရှိများသို့
## (၂၈)နှစ်မြောက် နှစ်ပတ်လည်တွေ့ဆုံပွဲ

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇၆)သင်တန်းဆင်း၊ သူငယ်ချင်းများ၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ တွေ့ဆုံစုပေါင်း အလှူဒါန ပြုလုပ်ခြင်း၊ နိုင်ငံတော်အတွက် ကျရာတာဝန်ထမ်းဆောင်ရင်းကျဆုံး/ကွယ်လွန်သွားခဲ့ကြသည့် သူငယ်ချင်းများအား ရည်စူး၍ နှစ်စဉ်အတိုင်း ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာနာယက ကျောင်းတော်ကြီးတွင် ၂၅. ၉. ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် (၁၀)နာရီတွင် နိုင်ငံတော်သံဃာမဟာနာယက ဆရာတော်ကြီး (၉)ပါးအား လှူဖွယ်ဝတ္ထုအစုစုဖြင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့်မိသားစုဝင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နယ်မှသူငယ်ချင်းများအတွက် နေထိုင်တည်းခိုရန် စီစဉ်ပေးပါမည်။

ဆက်သွယ်ရန် - စိုးနိုင် (နေပြည်တော်) ၀၉ ၅၁၀၆၂၇၅
အေးမြင့် (ရန်ကုန်) ၀၉ ၃၁၉၄၄၈၈၉
သိန်းအောင် (မန္တလေး) ၀၉ ၂၀၃၁၁၃၄

# တစ်ဦးတည်းဖြစ်ပါသည်

တောင်ငူမြို့နေ ဒေါ်ဥမ္မာဦး ၇/တငန(နိုင်)၀၄၇၆၂၇၏ ဖခင် ဦးဘုန်းတင့် ၇/တငန(နိုင်)၀၄၇၁၅၂ နှင့် ဦးဖုန်းတင့်မှာ တစ်ဦးတည်းဖြစ်ပါသည်။ **ဦးဘုန်းတင့်(တောင်ငူ)**

# အမည်ပြောင်း

ဦးဌေးလွင်၏သမီး အရာတော်မြို့နယ်၊ ရသစ်ကျေးရွာ အထက (ခွဲ) တက္ကသိုလ်ဝင်တန်းမှ မကြူကြူသင်းအား မကြူကြူဆွေ ၅/အရတ(နိုင်)၁၆၆၂၉၆ဟု ပြောင်းလဲခေါ်ပါရန်။

**မကြူကြူဆွေ**

# ဖခင်အမည်မှန်

ပုလောမြို့နယ်၊ တိုကျေးရွာအုပ်စု၊ တိုကျေးရွာနေ အထက(ခွဲ)တို၊ တက္ကသိုလ်ဝင်တန်းမှ ကျောင်းဝင်အမှတ် ၀၂၇၃ ဖြစ်သူ မအိမ့်ဖြူအိ၏ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးလင်းကြည် ဖြစ်ပါကြောင်း။

**ဦးလင်းကြည်**
**၆/ပလန(နိုင်)၀၁၉၁၃၈**

# အမည်ပြောင်း

ဦးထိန်ဝင်း၏သမီး အရာတော်မြို့နယ်၊ ရသစ်ကျေးရွာ၊ အထက (ခွဲ) တက္ကသိုလ်ဝင်တန်းမှ မမင်းမင်းဆွေအား မမော်မော်စန်း ၅/အရတ(နိုင်)၁၆၆၂၉၄ဟု ပြောင်းလဲခေါ်ပါရန်။

**မမော်မော်စန်း**

# အမည်ပြောင်း

ဦးဝင်းကျော်၏သမီး မုံရွာမြို့၊ အထက (၃) သတ္တမတန်း (B) မှ မရွှန်းမြင့်မြတ်သူအား မရွှန်းလဲ့ကြည်ဖြူဟု ပြောင်းလဲခေါ်ပါရန်။

**မရွှန်းလဲ့ကြည်ဖြူ**

# ဖခင်အမည်မှန်

အရာတော်မြို့နယ်၊ ရသစ်ကျေးရွာ အထက (ခွဲ) တက္ကသိုလ်ဝင်တန်းမှ နန်းစန်းစန်းလင်း ၏ ဖခင်အမည်မှန်မှာ စိုင်းထွန်းထွန်းဝင်း ၁၃/ကမန(နိုင်)၀၂၆၆၇၁ဖြစ်ပါကြောင်း။

**စိုင်းထွန်းထွန်းဝင်း**

# ကံမြင့် ကံဆင့် ကံပွင့် စေဖို့ ကန်တော်မင်္ဂလာ ပြုပြင်စို့

လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ၏ တောင်ဘက်မုခ် အနီးတွင်တည်ရှိသော မင်းဓမ္မကန်တော်မင်္ဂလာကြီး ကို ကန်ပတ်လမ်းများမြှင့်၍ ပြုပြင်ခြင်း၊ ကန်ပတ်လမ်းတစ်လျှောက် စတီးလက်ရမ်းများတပ်ဆင်ခြင်း၊ ကန်ဘောင်များကို ကွန်ကရစ်အချောကိုင်ခြင်း၊ ကန်ဘောင်တစ်လျှောက် ချိန်းလိပ်သံဇကာ ကာရံခြင်း၊ ကန်အတွင်း ငါးများ ထပ်မံထည့်ခြင်းတို့ကို ဂေါပကအဖွဲ့မှ ဆောင်ရွက်လျက်ရှိပါသည်။

ကန်ပြင်ခြင်းအတွက် ကုသိုလ်ထူးများရရှိနိုင်သဖြင့်

ကံမြင့် ကံဆင့် ကံပွင့်စေရန် လှူဒါန်းလိုသူများ၊ ယခင်လှူဒါန်းခဲ့သော အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ♦ ဖုန်း - ၆၄၄၈၆၀၊ ၆၄၄၈၅၈၊ ၆၄၄၈၅၇ သို့ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**(ဂေါပကအဖွဲ့)**

## မဟာစည်သြဝါဒခံ
## သာသနာ့ဗိမာန်ရိပ်သာ(ယိုးဒယားကျောင်း)
## မဟာသုခိတာလမ်း၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်
# ဖိတ်ကြားလွှာ
## ဝါတွင်းအထူး(၁၀)ရက်တရားစခန်း

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းကာလ မဟာသတိပဋ္ဌာန် ဝိပဿနာဉာဏ်ပေးလှူပွဲ အထူး(၁၀)ရက်တရားစခန်းကို ၁၃၇၈ခုနှစ် တော်သလင်းလဆန်း၈ရက်မှ တော်သလင်းလပြည့်ကျော် ၂ရက် (၉-၉-၂၀၁၆ရက်မှ ၁၈-၉-၂၀၁၆ရက်)ထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်မည့်ယောဂီများသည် ၈-၉-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၄း၀၀နာရီအရောက် ကြွရောက်ကြရမည်ဖြစ်ပါသည်။ ယောဂီစာရင်းများကို ယနေ့မှစ၍ ပေးသွင်းနိုင်ပြီဖြစ်ပါသည်။ ယောဂီများအား မဟာစည်နည်းအတိုင်း ပြသမည်ဖြစ်ပြီးယောဂီများ "စိတ်အေးချမ်းသာစွာ" တရားအားထုတ်နိုင်ရန် စီစဉ်ထားပါသည်။

**သာသနာနုဂ္ဂဟအဖွဲ့**
**ဖုန်း-၆၄၁၃၂၄၊ ၀၉-၄၅၀၀၀၄၈၄၀**

# ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ငါးဘတ်ချောင်ကျေးရွာ အထက(၂) တက္ကသိုလ်ဝင်တန်းမှ မောင်ဟိန်းသက်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း ၁၀/ဘလန(နိုင်)၀၈၈၃၂၉ ဖြစ်ပါကြောင်း။

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/8163 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

## ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၁)(သီဟတပ်ခွဲ)၏
## (၃၅)နှစ်မြောက် ကျောက်စိမ်းရတုနှစ်ပတ်လည်နေ့ဖိတ်ကြားလွှာ

OTS (61)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ၏ (၃၅)နှစ်မြောက် ကျောက်စိမ်းရတု ကျောင်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနားအား အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မိသားစုနှင့်အတူ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**ကျောက်စိမ်းရတုဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်း**
**ရက်စွဲ၊ အချိန်** - ၁၀-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၀၆း၀၀နာရီ
**နေရာ** - ငွေသော်တာကွင်း၊ မြို့တော်စည်ပင်ဂေါက်ကွင်း၊ ရန်ကုန်

**ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆရာကန်တော့ပွဲကျင်းပခြင်း**
**ရက်စွဲ၊ အချိန်** - ၁၁-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၀၉း၀၀နာရီ
**နေရာ** - ရွှေဟင်္သာစံကျောင်း၊ အမှတ် (၁၉-က)၊ သုခဝတီလမ်း၊ (ယခင်-စူနီရန်ပတ်) ရန်ကင်းမြို့နယ်

**မိတ်ဆုံညစာစားပွဲကျင်းပခြင်း**
**ရက်စွဲ၊ အချိန်** - ၁၁-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၆း၃၀နာရီ
**နေရာ** - ရွှေလိပ်ပြာဟိုတယ် (ရေခဲစက်မှတ်တိုင်အနီး)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်
**ဆက်သွယ်ရန်** - **ညီဖြူလှ ဖုန်း-၀၉-၅၀၇၀၆၁၄၊ ရွှေခိုင် ဖုန်း-၀၉-၂၅၀၁၄၄၂၅၊ တင်အေး ဖုန်း-၀၉-၅၀၁၀၅၃၃၊ လှမြင့် ဖုန်း-၀၉-၅၅၀၁၁၀၀၊ မျိုးခိုင် ဖုန်း-၀၉-၇၃၂၀၃၃၀၃၊ မြင့်သိန်း ဖုန်း-၀၉-၇၉၅၇၀၂၄၇၄**

## ယခင်(ဦးတေဇကျောင်းအပါအဝင်)(အလက)(အလက-၁)၊
## ယခု(အထက-၂)မင်းဘူးမြို့၊ ကျောင်းသား ကျောင်းသူဟောင်းများ၏
# ဒုတိယအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

ယခင်(ဦးတေဇကျောင်းအပါအဝင်)(အလက)(အလက-၁)၊ ယခု(အထက-၂)မင်းဘူးမြို့၊ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၀၀နာရီတွင် (အထက-၂)မင်းဘူးမြို့ ကျောင်းဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ကြောင်း ၁၉၅၇ခုနှစ်မှ ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁၇ရက်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့်ပြီးသည့် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများ (မည်သည့်နှစ်မဆို)ပါဝင်ကန်တော့နိုင်ပါရန်နှင့် အလှူငွေလှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များထံသို့လည်းကောင်း မြန်မာ့စီးပွားရေးဘဏ်၊ မင်းဘူးမြို့ရှိ Account No.SF-001134 သို့လည်းကောင်း အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၁။ ဦးကျော်ဝင်းလွင် | ဖုန်း-၀၉-၄၀၁၅၄၂၀၀ | ၆။ ဦးလှိုင်မင်းထွန်း | ဖုန်း-၀၉-၇၉၆၉၀၂၁၃၇ |
| ၂။ ဦးသိန်းဟန် | ဖုန်း-၀၉-၂၅၆၆၂၇၂၅၇ | ၇။ ဒေါ်မိမိတင် | ဖုန်း-၀၉-၄၂၈၃၃၅၈၈၉ |
| ၃။ ဦးထူးမြတ်ကျော် | ဖုန်း-၀၉-၂၅၆၂၃၂၂၃ | ၈။ ဒေါ်ခင်စန္ဒာကို | ဖုန်း-၀၉-၄၀၁၅၅၃၄၀ |
| ၄။ ဦးပိုင်စိုးသူ | ဖုန်း-၀၉-၄၀၁၅၄၇၁၃၄ | ၉။ ဒေါ်မိုးဇွေ | ဖုန်း-၀၉-၄၀၁၆၈၀၀၇၃ |
| ၅။ ဦးလှတိုး | ဖုန်း-၀၉-၄၀၁၆၁၉၆၇၀ | ၁၀။ ဒေါ်ဖြူဖြူအောင် | ဖုန်း-၀၉-၄၅၀၀၃၃၂၁၅ |

## အထက(၁)၊ မြောက်ဥက္ကလာပမြို့နယ် ကျောင်းသားကျောင်းသူဟောင်းများ၏
## ငွေရတု အာစရိယပူဇော်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက်
# အစည်းအဝေးဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အထက(၁)ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲကို အစဉ်အလာမပျက် ကျင်းပမည်ဖြစ်ပြီး အဆိုပါ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးများကို ၄-၉-၂၀၁၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၀၀ နာရီမှစတင်၍ အပတ်စဉ်(တနင်္ဂနွေနေ့)တိုင်းတွင် ကျောင်းမြတ်ခရေခန်းမ တိုးချဲ့ဆောင်တွင် ပုံမှန်ကျင်းပမည်ဖြစ်ပါ၍ အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်**
**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တတိယအကြိမ်)

ကက်သုတ်ကြေးနီ (၂၀၃.၄၃၇) မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

**ကြမ်းခင်းဈေး** - တင်ဒါဖွင့်သည့်ရက်မတိုင်မီ တစ်ရက်အလိုနေ့ရှိ London Metal Exchange ဈေးနှုန်းပါကက်သုတ် ကြေးနီ တစ်တန်၏ဈေးနှုန်းထက် မနိမ့်သောဈေး

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၃-၉-၂၀၁၆ ရက် ၁၆:၃၀ နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၇၈ နှင့် ၀၆၇-၄၀၉၀၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**တင်ဒါအမှတ်-2T(C/RB)PROCUREMENT/REINFORCED STEEL BAR/2016-2017)**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သောသံချောင်းလုံး (Reinforced Steel Bar)အရွယ်စုံ မက်ထရစ်တန်(၅၀၀၀)ကို ပစ္စည်းသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးရုံး၊ ရန်ကုန်မြို့ရှိ တံတားလေးသိုလှောင်ဝင်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၉-၂၀၁၆ ရက် (ရုံးချိန်အတွင်း)

၃။ **သံချောင်းလုံးနမူနာ နောက်ဆုံးပေးပို့ရမည့်ရက်** - ၉-၉-၂၀၁၆ ရက်၊ ၁၆:၀၀ နာရီ

၄။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်**- ၉-၉-၂၀၁၆ ရက်၊ ၁၆:၀၀ နာရီ

၅။ **တင်ဒါဖွင့်မည့်ရက်** - ၂၀-၉-၂၀၁၆ ရက်၊ ၁၀:၀၀ နာရီ

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၉-၈၆၃၄၅၃၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ စစ်ကိုင်းခရိုင်၊ တပ်ရှာလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ထိန်းသိမ်းရေးလုပ်ငန်းများတွင် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | စဉ် | ပစ္စည်းအမျိုးအမည် |
|---|---|---|---|
| (က) | အုတ် (ပထမတန်းစား) | (ဃ) | ဘိလပ်မြေ |
| (ခ) | ခွဲကျောက် | (င) | ဒီဇယ်ဆီ |
| (ဂ) | သဲ | (စ) | ရေတံခါးရွက် |

**တင်ဒါလျှောက်လွှာပိတ်ရက်** ၃၀-၉-၂၀၁၆ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** ညနေ ၅:၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး (မုံရွာမြို့)တွင် ၁-၉-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၁-၂၃၆၂၄၊ ၀၇၁-၂၆၅၂၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အဆိုပြုတင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၃၉) အဆင့်မြင့်အိမ်ရာစီမံကိန်းရှိ ဌာနပိုင် လူနေတိုက်ခန်း(၂၃)ခန်းကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် မျက်မြင်အခြေအနေအတိုင်း ပွင့်လင်းမြင်သာစွာ ရောင်းချမည်ဖြစ်ပါ၍ တင်ဒါအဆိုပြုလွှာများ လျှောက်ထားပေးသွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

(၁) **တင်ဒါပုံစံနှင့် စည်းကမ်းချက်များ စတင်ထုတ်ယူနိုင်သည့်ရက်** - ၁၉-၈-၂၀၁၆ရက် (သောကြာနေ့)

(၂) **တင်ဒါပိတ်မည့်ရက်** - ၈-၉-၂၀၁၆ ရက် (ကြာသပတေးနေ့)

(၃) **တင်ဒါတင်သွင်းမည့်နေရာ** - (က) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၄၀)၊ နေပြည်တော်
(ခ) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး (ရန်ကုန်) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်

**တင်ဒါရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ ဖုန်း-၀၆၇-၄၀၇၇၀၁၊ ၀၁-၂၄၅၆၈၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (ဒုတိယအကြိမ်)

ကက်သုတ်ကြေးနီ (၄၀၀±) မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

**ကြမ်းခင်းဈေး** - တင်ဒါဖွင့်သည့်ရက်မတိုင်မီ တစ်ရက်အလိုနေ့ရှိ London Metal Exchange ဈေးနှုန်းပါကက်သုတ် ကြေးနီ တစ်တန်၏ဈေးနှုန်းထက် မနိမ့်သောဈေး

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၃-၉-၂၀၁၆ ရက် ၁၆:၃၀ နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၇၈ နှင့် ၀၆၇-၄၀၉၀၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်လိုအပ်သည့် လုပ်ငန်းသုံးမော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ယာဉ်အမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | Toyota Dyna/ Mitsubishi Center Garbage Truck (2006-2016 Model -Diesel) ဝန်တင်အား (၂)တန် | (၁၀)စီး |
| (ခ) | Dongfeng Dump Truck (Brand New) (2015-2016 Model-Diesel) ဝန်တင်အား (၄)တန် | (၁၅)စီး |

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂-၉-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၂-၉-၂၀၁၆ ရက်
**တင်ဒါပေးသွင်းမည့်နေရာ** - စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ရုံနှင့်မော်တော်ယာဉ်ဌာန**- ဖုန်း-၀၆၇-၄၃၂၀၈၁၊ ၄၃၂၀၈၃

**မော်တော်ယာဉ်များဝယ်ယူရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

(ဘ) ဦးကိုကိုဦး ၉/ပမန(နိုင်)၁၉၅၂၈၇၏သား မကွေးမြို့၊ အထက(၄)၊ စတုတ္ထတန်း(A)မှ မောင်သော်ဇင်ကိုကိုအား မောင်သန့်ဇင်ဦးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သန့်ဇင်ဦး**

## အမည်မှန်

အုတ်တွင်းမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ နော်ဟဲလယ်ထူး၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ နော်မိုးပွင့်ဖြူ ဖြစ်ပါကြောင်း။
**နော်မိုးပွင့်ဖြူ ၇/အတန(နိုင်)၁၂၈၅၂၈**

## မွေးသက္ကရာဇ်အမှန်

ဦးကျင်ဒိုထန်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်းမှ မောင်ဇမ်းခင်းမန်၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၆-၂၀၀၂ ဖြစ်ပါကြောင်း။

## အမည်မှန်နှင့်ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၃)တက္ကသိုလ်ဝင်တန်းမှ မဖလိုမီနာနွှမ်ဒိုက်ဒွန်၏ အမည်မှန်မှာ မနွှမ်ဒိုက်နွှန် ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးပေါင်ခန်ဒါလ် ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

လယ်ဝေးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(G)မှ မောင်အုပ်စိုးခန့် ၏ မိခင်အမည်မှန်မှာ ဒေါ်စန်းမြင့် ၉/လဝန(နိုင်)၀၅၈၅၉၀ ဖြစ်ပါကြောင်း။ **ဒေါ်စန်းမြင့်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအုံ့ကျော် ၉/ညဥန(နိုင်)၁၂၈၉၆၈၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၄၀၂၅၃၄၀၆၂**

---

ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ
အမှတ်-၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ရန်ကုန်မြို့။

ရက်စွဲ ။ ၂၀၁၆ ခုနှစ်၊ ဩဂုတ် လ ( ၁ ) ရက်

### ကြေညာချက်

၁။ ၂၀၁၅ ခုနှစ်၊အောက်တိုဘာလ တွင် ဖွင့်လှစ်သော (၃၂၁) ကြိမ်မြောက် ၂၀ဝိ/-တန်အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ရရှိသည့် အောက်ပါဆုလက်မှတ်ပေါင်း( ၃၅၇၈)ဆုကို ယနေ့တိုင် တောင်းခံခြင်း မရှိသေးပါ။

၂။ ဖော်ပြပါ ဆုရလက်မှတ်များကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ လ (၃၀) ရက်နေ့အထိ ရန်ကုန်မြို့ နှင့် မန္တလေးမြို့တို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများသို့ တင်ပြ၍ ဆုငွေများကို တောင်းခံနိုင်ပါသည်။

၃။ ကျပ် ၁၀၀၀၀၀၀ဝိ/-အထက်ဆုငွေများကို ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ တွင်သာထုတ်ပေးပါမည်။ ကျန်ဆုငွေများကို အထက်ပါရုံးများအပြင် နယ်ရှိမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ တွင်လည်း ထုတ်ယူနိုင်ပါသည်။ မည်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် ထုတ်ယူလိုကြောင်းသက်ဆိုင်ရာ မြို့နယ်အခွန် ဦးစီးရုံး၏ စစ်ဆေးစိစစ်ချက်၊ထောက်ခံချက်များနှင့်အတူ အထက်ပါ နေ့မတိုင်မီအကြောင်းကြား တောင်းခံနိုင်ပါသည်။

၄။ ကျပ် ၅၀၀၀ဝိ/- အပါအဝင် ဆုမဲစာရင်းများကို ပြည်နယ်(သို့မဟုတ်)တိုင်းဒေသကြီး ပြည်တွင်းအခွန်ဦးစီးဌာနရုံးများ၊ ပြည်နယ်(သို့မဟုတ်)တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးများ၊ မြို့နယ်အခွန် ဦးစီးဌာနမှူးရုံးများ၊မြို့နယ်စည်ပင်သာယာရေး ကော်မတီရုံးများ အသီးသီးရှိ ကြော်ငြာသင်ပုန်းများနှင့် www.irdmyanmar.gov.mm တွင် ကြေညာထားသည်။

၅။ အထက်ပါနေ့ကျော်လွန်ပြီးနောက် တောင်းခံလာသော ဆုရလက်မှတ်များကို စဉ်းစားမည်မဟုတ်ဘဲ ပြည်သူ့ဘဏ္ဍာငွေ အဖြစ်သိမ်းသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

### (၃၂၁)ကြိမ်ဘဏ္ဍာသိမ်း

**ကျပ်(၁၀၀၀၀၀၀၀၀ဝိ/-)ဆု**

ဃ-၉၄၁၈၃၃

**ကျပ်(၁၀၀၀၀၀၀၀ဝိ/-)ဆုများ**

ဂ-၇၉၉၉၄၁ ထ-၆၄၉၄၀၇ ရ-၁၄၆၆၈၉

**ကျပ်(၅၀၀၀၀၀၀ဝိ/-)ဆုများ**

ဂ-၇၄၇၆၆၉ ယ-၂၉၈၁၉၅ ရ-၄၂၈၂၁၆ ကဃ-၃၅၈၀၈၆

**ကျပ်(၂၅၀၀၀၀ဝိ/-)ဆု**

ဠ-၁၄၆၃၄၂ န-၁၉၈၉၄၀ ပ-၁၀၀၆၄၄ ယ-၉၆၁၂၇၇

**ကျပ်(၁၀၀၀၀၀ဝိ/-)ဆုများ**

ဠ-၈၈၈၇၈၀ ဗ-၅၇၃၅၈၄ ဏ-၁၃၈၃၆၅ ဖ-၂၀၁၁၀၂ ဗ-၁၅၈၅၄၂ ဟ-၁၈၇၅၁၅
ကဃ-၆၂၁၂၆၀

**ကျပ်(၅၀၀၀၀ဝိ/-)ဆုများ**

ခ-၆၅၂၀၅ င-၂၆၂၁၄၀ ည-၂၅၁၅၀၃ ဠ-၉၃၉၇၆၇ ဍ-၆၈၄၁၀၆ သ-၆၁၀၄၆၂
သ-၆၅၃၉၇၀ ဟ-၂၂၆၅၂၀ ကခ-၇၁၁၈၈၉


MPT
ရွှေသို့လှမ်းချီမြန်မာပြည်
MPT မှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ
( ၂၁ ရာစုပင်လုံ ) အား
ဝက်ပြုကြိုဆိုထောက်ခံအပ်ပါသည်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမနေ့ အစည်းအဝေးစတင်ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမနေ့ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC-2) တွင် စတင်ကျင်းပရာ သဘာပတိ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက UPDJC ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများအား အစီရင်ခံစာတင်သွင်းရာ “ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)ဆိုတာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)မှာပါရှိတဲ့ နိုင်ငံရေးလမ်းပြမြေပုံအတိုင်း နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ကြီးကြပ်လမ်းညွှန်ဖို့ တာဝန်ပေးအပ်ခြင်းခံရတဲ့ ကော်မတီတစ်ရပ်ဖြစ်ပါတယ်။ ကော်မတီကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ် ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအစုအဖွဲ့ကိုယ်စားလှယ် ၁၆ ဦး၊ နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ် ၁၆ ဦး စုစုပေါင်း ၄၈ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ သတ္တမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးမှာ ဆုံးဖြတ်ချက် ၁၉ ခုကို ချမှတ်နိုင်ခဲ့ပါတယ်။

“ဆုံးဖြတ်ချက်(၁)မှာ **“ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ”** နဲ့ သက်ဆိုင်နေပြီး **အားလုံးပါဝင်၍ အားလုံးပိုင်ဆိုင်သော ငြိမ်းချမ်းရေးဖြစ်စဉ် စတင်နိုင်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်**တို့ ဖြစ်ပါတယ်။ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ခုကတော့ ညီလာခံပြီးပြီးချင်းဆောင်ရွက်ရမယ့် နိုင်ငံရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်ပါ။

*စာမျက်နှာ ၈ ကော်လံ ၁* ✻



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမနေ့အစည်းအဝေး ကျင်းပစဉ် (သတင်းစဉ်)

# ကျင့်ဝတ်မလိုက်နာသော အင်ဂျင်နီယာများအား ထိရောက်စွာအရေးယူမည်

**သတင်း - မြင့်မောင်စိုး၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဩဂုတ် ၃၁**

အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် လက်မှတ်ရေးထိုး၍ လိုင်စင်ကြေးသာယူပြီး ကိုယ်တိုင်ကြီးကြပ်ခြင်းမရှိသော အင်ဂျင်နီယာများအား ကျင့်ဝတ် ဖောက်ဖျက်မှုဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က ယနေ့ ညနေပိုင်းတွင် ကန်တော်ကြီးပတ်လမ်းရှိ ဒေါ်(လ်)ဖင် စားသောက်ဆိုင်၌ ကျင်းပသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လိုင်စင်ရအဆောက်အအုံ ကန်ထရိုက်တာများအသင်း ဖွဲ့စည်းရေး အစည်းအဝေးတွင် ပြောကြားသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအနေဖြင့် လိုင်စင်ရအင်ဂျင်နီယာ သုံးမျိုးသုံးစား သတ်မှတ်ထုတ်ပြန်လိုက်ပြီဖြစ်ကြောင်း၊ ယင်းတို့မှာ မှတ်ပုံတင်အင်ဂျင်နီယာ၊ အကြီးတန်းမှတ်ပုံတင်အင်ဂျင်နီယာနှင့် အင်ဂျင်နီယာပညာရှင်ဟူ၍ ဖြစ်ကြောင်း၊ မှတ်ပုံတင်အင်ဂျင်နီယာများသည် မည်သည့်အဆောက်အအုံကိုမျှ ဦးဆောင်အင်ဂျင်နီယာအဖြစ် ဆောက်လုပ်ခြင်းမရှိကြောင်း၊ လက်ထောက်အနေဖြင့်သာ ဆောင်ရွက်ခွင့်ရှိကြောင်း၊ အကြီးတန်းမှတ်ပုံတင် အင်ဂျင်နီယာတစ်ဦးအနေဖြင့် ရှစ်ထပ်လူနေအဆောက်အအုံကိုသာ တာဝန်ယူ၍ ဆောက်လုပ်ခွင့်ရှိကြောင်း၊ နှစ်ထပ်ကျောင်း၊ ဈေးနှင့် တစ်ထပ်အားကစားရုံများကို တာဝန်ခံအင်ဂျင်နီယာအဖြစ် ဆောက်လုပ်ခွင့်မရှိကြောင်း၊ ယင်းတို့အနက် အင်ဂျင်နီယာပညာရှင်အဆင့်မှသာ အဆောက်အအုံအားလုံးကို တာဝန်ယူတည်ဆောက်ခွင့်ရှိကြောင်း သိရသည်။



ဆောက်လုပ်ရေး လုပ်ငန်းရှင်များ၊ ကန်ထရိုက်တာများအနေဖြင့် မိမိတို့ တာဝန်ယူဆောက်လုပ်သော အဆောက်အအုံများကို သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသော မှတ်ပုံတင်အင်ဂျင်နီယာများဖြင့်သာ ဆောက်လုပ်သင့်ကြောင်း၊ အင်ဂျင်နီယာမပါဘဲ ဆောက်လုပ်သော အဆောက်အအုံများ များပြားလာ၍ အရည်အသွေးမှာလည်း ကျဆင်းလာကြောင်း၊ ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ထုတ်ပေးထားသော လိုင်စင်ရအင်ဂျင်နီယာအရေအတွက်မှာ ၁၂၀၀ ခန့်သာ ရှိကြောင်း သိရသည်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအစည်းအဝေးများ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ အစည်းအဝေးကို စက်တင်ဘာ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်နေ့တို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား News Channel နှင့် Digital Channel တို့မှ ယင်းနေ့ နံနက် ၈ နာရီ မိနစ် ၅၀မှ စတင်ကာ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကိုယ်ဝန်ဆောင်များ ဇီကာပိုင်းရပ်စ်ပိုး စစ်ဆေးမှုခံယူရန် စင်ကာပူအစိုးရတိုက်တွန်း

*စာမျက်နှာ - ၁၀*

